အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ဒါဆိုရင်လည်း
ပြီးရော



www.burmeseclassic.com

DESIGN THEIN SHWE KYI

# ချစ်မျှားရှင်

**ဒါဆိုရင်လည်း ပြီးရော**

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဖိုးလပြည့်စာပေ**

အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764 -095162031

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၄၇၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၈၉၁၀၁၁

ထုတ်ဝေသူ ♠ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♠ ဦးကျင်ရင်
ရွှေခြသေ့်ပုံနှိပ်တိုက်၊
၂၂၅၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ပုံနှိပ်ခြင်း ♠ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဇန်နဝါရီလ။

အုပ်ရေ ♠ ၅၀၀ အုပ်

တန်ဖိုး ♠ ၁၀၀ ကျပ်

ဖြန့်ချိရေး ♠ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၃-လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764, 095162031

၈၉၅.၈၃

ချစ်မျှားရှင်
ဒါဆိုရင်လည်း ပြီးရော / ချစ်မျှားရှင်။ - ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၀၉။
(၁၆၀) စာ၊ ၁၃ စင်တီမီတာ x ၂၀.၇ စင်တီမီတာ
(၁) ဒါဆိုရင်လည်း ပြီးရော


## အခန်း(၁)

အရုဏ်တက်စ နံနက်ခင်းအချိန်ကို ငှက်ငယ်လေးများက စိုးစီစိုးစီ တေးသံသာပေါင်းစုံဖြင့် စတင်သီကျူး ဖွင့်လှစ်နေကြသည်။ ရပ်ကွက်ထဲမှ အိမ်အချို့ စတင်အသက်ဝင်လာကြသည်။ လူအချို့ကတော့ တစ်နေ့တာလုပ်ရှားမှု စတင်ရန် လမ်းပေါ်သို့ ထွက်လှမ်းလာကြသည်။

ဇော်ရဲပိုင် သူ့အစ်မ မေသက်ပိုင်အိမ်သို့ မနက်ငါးနာရီလောက်ကတည်းက ရောက်နေသည်။ မမယောက္ခထီးကြီး ရက်လည်ဆွမ်းသွပ်တွင် ကူညီလုပ်ကိုင်ပေးရန် ရောက်ခဲ့ခြင်းလည်း ဖြစ်၏။

ထိုလူ့အသက် ငါးဆယ့်ကိုးနှစ်သာ ရှိသေးသော်လည်း တမလွန်သို့ ရွက်လွှင့်သွားခဲ့ပြီ။ ဘုန်းကြီးများ တရားချီးမြှင့်နေချိန်မို့ အိမ်ပေါ်အသာတက်ပြီး ပရိသတ်နှစ်ဆယ်လောက်နောက်တွင် ဝင်ထိုင်နေလိုက်၏။

သံဃာတော်များ ပြန်ကြွဖို့ ထနေကြချိန်တွင် သပိတ်နှင့်ဆွမ်းချိုင့်ပို့မည့်သူက မရှိ။ အစ်မ မေသက်ပိုင် ဟိုဟိုသည်သည် ကြည့်၏။ အစ်မနှင့် သူ မျက်လုံးချင်းဆုံလိုက်သည်။ သူ ကံဆိုးပြီဟု ဇော်ရဲပိုင် သိသွား၏။

'ဟယ်… မောင်လေး ရောက်နေပြီ၊ အတော်ပဲ ကျောင်းကို သပိတ်နဲ့ ဆွမ်းချိုင့် လိုက်ပို့လိုက်ပါကွယ်'

ဖိုးလပြည့်စာပေ www.burmeseclassic.com

'ဗျာ… အဲ… ဟုတ်… ဟုတ်ကဲ့'

ရှိသည့် ပရိသတ်က သက်ကြီးပိုင်းနှင့် အမျိုးသမီးတွေချည်း ဆိုတော့ ဇော်ရဲပိုင် ကံဆိုးသူ ဖြစ်ပြီပေါ့။ ဟုတ်ကဲ့ဟု ပြောပြီး ထ ရပ်လိုက်သည်နှင့် သူ့လက်ထဲ သပိတ်ရောက်လာသည်။ သပိတ်ကော ချိုင့်ပါဆိုတော့ လက်နှစ်ဖက်လုံး မအားတော့။ ခြံပေါက်ဝရောက်နေပြီ ဖြစ်သည့် သံဃာတော်ငါးပါးနောက် အပြေးလိုက်ရ၏။

အပြင်မှာ ရောင်နီပျို့ရုံမက လင်းလင်းချင်းချင်း ဖြစ်နေပြီ။ မဆီမဆိုင်ကောက်ကာ ငါကာ ဘုန်းကြီးကျောင်းသား ဖြစ်ရသည်မို့ ဇော်ရဲပိုင် ရှက်နေ၏။ လူသွားလူလာ မများသေးသော်လည်း ရှက် တက်တက်နှင့် ခေါင်းကြီးငုံ့ပြီး ငိုက်စိုက်ငိုက်စိုက်နှင့် လိုက်သွား၏။

စိတ်မှန်းနှင့် ဆယ်မိနစ်လောက်လျှောက်ပြီးမှ ဘုန်းကြီး ကျောင်းသို့ ရောက်သည်။ ကျောင်းပေါ်တက် သပိတ်နှင့်ဆွမ်းချိုင့်လေး အသာချပြီးသည်နှင့် တွေ့ရာသံဃာကို ပုဆိန်ပေါက်ရှိခိုးကာ…

'တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား'

'အိမ်း… အိမ်း'

နောက်ဆုံး အိမ်းအသံ မပျောက်မီပင် ဇော်ရဲပိုင် ကျောင်း အောက်သို့ ရောက်နေခဲ့ပြီ။ ကျောင်းဝင်းအပြင်ရောက်မှပဲ စိတ်လက်ပေါ့ ပါးသွား၏။ ပြန်လမ်းကို တာစူတော့မှ ဒုက္ခအကြီးအကျယ်တွေ့တော့ သည်။ လာတုန်းက ရှက်ရှက်နှင့် ဘေးဘီမကြည့်ဘဲ ခေါင်းငုံ့လျှောက် လာခဲ့သည့် အကျိုးက လမ်းကို မမှတ်မိတော့။

နှစ်ခါလောက် ကွေ့မိသလား၊ ပြန်တွေးတော့လည်း မသေ ချာ။ မထူးတော့ပါဘူးဟု ဆုံးဖြတ်ပြီး တွေ့သည့်လမ်းထဲ စွတ်ရွတ်ဝင် သွားလိုက်၏။ သူများရပ်ကွက်မို့ တွေ့သမျှက အမြင်စိမ်းနေသည်။ မှတ်မိသည့် အိမ်တစ်လုံးတစ်လေမျှပင် မတွေ့မိ။

လျှောက်ရင်း လျှောက်ရင်းနှင့် မဟုတ်တော့ဘူးဆိုတာ သိလာ





သည်။ နာရီကြည့်တော့ ခြောက်နာရီခွဲလုပြီ။ ဒါဆို ကျောင်းမှထွက်လာ တာ ဆယ့်ငါးမိနစ်ရှိသွားပြီ။ လမ်းမှားတာ သေချာသွား၏။

ဆွမ်းသွပ်အိမ်ကို မေးစမ်းပြီး သွားမည်ဟု ဆုံးဖြတ်တော့ လည်း သေသူ၏ နာမည်ကို မေ့နေပြန်သည်။

'ဟား… ကျွိုင်ပဲကွာ၊ ပြဿဒါး ဝက်(ဘ်)ဆိုက်ထဲ ဝင်မိသ လား မသိဘူး'

သတိရလိုရငြား နာမည်တွေ လျှောက်ရွတ်ကြည့်သည်။ ဦး အောင်ဝင်း၊ ဦးအောင်စန်း၊ ဦးပြည်စိုး၊ ဦးကြည်စိုး ဟား မဟုတ်သေးပါ ဘူး၊ ဘယ်သူပါလိမ့်။ ခေါင်းကုတ်စိတ်ရှုပ်စွာနှင့် ဇော်ရဲပိုင် ညည်းညူ လိုက်သည်။ ပြီးတော့ ဝန်းကျင်ကို လေ့လာမိ၏။

အိမ်ဆိုင်တစ်ဆိုင်အနီး သူရပ်နေတာ သတိပြုမိသည်။ ထိုဆိုင် ကိုပဲ ဝင်စုံစမ်းရန် ကြံလိုက်၏။ သူဝင်ကာနီး ဆိုင်ထဲက ဦးလေးကြီး တစ်ယောက် ထွက်လာသည်။

'မြမြရေ… ကျုပ် ရက်လည်ဆွမ်းသွပ် သွားလိုက်ဦးမယ်၊ ရှေ့မှာ ဘယ်သူမှ မရှိဘူးနော်'

ထို ဦးလေးကြီးစကားကြားရတာ ရွှေဆွဲကြိုးကောက်ရသလို ဝမ်းသာသွား၏။ ထိုလူကြီး သွားရာနောက် တကောက်ကောက်လိုက် လျှင် အသုဘအိမ်ရောက်မည် မဟုတ်လား။ စိတ်အေးလက်အေး ဖြစ်သွားသည့် ဇော်ရဲပိုင်မှာ ဦးလေးကြီးနှင့် ခြေလှမ်းငါးလှမ်းခြားပြီး လိုက်သွား၏။ ဓာတ်တိုင်နှစ်တိုင်စာလောက် လျှောက်မိသောအခါ ဦးလေးကြီးနှင့် အဒေါ်ကြီးတစ်ယောက် မျက်နှာချင်းဆိုင် ဆုံ၏။

'ဟော… စောစောစီးစီး ဒါက ဘယ်တုန်း'

'ဩော်… ကိုဘမောင် ဟိုဒင်းလေ ကိုပြည့်စုံကြီး ရက်လည် သွားမလို့'

'ဟင်… ကိုပြည့်စုံလည်း ဒီနေ့လား၊ အင်း… ကျုပ်လည်း


www.burmeseclassic.com

တူမယောက်ျား ရက်လည်ကို သွားမလို့ အပြန်မှပဲ လှည့်ဝင်လိုက်တော့မယ်ဗျာ'

'ဝင်ခဲ့ ကျွန်မ ရှိနေမယ်'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ဟောဗျာ… ဒါဆို ဦးလေးကြီးသွားမှာက သူသွားရမည့်နာရေးမဟုတ်ဘူးပေါ့။ အဒေါ်ကြီးပြောမှပဲ အစ်မယောက္ခမရဲ့ နာမည်ဦးပြည့်စုံဆိုတာ သတိရသွားတယ်။ ဒီတော့ ဦးလေးကြီးကို ပစ်ထားခဲ့ပြီး အဒေါ်ကြီးနောက်ကို ပြေးလိုက်ရပြန်တာပေါ့။ ညစ်တယ်ဗျာ၊ ဒီနေ့ကတော့ ပြဿဒါးက နဂါးလှည့်နဲ့ ဘော်ဒါလုပ်ပြီး ပြဿနာတွေကို ကံစမ်းမဲဖောက်ပေးနေပြီ ထင်ပါရဲ့။

ဇော်ရဲပိုင် စောစောက ဦးလေးကြီးကို စွန့်ခွာ၍ အဒေါ်ကြီးနောက် ပြေးလိုက်ခဲ့ရပြန်သည်။ အသက်ငါးဆယ်ဝန်းကျင် မိန်းမတစ်ယောက်နောက် အမောတကော ပြေးလိုက်နေရသည့် သူ့အဖြစ်သူတွေးပြီး ရယ်မိသေး၏။ လမ်းမသိ… အဲ… အဒေါ်ကြီးနောက်လိုက်သွားမှပဲ ဦးပြည့်စုံမရှိတော့သည့် ဦးပြည့်စုံအိမ်သို့ ချောချောမောမောပြန်ရောက်တော့သည်။ အိမ်ဝတွင် အစ်မက ဆီး၍ ဟောက်တာခံရသေး၏။

'ဘယ်တွေ လျှောက်သွားနေတာလဲ မောင်လေးရယ်၊ ဒီမှာကူဖို့ လူမရှိပါဘူးဆိုမှ'

'လမ်းမှားပြီး ရှာလည်နေလို့ မမရဲ့'

'ဖြစ်မှ ဖြစ်ရလေဟယ်၊ ကဲ… ကဲ မုန့်စားလိုက်ဦး ပြီးရင်ဟိုစားပွဲမှာထိုင်ပြီး ကူငွေစာရင်း လက်ခံပေး ကြားလား'

'ဟုတ်ကဲ့ မမ'

စောသေး၍ လူရှင်းနေသဖြင့် နီးရာစားပွဲဝင်ထိုင်ပြီး မုန့်ဟင်းခါးစားလိုက်သည်။ ဟင်းရည်က တော်တော်ကောင်းသဖြင့် အနေတော်သုံးပွဲလောက် ဆွဲပစ်မိ၏။ ခေတ်ကြီးက မကောင်းတော့ လူတွေအား





လုံး ကိုယ့်အတွက်သာ ကိုယ်ကြည့်ပြီး ဝိသမလောဘတွေ တက်နေကြသဖြင့် ဘာကိုပဲဝယ်စားစား မကောင်းမကန်းတွေက များနေပြီ။

အပြင်မှာရောင်းနေကြတဲ့ အကြော်နဲ့ တစ်ပွဲလေးရာတန် မုန့်ဟင်းခါးတွေ ဘယ်လိုမှ အရသာမရှိသဖြင့် ရက်လည်မုန့်ဟင်းခါး၊ အလှူမုန့်ဟင်းခါးကိုသာ မျှော်လင့်စောင့်'စား' နေခဲ့ရတာ ကြာပြီ။

ဇော်ရဲပိုင် စားသောက်ခြင်းကို လက်စသတ်ပြီး အိမ်အဝင်ဝမှကူငွေလက်ခံစားပွဲတွင် ထိုင်လိုက်၏။

ခုနစ်နာရီလောက်တွင် ဧည့်သည်များ တဖွဲဖွဲရောက်လာကြ၏။ အသားကျ ဓလေ့ထုံးစံတစ်ခု ဖြစ်နေ၍ လာသမျှလူတိုင်း အနည်းဆုံး တစ်ထောင်တော့ ကူသွားကြသည်။ ဇော်ရဲပိုင်က လူနာမည်၊ လိပ်စာနှင့် ကူငွေကို စာရင်းသွင်းပြီး စက္ကူဘူးလွတ်တစ်ခုထဲ ပိုက်ဆံများ စီထည့်သည်။

နေမြင့်လာသည်နှင့်အမျှ လူတွေဝင်လာကြသည်မှာ စာရင်းမှတ်ရသူကော ဧည့်ခံရသူများပါ လက်မလည်တော့။ ဝင်လာမစဲ တသဲသဲ ဆိုတာ ဒါမျိုးပင်ဖြစ်မည်။ ကူငွေထည့်ကာ စားသောက်ပြီးပြန်ထွက်လာသူတိုင်းကတော့ မုန့်ဟင်းခါးကောင်းကြောင်း ချီးကျူးသွားကြ၏။ လူအလာများတာကို ကြည့်ပြီး အချိန်တစ်ရာအိုးက လောက်မှလောက်ပါ့မလားဟု ပူမိသေး၏။

ဆင်ခြေဖုံးရပ်ကွက်မို့ တိုက်တန်းလျားဒေသလို သိပ်စိမ်းမနေကြပဲ ခင်ခင်မင်မင်နှင့် သူ့အလှည့် ကိုယ့်အလှည့် လာကြတာပဲဖြစ်မည်။ အများစုက ယောက်ဖလူနာများ ဖြစ်၏။ ယောက်ဖကမြောက်ဥက္ကလာပ ဆေးရုံကြီးမှ ဆရာဝန်၊ အိမ်မှာလည်း ဆေးခန်းဖွင့်ထားသူ ဖြစ်သည်။ မမကလည်း အပြာဝတ်သူနာပြု ဆိုတော့ သူ့မိတ်ကလည်း မနည်းလှ။

အတွေးတွေနှင့် ငေးနေစဉ် ဇော်ရဲပိုင်ရှေ့သို့ တစ်ထောင်တန်သုံးရွက်ကျလာသဖြင့် မော့ကြည့်လိုက်၏။ ဦးပြည့်စုံရောက်ရှိသွားသော

 www.burmeseclassic.com

နတ်ဘုံနတ်နန်းမှ နတ်သမီးတစ်ပါး ရောက်လာသလားဟုပင် ထင်လိုက်မိသည်။

သူပေးသည့် ကူငွေက နတ်ပြည်သုံး ငွေကြေးမဟုတ်ဘဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာတန်းပါ တစ်ထောင်တန်များ ဖြစ်နေ၍ သာ လူသားစစ်စစ် ဖြစ်သည်ဟု ယုံကြည်ရ၏။ စူပါ့··· စူပါ အလန်းဇယားလေးပါလားနော်။

'နာမည်နဲ့ အိမ်လိပ်စာလေး ပေးပါ'

'နန်းမြင့်ဘုံ သုမာလာ (၇)လမ်း၊ အိမ်နံပါတ် (၂၀၃)'

'ဗျာ'

'နန်းမြင့်ဘုံ ပါဆို'

'ဆန်းလိုက်တဲ့ နာမည်ဗျာ၊ ကူငွေသုံးထောင်နော် ကျေးဇူးပါပဲ၊ အိမ်ပေါ်ကြွပါ'

ကောင်မလေးက အရောမဝင်ချင်သလိုဟန်နှင့် မာန်ဝင့်ကာ အိမ်ပေါ်တက်သွား၏။ အေးလေ ဒီလောက်တော့ အလှမာနရှိရှာပေမပေါ့။ ချောချက်က တောထွက်ရဟန်းတောင် နောက်ပြန်လှည့်မယ့် ဒီဇိုင်းနဲ့ မဟုတ်လား။

ဇော်ရဲပိုင်က ကူငွေစာရင်းစာအုပ်မှ နန်းမြင့်ဘုံ ဟူသည့် နာမည်လေးကို ပြန်ဖတ်ကြည့်ရင်း 'သေချာပါတယ် နန်းမြင့်ဘုံက နတ်သမီးပဲ၊ နေတာကိုက သိကြားမင်းရဲ့ စင်ပြိုင်မယားတွေထဲက သုမာလာနတ်သမီးနာမည်နဲ့ လမ်းမှာပဲဟာ' သဘောကျစွာနှင့် အိမ်ပေါ် လှမ်းကြည့်မိ၏။ လူတွေ ရှုပ်ထွေးနေသဖြင့် အရိပ်အယောင်ပင် မတွေ့ရ။

မနက်အစောပိုင်းက ရွာလည်လမ်းပျောက်၍ အကုသိုလ်ဖိစီးမယ့်နေ့ဟု ထင်ထားမိသမျှ နန်းမြင့်ဘုံနှင့် ဆုံဆည်းရသဖြင့် မကောင်းသည့် အငွေ့အသက်အားလုံး လွင့်ပါးပျက်ပြယ်သွားသလို ခံစားနေရသည်။





ရှေ့လုပ်ငန်းစဉ်ကို မှန်းရင်း ဒီကောင်မလေး မမနဲ့ ရင်းနှီးရင် ကောင်းမှာဟု တွေးဖြစ်၏။ ဒါမှ နန်းမြင့်ဘုံအကြောင်း သိရပြီး ရှေ့တိုးလို့ရမည်လေ။ သူများတကာရဲ့ ရက်လည်မှာလာပြီး ကောင်မလေးတစ်ယောက်နှင့် မိတ်ဆက်ခိုင်းရမှာ မကောင်းလှသော်လည်း အခြေအနေပေးလျှင် မမကို ဂျီကျမည်ဟု ဆုံးဖြတ်လိုက်၏။

ထိုအခိုက် E-2000 ကားတစ်စီး ထိုးဆိုက်လာပြီး ထဘီနီ၊ ထဘီပြာ၊ ထဘီစိမ်းနှင့် သူနာပြုဆရာမများ ဆင်းလာကြ၏။ မမပြေးထွက်လာပြီး ကြိုသည်။ ခေါင်းခန်းမှ ပါတိတ်ဝမ်းဆက်နှင့် နှစ်ယောက်ကတော့ ဆရာဝန်မများ ဖြစ်မည်ထင်၏။ အဖွဲ့လိုက်လာသူများမှ ဆရာမတစ်ယောက်က စာအိတ်ညိုကြီးနှင့် တော်တော်များမည်ဟု မှန်းရသည့် ကူငွေတွေ ပေးသွားသည်။

ငွေများနှင့် အတူတွေ့ရသည့် စာရွက်ထဲမှ စာရင်းအတိုင်း စာအုပ်ထဲ ကူးထည့်လိုက်၏။ အားလုံးလေးသောင်းရှစ်ထောင် အတိ၊ အခုချိန်ထိတော့ ဧည့်သည်မစဲသေး၊ နာရီကြည့်တော့ ကိုးနာရီခွဲ၊ ဒီအချိန်ဆို အီတူးနဲ့ ဘော်ဘီ မားကက်တင်း ထွက်လောက်ပြီ။ သူကတော့ တစ်ရက်ခွင့်ယူထားရ၏။

မပင်မပန်းထိုင်နေရသော်လည်း ကြာတော့ ပျင်းလာသည်။ ဧည့်သည်ထပ်ရောက်မလာခင် အိမ်ပေါ်တက်၍ အချိုပွဲစားပွဲမှ ကော်ဖီတစ်ခွက်နှင့် မုန့်စုံတစ်ပန်းကန်ယူသည်။ ထိုအခါမှ မုန့်ပွဲချ နံနံပင် ရေပ်သီးဖြည့်နှင့် လုပ်အားပေးနေသော နတ်သမီးကို တွေ့ရ၏။

အမျိုးသမီးဝတ် တီရှပ်အပြာနုနှင့် ကျိုးကန်းဥရောင် ထဘီစကတ်ဝတ်ဆင်ထားသည့် နတ်သမီးက ကြည်လဲ့၍ အရောင်ထွက်နေသည်။ တင်ပါးဖုံးလုလု ဆံပင်ကို ဖါးလျားချထားသဖြင့် လှုပ်ရှားလိုက်တိုင်း ယိမ်းနွဲ့နေသည့် ဆံနွယ်များကလည်း ခေါင်းလျှော်ရည် ကြော်ငြာထဲကလို လှပနေ၏။

ဖွံ့ထွားသည့် ခန္ဓာကိုယ်အလှကလည်း မြင်မိသမျှ ငနဲသားများ


www.burmeseclassic.com

အသည်းဖျားသွားလောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိနေသည်။ ငနဲသားထဲမှ တစ်ကောင်ဖြစ်သည့် ဇော်ရဲပိုင် အသည်းလည်း ငမ်းဖျားဖျားသွားရပြီ။

ဧည့်သည်ဝင်လာတာ တွေ့လိုက်သဖြင့် သံယောဇဉ်ကို ပါရမီ Taxi လို စောင့်ဆိုင်းခပေး၍ စောင့်ခိုင်းထားပြီး ကူငွေလက်ခံရပြန်သည်။ နတ်သမီးလေး လုပ်အားပေးနေပြီ ဆိုမှတော့ အိမ်သားများနှင့် ရင်းနှီးလို့သာ ဖြစ်မည်။ ဇော်ရဲပိုင် တွေးပြီး ပျော်သွားသည်။ ဇာတ်လမ်းဆက်နိုင်ပြီ ဆိုသည့် အတွေးနှင့် နှလုံးသွေးတွေ နွေးထွေးလာရ၏။ သူ ရတို့ကို လုံးဝသတိမရတော့…။

ဆယ့်တစ်နာရီလောက်မှာ လူရှင်းသွားသည်။ မမတို့ လင်မယားလည်း ခုမှပင် အနားရဟန်နှင့် မုန့်ဟင်းခါး စားနေကြသည်။ မမယောက္ခမကြီးကတော့ အိမ်ရှေ့ခန်းမှာပင် လှဲနေ၏။

'မုန့်စားဦးလေ မောင်လေး'

'ဟုတ်ကဲ့'

'ခဏလေး ဟင်းရည်သွားယူနေတယ် ဇော်ရဲပိုင်'

'ရတယ် အစ်ကို'

'မင်း ဒီနေ့ ခွင့်ယူလာခဲ့ရတာပေါ့'

'ဟုတ်တယ် အစ်ကို၊ ပြဿနာမရှိပါဘူး၊ အလုပ်စဝင်ကတည်းက တစ်ရက်မှ ခွင့်မယူဖူးသေးဘူးလေ'

'ကောင်းတာပေါ့'

ထိုစဉ် သင်းပျံ့သော ဟင်းရည်အနံ့နှင့်အတူ လှပသော နတ်သမီးချိုင့်ဆွဲ၍ ရောက်လာ၏။ မုန့်ဟင်းခါးဖတ်လို အမျှင်တန်းနေသည့် သံယောဇဉ်မျက်ဝန်းများနှင့် ဇော်ရဲပိုင် ကြည့်လိုက်သည်။ နတ်သမီးမျက်လွှာချသွား၏။

'မမပိုင် ဟင်းရည်ပူပူ ရပြီ'

'အေး… ကျေးဇူးပဲ ညီမလေး၊ လာလေ… အတူစားရအောင်'





မမခေါ်၍ နတ်သမီးဝင်ထိုင်၏။ မမက သူနှင့် နတ်သမီးအတွက် မုန့်ပြင်ပြီး ဟင်းရည်ထည့်ပေးသည်။

'ကိုကိုကော ယူဦးမလား'

'အင်း… နည်းနည်းထည့် 'ပိုင်' ဆိုင်ပြင်တစ်ပွဲစာလောက်'

မမက သူ့ယောက်ျားအတွက် ပြင်ဆင်ပေးနေသဖြင့် ဇော်ရဲပိုင် ကိုယ့်အားကိုယ်ကိုးပြီး နံနံပင်၊ ငရုပ်သီးမှုန့်တို့ ထည့်၏။ ဟင်းရည်ဆမ်း၏။

'မုန့်ဟင်းခါး တော်တော်ကောင်းတယ်ကွ'

'ဟုတ်တယ် အစ်ကို၊ ရောင်းတန်းနဲ့ တခြားစီပဲ မနက်ကလည်း သုံးပန်းကန်စားပြီးပြီ၊ ဟင်းရည်နံ့ရတာနဲ့ ထပ်စားချင်လာရော'

ဒေါက်တာသက်ဦးနှင့် စကားပြောတာကို နတ်သမီးမသိမသာ အကဲခတ်နေ၏။ အမျိုးလား မိတ်ဆွေလား ခွဲခြားမရဟန်နှင့်…

'မေမေတို့ရှိရင်လည်း အရမ်းကြိုက်ကြမှာ မေမေက မုန့်ဟင်းခါးကောင်းကောင်းတွေ့ရင် ထမင်းမစားဘူး'

'ဖုန်းဆက်သေးလား ပိုင်'

'ဆက်တယ် ကိုကို၊ နောက်အပတ်လောက်မှ ပြန်ရောက်မယ်တဲ့၊ အခု ထိုင်းကို ရောက်နေပြီ'

'မမပိုင် မိဘတွေလား'

'ဟုတ်တယ်လေ နန်းမြင့်ရဲ့၊ အလုပ်ကိစ္စနဲ့ စင်္ကာပူနဲ့ ထိုင်းကို သွားကြတာ'

'သြော်'

စကားမဆက်ဖြစ်ကြပဲ မုန့်ဟင်းခါးကိုသာ အာရုံစိုက် စားနေကြ၏။ ဇော်ရဲပိုင်ကတော့ နန်းမြင့်ဘုံကို အိုးဘဲဥလို သဘောထားကာ မုန့်ဟင်းခါးနှင့် တွဲဖက်စားသုံးနေသည်။ အားလုံးစားတာသောက်တာ အာသာပြေသွားကြမှ မမက စကားစလိုက်၏။

'မိတ်ဆက်ပေးရဦးမယ်၊ ဒါ မမပိုင်ရဲ့ မောင်လေး၊ တစ်


www.burmeseclassic.com

ယောက်တည်းရှိတာ ဇော်ရဲပိုင်တဲ့ အခု မားကက်တင်း လုပ်နေတယ်၊ မောင်လေး… သူက နန်းမြင့်ဘုံတဲ့'

'နာမည်တော့ သိတယ် မမ၊ စောစောက ကူငွေထည့်တုန်းက လေ'

'ဩော်… ဟုတ်လား၊ သူက သုံးအိမ်ကျော်မှာနေတာလေ၊ ဘိုင်အိုရဲ့ ကျောင်းပြီးထားတာ'

'ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်'

'ဟုတ်ကဲ့ရှင့်'

အပြန်အလှန် မိတ်ဆက်ပြီးတော့ ပြောစရာစကား ကုန်သွား၏။ ဒါကလည်း မမနဲ့ ယောက်ဖရှိနေလို့ပါ။ နို့မို့ဆိုရင်တော့ ဇော်ရဲပိုင်ဆီမှာ တော်ကီက ရှားပါးပစ္စည်းမဟုတ်။

'နန်းမြင့်… ကော်ဖီသောက် အချိုပွဲစားဦး'

'ဟုတ်ကဲ့ မမပိုင်'

'မောင်လေး အဆင်ပြေရဲ့လား ပိုက်ဆံလိုသေးလား'

'မလိုပါဘူး မမ အဆင်ပြေတယ်'

'စာမေးပွဲကော'

'နှစ်လပဲ လိုတော့တယ်လေ'

'ဒါဆိုရင်တော့ နီးလာပါပြီကွာ၊ မင်းအမေဆို တော်တော်ဝမ်းသာနေမှာ နောင်တတွေကော ရပြီလား'

'ဟဲ… ဟဲ အစ်ကိုကလည်း ကျွန်တော်က ကျေးရူးတင်နေတာ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပိုရှိလာလို့'

'ဟုတ်တယ် အဲဒါတော့ တော်တော်ကောင်းတဲ့ ကိစ္စပဲ'

ထိုအခိုက် ကားတစ်စီးအိမ်ရှေ့ ရပ်လာ၏။ ယောက်ဖက လှမ်းကြည့်ရင်း…

'ဟော… ပိုင်ရေ ဆေးရုံအုပ်ကြီး ရောက်လာပြီ'

'ဟင်… ဟုတ်လား'





ဆေးရုံအုပ်ကြီး ဆိုသဖြင့် လင်မယားနှစ်ယောက် သုတ်ခနဲထပြီး ထွက်ကြိုကြသည်။ ဝိုင်းတွင် ဇော်ရဲပိုင်နှင့် နန်းမြင့်ဘုံသာ ကျန်ခဲ့၏။ အခြေအနေပေးပြီဆိုတော့ ဇော်ရဲပိုင်က နန်းမြင့်ဘုံအား လှေလာသည့် သဘောမျိုး အသာအယာ ကြည့်လိုက်သည်။ စောစောကလို မတူမတန် ဟန်ပန်ကို မတွေ့ရတော့။

'နန်းမြင့်ဘုံ ကျောင်းပြီးတာ ကြာပြီလားဟင်'

'မကြာသေးပါဘူး၊ ဘွဲ့တောင် မယူရသေးဘူး၊ သူကော စာမေးပွဲနီးပြီဆို ဘယ်ရီးယားလဲ'

'ဖိုင်နယ်ပါ'

'အဝေးသင်ပဲလား'

'အလုပ်တစ်ဖက်နဲ့လေ'

ဇော်ရဲပိုင်က သူ့မူပိုင် အကြည့်စူးစူးနှင့် ရှိုးလိုက်သည်။ နန်းမြင့်ဘုံ မျက်လွှာချသွား၏။ သူ့ မက်သဒ်တွေ အသုံးဝင်ဆဲ ဆိုတာ သိရ၍ ကျေနပ်မိသည်။

'နန်းမြင့်ဘုံဆိုတဲ့ နာမည်က ဆန်းသလို လူကလည်း တအားလန်းတာပဲ'

နန်းမြင့်ဘုံ ဘာမှ မတုန့်ပြန်သလို ခေါင်းလည်း မော့မလာ။

'သံရုပ်ဆောင်ဖြစ်ဖြစ်၊ မော်ဒယ်(လ်)ဖြစ်ဖြစ် လုပ်ပါလား'

'ဝါသနာမပါ ပါဘူး'

'အဟင်း… ဒါဆို MRTV-4 မှာ အနောင်ဓာလုပ်ပါလား၊ သတင်းတွေ ကြော်ငြာ၊ အစီအစဉ်တွေ တင်ဆက် အဲဒါဆို တစ်ပြည်လုံး စိတ်ချမ်းသာသွားမှာ'

'ဘာဖြစ်လို့'

'နန်းမြင့်ဘုံ အလှကို တစ်ပြည်လုံးက သိပြီး ခံစားခွင့်ရသွားလို့ပေါ့'

နန်းမြင့်ဘုံ ရယ်အောင်ပြုံးအောင် သူလုပ်နိုင်ခဲ့ပြီ။ ညီညာ


www.burmeseclassic.com

သွယ်တန်း ဖြူလွဲ့နေသည့် သွားလေးများကို တွေ့ရ၏။ သူ ဒါကို သိချင်တာပဲ ဖြစ်သည်။ မိန်းကလေး တော်တော်များများ ရုပ်လှသော်လည်း သွားပါလှတာ ရှား၏။ သူက မိန်းမဆို သွားရော ခါးပါလှမှ ကျသည်။ သူ နန်းမြင့်ဘုံကို အမှတ်ပြည့်ပေးလိုက်ပြီ။

'ဒါ ကျွန်မအိမ် မဟုတ်ဘူးလေ၊ ဒီတော့ မမပိုင်ရဲ့ မုန့်တွေနဲ့ပဲ ဧည့်ခံရတော့မှာ အလျှူ့လက်ဖက်နဲ့ မျက်နှာလုပ်တာပေါ့၊ စား… အားမနာနဲ့ မြှောက်ပြောမှုန်း သိသိကြီးနဲ့ကို ကျွေးတာပါ'

သူရော နန်းမြင့်ပါ လွတ်လပ်စွာ ရယ်လိုက်ကြသည်။ မမနှင့် ယောက်ဖက ခေါင်းရင်းခန်းတွင် ဆေးရုံအုပ်ကြီးကို ဧည့်ခံနေ၏။ ဒီဝိုင်းမှာ သူတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်…

'အကောင်းပြောတာပါ၊ ကိုယ့်အလှကို မြင်တဲ့သူ စိတ်ချမ်းသာအောင် တစ်နည်းနည်းနဲ့ ဝေမျှမှ လှရကျိုးနပ်မှာပေါ့၊ ဘာလဲ သက်ဆိုင်သူက မလုပ်ရဘူးဆိုလို့လား'

ဖျတ်ခနဲ မော့ကြည့်ပြီး အပြုံးတစ်စ ဖူးပွင့်ပြ၏။

'ထောက်လှမ်းရေး လုပ်ပါလား'

'ဟောဗျာ… ဘာဖြစ်လို့လဲ'

'အငိုက်ဖမ်းပြီး ရည်းစားရှိမရှိ ယောက်ျားရှိမရှိ မေးလိုက်လို့လေ၊ စကားလှလှ သုံးပြီးတော့ ဟွန်း'

'ဟဲ… ဟဲ… ဟဲ သိသွားပြီ ဆိုတော့လည်း မငြင်းပါဘူးဗျာ၊ စုံစမ်းတယ်ပဲ သဘောထားလိုက်ပါတော့ ရှိနေပြီလား'

'ဘာလို့ ပြောရမှာလဲ'

'မပြောလည်းနေပေါ့၊ ပြန်ခါနီးမှ မမကို မေးလိုက်မယ်'

'လူလည်'

'မလည်ပါဘူးဗျာ၊ မလည်လို့ မမကို အကူအညီတောင်းရမှာလေ'

နန်းမြင့်ဘုံ ဘာမှ မပြောတော့ဘဲ အိမ်ထဲဝေ့ဝဲကြည့်၏။





'ဧည့်သည်တွေ ကုန်သွားပါပြီ၊ ကျွန်မလည်း ပြန်မှပဲ'

'နေပါဦးဗျာ၊ မမတို့အားမှ နှုတ်ဆက်ပြီး ပြန်လေ၊ ဝေးတာမှ မဟုတ်ဘဲ သုံးအိမ်ကျော်ဆို'

'အိမ်မှာ ထမင်းဟင်း ချက်ရဦးမှာ'

'ကြွားတယ်ပေါ့'

'ဘာကြွားလို့လဲ'

'အချက်အပြုတ်ပါ ကျွမ်းတယ်လို့လေ'

'အဟင်း… ကြွားစရာလား၊ လုပ်နေကျပဲဟာ အိမ်မှာ အမေနဲ့ အစ်ကိုပဲ ရှိတာ'

'အဖေကော'

'ဆုံးသွားပြီ'

'သြော်… ဆောရီးနော်'

နန်းမြင့် ပြုံးရုံ ပြုံးပြပြီး လက်ဖက်တစ်ဇွန်း ခပ်စားနေ၏။ လက်ချောင်းလေးများ သွယ်လျလှပတာကိုလည်း သတိပြုမိသည်။ တစ်ထိုင်တည်း အမှတ်ပေးနေရတာပင် ဂုဏ်ထူးမှတ်ကျော်နေခဲ့ပြီ။

ထိုအချိန်တွင် ဆေးရုံအုပ်ကြီး ပြန်သွား၏။ ကားနားအထိလိုက်ပို့ပြီး မမတို့လင်မယား အိမ်ပေါ်ပြန်တက်လာသည်။ ယောက်ဖက သူ့အမေနားသွား၏။ မမ သူတို့စားပွဲသို့ ပြန်လာသည်။

'မမပိုင် ပင်ပန်းနေပြီလား'

'အေးကွယ်… တစ်ညလုံးလည်း ကောင်းကောင်းမအိပ်ရဘူး၊ တော်သေးတယ် လမ်းထဲက သာရေးနာရေး လူငယ်အဖွဲ့ကို အပ်ထားလို့'

'ဟုတ်တယ်နော်၊ သူတို့က အိုးတွေဆေး၊ ပန်းကန်တွေဆေး အားလုံး ဓမ္မာရုံပြန်ပို့ပေးတဲ့အထိ လုပ်ပေးကြတာ'

'အားကိုးရပါတယ်၊ ညစောင့်ဆိုလည်း သူတို့ပဲ'

'ဟုတ်ပ၊ ကဲ… လုပ်စရာမရှိတော့ဘူးဆိုရင် နန်းမြင့် ပြန်တော့မယ် မမပိုင်'


www.burmeseclassic.com

'ဟယ်... ပြန်တော့မလား၊ အချိုပွဲတွေ စားပါဦး'

'မရတော့ဘူး မမပိုင်၊ ဗိုက်တင်းနေပြီ'

'အေးကွယ်... ကျေးဇူးပဲနော်'

နန်းမြင့်ဘုံ ထရပ်လိုက်၏။ ဇော်ရဲပိုင် သူ့ကို နှုတ်ဆက်ဖို့ မျှော်လင့်နေသည်။

'မမပိုင် ပြန်မယ်နော်၊ ကိုဇော်ရဲပိုင်ရောပဲ'

ရောကော သောကော နှုတ်ဆက်တာ ဖြစ်သော်လည်း ဇော်ရဲပိုင် ကျေနပ်မိသည်။ နန်းမြင့်ဘုံ၏ အလှကို အဖိတ်အစင် အလေအလွင့် မရှိအောင် သိမ်းကျုံးခံစားလိုက်၏။ အိမ်ခြံပေါက်ဝထိ လှမ်းကြည့်ရသဖြင့် ဇက်လည်နေတော့သည်။ မမက ချောင်းဟန့်၏။

'အဟမ်း... မောင်လေးနော် တော်တော်သဘောကျနေလား'

'အဟဲ... တော်တော်လှနေတော့...'

'အနေအထိုင် သိပ်တည်ကြည်တာ မိန်းမကောင်းလေးပါကွယ်၊ သူ့ဟာသူ နေပါစေ'

'ဟာ... မမကလည်း ကျွန်တော် ရိုးရိုးသားသား အလှအပကို သဘောကျတာပါ'

'ဒါဆိုလည်း ပြီးရော ဖေဖေ သဘောကျအောင်လည်း နေဦး၊ ဘွဲ့ယူပြီးရင် အိမ်ကို ပြန်ဦး'

'ဟုတ်ကဲ့ပါ'

'စာလည်း ကြိုးစား'

'ဟုတ်'

ဆုံးမစာသံပေါက်တွေ Non stop လွှတ်တော့မည် ဆိုတာ သိသဖြင့် ဇော်ရဲပိုင် စတေးရှောင်ရန် ကြံစား၏။

'အပေါ့သွားလိုက်ဦးမယ် မမ'

မမ မျက်စောင်းထိုး၏။ ဇော်ရဲပိုင် အသာလစ်ထွက်ပြီး နောက်ဖေးသို့ ဝင်လာခဲ့သည်။ အပေါ့အပါးသွားပြီး ဘေစင်ပေါ်မှ မှန်ကို





ကြည့်၍ ဆံပင်ကို ပြုပြင်သပ်တင်လိုက်၏။ အများက ချောသည်ဟု ပြောကြသည့် မျက်နှာတစ်ခုကို တွေ့ရသည်။

ဘဝပေးကုသိုလ်ကံကောင်းမှုကို ကိုယ့်ဘာသာ အသိအမှတ်ပြုပြီး ရေအိမ်ထဲမှ ထွက်လာခဲ့၏။ မမ၊ ယောက္ခမနှင့် ယောက်ဖတို့ကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

သုံးအိမ်ကျော်လောက်တွင် နန်းမြင့်ဘုံ နေသည်ဆို၍ မသိမသာ လှမ်းကြည့်သေး၏။ သို့သော် တောင်ဘက်သုံးအိမ်ကျော်လား၊ မြောက်ဘက်သုံးအိမ်ကျော်လား မသိသဖြင့် တွေ့တော့ မတွေ့ရ။ ဘယ်လိုပဲဖြစ်ဖြစ် လူချင်းလည်းသိ၊ နာမည်လည်းသိ၊ အိမ်လည်းသိ (အစ်မနှင့် သုံးအိမ်ကျော်) ဆိုတော့...။ သုံးချက်တွက်နည်းနှင့် တွက်တွက် အက္ခရာနည်းနှင့်ပဲ တွက်တွက် အဖြေတစ်ခုတော့ ထွက်မှာ သေချာနေခဲ့ပြီ။

❑ ❑ ❑




www.burmeseclassic.com

## အခန်း(၂)

ဇော်ရဲပိုင်က ကားဘီးများကို အပြီးသတ် စစ်ဆေးလိုက်၏။ ဆီလည်း ဖြည့်ထားပြီးပြီ၊ အဖွဲ့သားတွေ အသင့်ဖြစ်မဖြစ် ကြည့်လိုက်သည်။ အီတူးနှင့် ရတီ ကားဆီလာနေတာတွေ့၏။ ရတီ့ကို ကြည့်ရတာ သူစိတ်မဝင်စားတော့၊ အတွေးထဲ နန်းမြင့်ဘုံကိုသာ မြင်ယောင်နေမိသည်။

ရတီက လန်တာထက် ပိုသွက်သော စတိုင်ဖြစ်နေ၏။ သွက်သော လန်သော ခေတ်လွန်သော ပွင့်လင်းသော ရတီကို သူသဘောကျပြီး ရအောင်တွဲခဲ့သည်။ အခု နန်းမြင့်ကို တွေ့ပြီး ရတီ့ကို သူမနှစ်သက်တော့။ ရည်းစားသက်တမ်း သိပ်မရင့်ခင် မြန်မြန်သံယောဇဉ်ဖြတ်ရတော့မည်။ ဒါ သစ္စာမဲ့တာ မဟုတ်၊ တစ်ဘဝစာ လက်တွဲဖော်ကို ရွေးချယ်တာပဲ ဖြစ်သည်။ အိမ်ထောင်ပြုပြီးမှ လမ်းခွဲရမှာမျိုးကိုတော့ သူ မလိုလား။

'ဒီနေ့ ဘယ်ကို အရင်သွားမှာလဲ ဇော်ရဲပိုင်'

'ဒဏ္ဍလစ်က စမယ်၊ တောင်ဥက္ကလာရောက်တဲ့ အထိပေါ့'

'ဇော်··· ဒီနေ့ အလုပ်ပြီးရင် ရုပ်ရှင်သွားကြည့်ကြမယ်ကွာ'

'ကိုယ်မအားသေးဘူး ရတီ၊ ကျူရှင်တက်ရမယ်၊ စာကျက်ရမယ်၊ စာမေးပွဲနီးနေပြီ'

'ဟင်··· ဇော်ပြောတော့ ကျူရှင်တောင် ယူစရာမလိုဘူး၊ အီးဇီးဆို'





'ယုံကြည်မှု မရှိတော့လို့'

'မြန်မာလို ပြောပါလား ဇော်'

'အဲဒါ မြန်မာလိုပဲလေ'

'မဟုတ်ပါဘူး၊ ကိုရီးယားကားထဲက စာတန်းထိုး အသုံးအနှုန်းတွေ'

ဇော်ရဲပိုင်နှင့် ရတီတို့ အပြောအဆိုတွေကို နားထောင်ပြီး အီတူး တဟားဟား အော်ရယ်တော့၏။ ပြီးတော့ ကိုရီးယားစာတန်းထိုး မြန်မာဘာသာနှင့်ပင်···

'မင်းတို့တွေကလည်း ဟာသလာလုပ်နေတယ်၊ အေး··· ငါ့ကို ဘယ်သူမှ တစ်ခွက်လောက် ငှဲ့မပေးချင်နေ ဘာပဲဖြစ်ဖြစ် အရသာရှိရှိ သုံးဆောင်ပါ့မယ်ကွာ၊ ဟား ဟား ဟား'

အီတူး၏ ကြားဝင်စေ့စပ်ဖျန်ဖြေသည့် ဟာသကိုပင် ဘယ်သူမှ မရယ်ကြ။ အဖုအထစ်က အတော်ကြီးမားနေပုံရ၏။ တိတ်ဆိတ်စွာပင် ကားခေါင်းခန်းသို့ ဝင်လိုက်ကြ၏။ အရင်လို နောက်ပြောင်ကျီစယ်မှုတွေ မရှိသဖြင့် ပျင်းခြောက်ခြောက်ကြီး ဖြစ်နေသည်။ အီတူး မနေနိုင်···

'နင်တို့နှစ်ယောက် ဘာတွေဖြစ်နေကြတာလဲဟာ၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ မမိုက်ပါဘူး'

'ငါ ဘာမှမဖြစ်ဘူး ဖြစ်နေတာ နင့်လူ'

'အေးလေ··· ဇော်ရဲပိုင် မင်း ဘာဖြစ်နေတာလဲ'

'စာမေးပွဲအတွက် စိတ်ဖိစီးနေတာပါ၊ ဒါပဲ'

အီတူးက ဇော်ရဲပိုင်နှင့်ရတီ့ကို တစ်လှည့်စီကြည့်ရင်း ကြားဝင်စေ့စပ်ပေးသည်။ ဇော်ရဲပိုင်က လမ်းကိုသာ ဂရုစိုက်ကြည့်ပြီး မောင်းနှင်နေ၏။

'ဒါဆို ရတီ နည်းနည်းနားလည်ပေးလိုက်ပေါ့'

'အဲဒါက ကာဗာစတိုရီပါ၊ သူ သက်သက်ကောက်နေတာ ငါသိတာပေါ့'


www.burmeseclassic.com

'ဟော့ကောင် ဟုတ်လား'

'အာရုံနောက်တယ်ကွာ၊ အက်ဆီးဒင့်(န့်) ဖြစ်ကုန်မယ်၊ နောက်မှပြော'

ကားမောင်းနေသူ ဇော်ရဲပိုင်၏ ဟန့်တားမှုကြောင့် အားလုံးပါး စပ်ပိတ်သွားကြ၏။ သူတို့သည် (--- ကုမ္ပဏီ)မှ မားကက်တင်း ဝန်ထမ်းများဖြစ်ကြသည်။ အုပ်စုခေါင်းဆောင် ဇော်ရဲပိုင်က ဒရိုင်ဘာ၊ စာရင်းကိုင်၊ တာဝန်ခံတာဝန်များ ယူရ၏။

ရတီနှင့် အီတူးက အကူဝန်ထမ်းများ ဖြစ်သည်။ ကားက တဖြည်းဖြည်းနှင့် တာမွေလမ်းဆုံ မီးပွိုင့်ကျော်လာပြီး သိပ်မကြာခင်မှာ ပင် ဗွတ္တလစ်မင်းလမ်းသို့ ရောက်လာခဲ့သည်။ ဖောက်သည်ဆိုင်တစ် ဆိုင်ရှေ့ ကားရပ်လိုက်၏။ အီတူးနှင့် ရတီ ကားပေါ်မှ ဆင်းသွားသည်။ သူတို့က လူသုံးကုန်ပစ္စည်းမျိုးစုံ ဖြန့်ဖြူးသည့် စီးပွားရေးအုပ်စု၏ ဝင်ရိုးများ ဖြစ်ကြသည်။

ဆပ်ပြာ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ အမျိုးသမီးလစဉ် သုံး ဂွမ်းထုပ်ကအစ အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ဖြန့်ချိကြသည်။ အီတူးတို့ ဆိုင်ထဲမှ ပြန်ထွက်လာ၍ ဇော်ရဲပိုင် ကားပေါ်မှ ဆင်းလိုက် ၏။ ဆိုင်မှလိုအပ်သည့် ပစ္စည်းစာရင်းကို ကြည့်ပြီး ကားနောက်ခန်း တံခါးသော့ကို ဖွင့်ပေးလိုက်သည်။

အီတူး ကားပေါ်တက်၍ ရတီပြောပြသည့် ပစ္စည်းစာရင်းအ တိုင်း ရှာဖွေထုတ်ယူပေးနေသည်။ ပြီးတော့ ဆိုင်ထဲ သွားပို့ကြ၏။ ဇော်ရဲပိုင် ကုန်ခန်းတံခါးပြန်ပိတ်ရင်း စောင့်နေလိုက်သည်။ ဆယ်မိနစ် လောက်ကြာတော့ ပိုက်ဆံသိမ်းပြီး ထွက်လာကြသည်။ ရတီက ပိုက်ဆံ အပ်၏။ ဇော်ရဲပိုင် စာရင်းနှင့် တိုက်ပြီး ငွေလက်ခံကာ နောက်တစ်ဆိုင် သို့ ကူးသည်။

ဤသို့နှင့် တရွေ့ရွေ့ ရှေ့တိုးလာခဲ့ကြရာ ရန်ကင်းဆယ့်နှစ်လုံး တန်း အရောက်ကျင် တစ်နာရီအတိ ဖြစ်သွား၏။





'ကဲ… ဇော်ရဲပိုင်ရေ မရတော့ဘူးကွာ၊ ဗုန်းတွတ်လိုက်ကြစို့ ဗိုက်ထဲ ဘာမှမထည့်ရင် ခြေတစ်လှမ်းတောင် ထပ်လှမ်းနိုင်မှာ မဟုတ် တော့ဘူး'

'ဟိုရှေ့က ဆိုင်ဝင်မယ်လေ၊ တို့တွေ နားနေကျဆိုင်ပဲ'

ကားထဲမှ ထမင်းချိုင့်ကိုယ်စီ ဆွဲပြီး အီတူးနှင့် ရတီဆင်းသွား ၏။ ဇော်ရဲပိုင် တံခါးများ သေချာပိတ်၍ လိုက်သွားသည်။ ဇော်ရဲပိုင်မှာ ထမင်းချိုင့်မပါ။ စားဖွယ်စုံရသည့်ဆိုင်မို့ ဆီချက်တစ်ပွဲ၊ ထမင်းဖြူ တစ်လုံး မှာလိုက်၏။

အီတူးတို့ ချိုင့်တွေ ဖွင့်ကြသည်။ အီတူးချိုင့်ထဲမှာ ဝက်သား နှစ်တုံးနှင့် အားလူးနှစ်ခြမ်းပါ၏။ ရတီ့ချိုင့်ထဲ ကန်စွန်းရွက်ကြော်နှင့် ပုစွန်ချဉ်သုပ်ပါလာတာ တွေ့ရသည်။ ရတီက ထုံးစံအတိုင်း ချိုင့်အဖုံး နှင့် ခွဲ၍ ဇော်ရဲပိုင်အား အရင်ပေး၏။ သူက လက်ကာပြလိုက်ရင်း…

'စား… ရတီ၊ ကိုယ် ဗိုက်သိပ်မကောင်းဘူး၊ ငရုပ်သီးစပ်စပ် စားလို့ မဖြစ်ဘူး'

ရတီ မျက်နှာပျက်သွား၏။

'ဇော်… ဘာဖြစ်နေလဲ၊ ရတီ့အပေါ် ဘာမကျေနပ်စရာရှိနေ လဲပြော'

'မရှိပါဘူး ရတီ'

'မဟုတ်ဘူး၊ ရှိကို ရှိတယ်၊ ဒါ ဇော့်ပုံစံမှ မဟုတ်တာ'

'ဟာ… ရတီ မရစ်နဲ့ကွာ၊ ကိုယ်ညစ်နေတာနော်'

ဇော်ရဲပိုင်၏ မာမာတင်းတင်း စကားကြောင့် ရတီ ဒေါ်ပွသွား သည်။ ဝုန်းခနဲ ထရပ်ပြီး တခြားစားပွဲသို့ ပြောင်း၍ တစ်ယောက် တည်း စားနေတော့၏။ ဇော်ရဲပိုင်လည်း လှည့်မကြည့်တော့ဘဲ လာချ ပေးသည့် ဆီချက်နှင့် ထမင်းကို ရောသမ၍ မျှော့ချနေလိုက်သည်။ အီတူးက ဝက်သားကို ကိုက်ဝါးရင်း တီးတိုးလေသံနှင့်…

'မင်းကလည်းကွာ ရတီ သနားပါတယ်၊ ချော့လိုက်ပါ'


www.burmeseclassic.com

'ဟော့ကောင်… ဝက်နားရွက်ပြာအသား စားပြီး မင်းပါ ရောဂါကူးသွားတာလား၊ အေးဆေးနေစမ်းပါ၊ ဘန်ကီမွန်း ဝင်မလုပ်နဲ့ အိုစမာလို အရှော့ခံရမယ်'

'ဟား… ကြိမ်းလှချည်လား၊ ရောက်သီးသုပ်လည်း မစားဘဲ နဲ့'

'ကဲ… မြန်မြန်စားစမ်းပါကွာ၊ ဒီနေ့ နန္ဒဝန်ဈေးလောက်ထိ အရောက်သွားမှ ကော်မရှင်လေး ပိုထွက်လာမှာ'

သူတို့ဘဝတွေက ကုန်စည်များများ ဖြန့်ပေးနိုင်မှုအပေါ်မှီကာ အသက်ဆက်နေရခြင်း ဖြစ်၏။ အချိန်ဖြုန်းနေလို့ မရ၊ ဇော်ရဲပိုင်က ဆီချက်ကို တူနှင့်ညှပ်၍ ရှလူးရှလူးမြည်အောင် လေကိုပါ စုပ်သွင်းပြီး ပြိုင်ပွဲဝင်သလို စားနေသည်။ အိတူးလည်း ဇော်ရဲပိုင်စားပုံကို ကြည့်ရင်း ခေါစာခွက် သရဲဆွဲသလို အသည်းအမည်း စားတော့၏။

ဝမ်းဖြည့်ပြီး ကားပေါ်ပြန်တက်တော့ အိတူး အလယ်ကဖြစ် သွားသည်။ ရတီက ပြတင်းပေါက်ဘက်တွင် ထိုင်ပြီး အပြင်ကိုသာ ငေးနေတော့၏။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် ပစ္စည်းများဖြန့်ဖြူး ရောင်းချလာခဲ့ရာ နန္ဒဝန်ဈေးသို့ ညနေလေးနာရီတွင် ရောက်၏။ ဇော်ရဲပိုင် ဆက်ဆံရေးကျဲသဖြင့် ရတီစိတ်ကောက်နေသောကြောင့် အလုပ်မြန်မြန်ပြီးတာ ဖြစ်သည်။

နို့မို့ဆို ရတီစကားများ အချိန်ဆွဲနေတာနှင့် ခရီးက ရောက် သင့်သလောက် မရောက်၊ ရောင်းအားအခြေအနေ ကောင်းသွားပြီမို့ ဒီက ပြီးလျှင် ကုမ္ပဏီပြန်ဖို့သာ ရှိတော့သည်။

ငါးနာရီခွဲတွင် ကုမ္ပဏီသို့ ပြန်ရောက်၏။ ကြီးကြပ်ရေးမှူးနှင့် ဆီလက်ကျန်တိုင်းထွာ စစ်ဆေးပြီး စာရင်းဇယားနှင့် ရောင်းရငွေအပ် ကြရ၏။ ကားပေါ်တွင် ပစ္စည်းအနည်းအကျဉ်းသာ ကျန်တော့သဖြင့် ဒီနေ့အဖို့ ပင်ပန်းရကျိုးနပ်သည်။ ဇော်ရဲပိုင်နှင့် အိတူး အတူထွက်လာခဲ့ ၏။ တဖတ်ဖတ် ခြေသံများကြားရသည်။ ရတီ လိုက်လာတာပဲဖြစ် မည်။





'ဇော်… နေဦး'

ခပ်ဆတ်ဆတ် လှမ်းခေါ်သံကြောင့် ခြေလှမ်းတုန့်သွားကြ၏။ အိတူးက မေးဆတ်ပြရင်း ရှောင်ထွက်သွားသည်။ ရတီ အနားသို့ ရောက်လာ၏။

'ပြန်တော့မလို့လား'

'အင်း'

'ဇော်… ဘာဖြစ်နေတာလဲ၊ တင်းနေရင် လျှော့ပေးမယ်'

ဇော်ရဲပိုင် မျက်နှာမှာ ရုတ်တရက်ဆိုသလို ဝမ်းနည်းကြေကွဲ ရိပ်တွေ လွှမ်းခြုံသွား၏။ ဝမ်းနည်းရိပ်က ပီပြင်လွန်းသဖြင့် ရတီပင် အထိတ်တလန့် ဖြစ်သွားသည်။

'ဇော်… ဘာ… ဘာဖြစ်လို့လဲဟင်'

'ကိုယ်တို့ ရှေ့ဆက်တွဲလို့ မဖြစ်တော့ဘူး ရတီ'

'ဟင်'

'ဟုတ်တယ် ရတီ၊ အိမ်က ကိုယ့်ကို ရာဇသံပေးနေပြီ၊ သူ တို့ ပေးစားတဲ့ မိန်းမယူရမယ်တဲ့'

ရတီ့ မျက်နှာမှာ ဆူနာမိမိသည့် မြို့ဟောင်းကဲ့သို့ ဗုန်းဗုန်းလဲ ပြိုကျပျက်စီးသွား၏။ မယုံကြည်နိုင်ဟန်နှင့်…

'ဇော်… ရတီ့ကို နောက်နေတာ မဟုတ်လား၊ ဇော် ဘာလို ချင်လဲ၊ ဘာဖြစ်ချင်လဲ၊ ရတီ လိုက်လျောဖြည့်ဆည်းပေးမယ်လေ'

ကုမ္ပဏီဂိတ်ဝတွင် သိင်္ဂါရပေါက်ကွဲမှု ဖြစ်ပေါ်နေသဖြင့် အလုပ်ဆင်းလာကြသည့် ဝန်ထမ်းများက စပ်စုကြည့်များနှင့် ပစ်ပေါက် သွားကြသည်။ ရတီတော့ မသိ၊ မျက်နှာပူလာသော ဇော်ရဲပိုင်က ရတီ့လက်ကို ဆွဲ၍ ကုမ္ပဏီထဲမှ ခပ်သွက်သွက် ထွက်လာခဲ့၏။

မနီးမဝေး လက်ဖက်ရည်ဆိုင်ထဲ ဝင်လာခဲ့ကြသည်။ ရတီက ဇော်ရဲပိုင်မျက်နှာကို အဖိုးထိုက်ရတနာတစ်ပါးလို ကြည့်၏။ ဇော်ရဲပိုင် မျက်နှာက ဘက်စုံထောင့်စုံမှ ပိုင်းဝန်းဖိအားပေးမှုကို ခံနေရသည့်


www.burmeseclassic.com

လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီကဲ့သို့ ကြေကွဲမှုများနှင့် ရင်ရော်နေသည်။

'ဇော်··· တကယ်ပြောနေတာလား ဟင်'

'တကယ်ပါ ရတီ၊ ကိုယ် အိမ်နဲ့ အဆင်မပြေလို့ အဆောင်မှာ နေနေရတာ ရတီလည်း သိသားပဲ၊ အဲဒါ အမေက ကြားဝင်ဖျန်ဖြေပေးတယ်လေ၊ ဒီတော့ ဘိုးတော်က သူပေးစားတဲ့ မိန်းမကို ယူရင် အိမ်ပေါ်ပြန်တက်ခွင့် ပေးမယ်တဲ့၊ မေမေကလည်း ဖေဖေ့ဆန္ဒကို လက်ခံလိုက်ဖို့ အတင်းဖိအားတွေ ပေးနေတာ'

ရတီ့ထံမှ သက်ပြင်းမှန်တိုင်း အငွေ့အသက်ကို ဇော်ရဲပိုင် ခံစားလိုက်ရသည်။

'ရတီ မယုံဘူး ဇော်'

'ယုံပါလို့ ကိုယ် မတိုက်တွန်းချင်ဘူး ရတီ၊ ဒါပေမဲ့ အမှန်တွေ ပြောနေတာပါ'

'ဒါဆို အဲဒီ မိန်းကလေး နာမည်ပြော'

ရတီ၏ စမ်းသပ်မှုကို ဇော်ရဲပိုင် တုံ့ဆိုင်းခြင်းမရှိ အဖြေပေးလိုက်၏။

'နန်းမြင့်ဘုံ တဲ့'

ဒီအခါမှာတော့ မျှော်လင့်ချက်တို့ ဝေဝါးသွားသည့် မျက်ဝန်းများကို ရတီ့ထံမှာ သူတွေ့လိုက်ရပြီ။

'ဇော်ရယ် ရတီတို့ ချစ်ခဲ့ကြတာ ကြာလှပြီနော်'

'မှန်ပါတယ် ရတီ၊ ကိုယ် ရတီ့ကို မမုန်းပါဘူး'

'ဇော် ဆုံးဖြတ်ပြီးပြီလား'

'မေမေ့ ကျန်းမာရေးက မကောင်းဘူးလေ၊ ပြီးတော့ တစ်ယောက်တည်းနေရတာ ကိုယ်သိပ်ကြောက်နေပြီ၊ အထီးကျန်မှုဒဏ်ကို မခံစားနိုင်တော့ဘူး၊ မိသားစုအရိပ်မှာ ပြန်ခိုလှုံချင်နေပြီ ရတီ'

ရတီ ဘာမှမပြောတော့၊ စိတ်နာနာနှင့် ကော်ဖီမစ်ကို ထိုးချေ





မွှေနှောက်နေ၏။ ဇော်ရဲပိုင် သက်ပြင်းခိုးရှိုက်လိုက်သည်။ သူ့ တော်ကီကို ရတီ ယုံကြည်သွားပြီ မဟုတ်လား။ 'အားနာပါတယ် ရတီရယ်'

'ဒါဆို ပတ်သက်ဆက်စပ်မှုတွေ ပြီးသွားပြီပေါ့ အဲလိုလား'

'တစ်နှစ်နီးပါး ကာလတစ်လျှောက်လုံး ကိုယ် စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ရပါတယ် ရတီ၊ ဒါပေမဲ့ ကိုယ် ရတီ့ကို တန်ဖိုးထားလို့ ဘာအခွင့်အရေးမှ မယူခဲ့ဘူး ဆိုတာ ရတီလည်း အသိပဲ မဟုတ်လား၊ ကိုယ်တို့ သန့်ရှင်းခဲ့ကြတယ်လေ'

ဒီလို လမ်းခွဲမှုမျိုးတွေ ကိုရီးယားဇာတ်လမ်းတွဲတွေမှာ သူ ခဏခဏ ကြည့်ဖူးထားသည်။ ဒါ ဘာမှ ဆန်းပြားသည့် ကိစ္စမဟုတ်၊ သူ့ဘက်မှ စောင့်စည်းဆက်ဆံခဲ့မှုအပေါ် ရတီ ကျေးဇူးတင်သင့်သည်ဟု ခံယူထား၏။ မျက်ရည်တွေ ဝေ့နေသည့် ရတီ သူ့ကို စိမ်းစိမ်းကားကား ကြည့်ရင်း···

'ကောင်းပြီလေ ကိုယ့်ကို လမ်းခွဲစကား စပြောတဲ့ ယောကျ်ားလေးတစ်ယောက်ကို တွယ်ကပ်နေဖို့ စိတ်ကူး ကျွန်မမှာ မရှိပါဘူး ဘိုင့်ဘိုင်'

ရတီ ထပြန်သွားသည်။ ဤသို့ လွယ်လွယ်ကူကူ အေးအေးဆေးဆေးပြီးစီးသွားလိမ့်မည်ဟု ထင်မထားသော ဇော်ရဲပိုင် စိတ်သက်သာရာ ရသွား၏။ မှာထားသော ကော်ဖီမစ်နှစ်ခွက်လုံးကို ဆင့်သောက်လိုက်၏။ ရင်တုန့်ကင်းဝေး ဆိမ့်သက်လေးမို့သာ တော်တော့သည်။

❐ ❐ ❐

ကောင်းကင်တွင် တိမ်တိုက်များ အုပ်စုဖွဲ့ ရွက်လွှင့်နေကြ၏။ သူတို့၏ ပြိုင်ပွဲကို ဒိုင်လုပ်သူမရှိသလို၊ မည်သည့် တိမ်စိုင်အနိုင်ရမည်ဟု လောင်းကြေးထပ်သူလည်း မရှိ။ တိမ်ကိုသာ စားလို့ရမည် ဆိုလျှင် ငှက်များတကူးတက အစာရှာထွက်စရာ မလိုတော့။ တိမ်ကြားတွင် ငှက်များပျော်ပါးနေကြ၏။


www.burmeseclassic.com

ထိုတိမ်တိုက်နှင့် ငှက်များအကြောင်း လျှို့ဝှက်စုံစမ်းရန် အကြံနှင့် စွန် (လေတံခွန်) ရောင်စုံလေးများ ကောင်းကင်သို့ ထိုးတက်လာကြ၏။ မောင်းသူမဲ့တော့ မဟုတ်၊ ဆိုင်းထားချုပ်ထားသော ကြိုးကိုယ်စီနှင့်သာ ဖြစ်သည်။ ရေနံပေါကြွယ်ဝသည့် ပင်လယ်ပြင်မှ ကျွန်းငယ်ကို အနီးအနားတိုင်းပြည်များမှ သူပိုင် ငါပိုင် အငြင်းပွားသလိုမျိုး ရေငွေ့အစုအဖွဲ့သာ ပါသည့် တိမ်စိုင်အား စွန်နှစ်ကောင်က သူပိုင် ငါပိုင် ငြင်းခုန်ကာ အချင်းချင်းတိုက်ခိုက်နေကြ၏။

အားနည်းသော (သို့မဟုတ်) နည်းပညာချို့တဲ့သော စွန်တစ်ကောင် ချုပ်ထိန်းမှု ကင်းလွတ်သွားသည်။ ထိုစွန်က အပြာရောင်လေးဖြစ်၏။ အောင်ပွဲခံသူ စွန်အနီရောင်လေးကတော့ တိမ်စိုင်တိမ်လိပ်တို့ကြားမှာ အားပါးတရ ဆော့ကစားဆဲ။

အဆောင်က အုတ်ကန့်တွင် ရေချိုးနေသည့် ဇော်ရဲပိုင် ကောင်းကင်ကို မော့ကြည့်နေမိ၏။ အနှောင်အဖွဲ့ကင်းပြီး လေသယ်ဆောင်ရာနောက် မျောပါသွားသည့် စွန်အပြာကို တွေ့နေရသည်။ သူ့ဘဝလည်း နှောင်ကြိုးတစ်ချောင်းဖြစ်သည့် ရတီ့ ထိန်းချုပ်မှုမှ လွတ်ခဲ့ပြီဟု သူယုံကြည်နေ၏။

သူလည်း လေသယ်ရာမျောပါရင်း နန်းမြင့်ဘုံဆိုသည့် အချစ်သစ်ပင်တွင် ဆိုက်ရောက်ခိုနားနေချင်၏။ ဒါက သူ့ အားနည်းချက်ပဲဖြစ်သည်။ သူက ဆန့်ကျင်ဘက်လိင်တို့၏ အလှတရားကို မြတ်နိုးသည်။ ခုံခုံမင်မင် ခံစားလိုသည်။ လှသော ချောသော ကောင်မလေးတော်တော်များများနှင့် သူပတ်သက်ခဲ့ဖူး၏။ ထိုသို့ ပွေခဲ့ ပွေးခဲ့သဖြင့် ဖေဖေ သူ့ကို အိမ်မှ နှင်ချခဲ့တာ ဖြစ်သည်။

အထောက်အပံ့ ဖြတ်တောက်ထား၍ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ရင်း သူတော်တော်ငြိမ်သွားခဲ့၏။ အလုပ်တွင် ဆုံရသည့် ရတီနှင့် မေတ္တာမျှကာ တစ်နှစ်လောက် သူဣန္ဒြေရနေပြီးမှ နန်းမြင့်ဘုံနှင့် ဆုံရခြင်း ဖြစ်သည်။





နန်းမြင့်ဘုံက သူ့စိတ်ကြိုက်ပုံစံနှင့် ကွက်တိဖြစ်၏။ နန်းမြင့်ဘုံနှင့်သာ နီးစပ်ခွင့်ရခဲ့လျှင် ဣတ္ထိယတို့အပေါ် မရောင့်ရဲနိုင်သည့် သူ့စိတ်တွေလည်း တည်ငြိမ်သွားဖွယ် ရှိ၏။ နန်းမြင့်ဘုံနှင့် နီးစပ်ဖို့ အရေး မမကိုပဲ အပူကပ်ရတော့မည်။ ဒါ သိပ်လွယ်သော ကိစ္စတော့ မဟုတ်။

ဇော်ရဲပိုင်က ကြံတွေးပြီး စိတ်ပျက်နေတတ်သူ မဟုတ်သဖြင့် ဆုံးဖြတ်ပြီးသည်နှင့် ခြေလှမ်းပြင်တတ်သူ ဖြစ်သည်။ ရေချိုးတာ အဆုံးသတ်၍ အခန်းသို့ ပြန်ပြီး နောက်ဆုံးလက်ကျန် လျှော်ပြီးသား တီရှပ်တစ်ထည်နှင့် ဝယ်လာကတည်းက တစ်ခါမှ ရေမချဘဲ နေပြပြီး အကြိမ်ကြိမ် ပြန်ဝတ်နေသည့် ဂျင်းဘောင်းဘီတစ်ထည် ကောက်စွပ်လိုက်သည်။ တံခါးပိတ်ပြီး အဆောင်မှ ထွက်လာခဲ့၏။

ဒီနေ့ တနင်္ဂနွေနေ့ နန်းမြင့်ဘုံနှင့် မတွေ့လျှင် မမအိမ်မှာ ထမင်းဝင်စားမည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ခရီးကို သူ ဦးတည်လိုက်ပြီ။ မမတို့အိမ် မရောက်ခင် ငါးအိမ်လောက် အလိုကတည်းက ဇော်ရဲပိုင် မျက်လုံးများ ကျီးကန်းတောင်းမှောက် ဖြစ်နေ၏။

တစ်အိမ်၊ နှစ်အိမ်၊ ဟော… တွေ့ပါပြီ၊ အင်္ကျီများ ထွက်လှမ်းနေသည့် နတ်သမီးကို သူ တွေ့လိုက်ရပြီ။ ဝမ်းသာစိတ်နှင့်ခြံတံခါးဝတွင် ရပ်လိုက်၏။ နန်းမြင့်ဘုံက သတိမထားမိသေး…

'နန်းမြင့်ဘုံ'

ခေါ်သံကြောင့် ရုတ်တရက် လှည့်ကြည့်သော ဘုံ၏ မျက်ဝန်းတွင် အံ့သြရိပ်တို့ ယှက်သန်းနေသည်။

'သြော်… ကိုဟိုဒင်း'

ဟား… ဘယ်လိုကြီးလဲ၊ သူ့နာမည်ကိုတောင် မမှတ်မိဘူးလား၊ တမင်တကာချိုးလိုက်တာလား၊ ဘာပဲဖြစ်ဖြစ် သည်းခံရမှာပေါ့လေ၊ ကိုယ်က ခိုက်နေမိပြီကိုး။

'အဟမ်း… ကျွန်တော် ဇော်ရဲပိုင်ပါ'

 www.burmeseclassic.com

'ဟုတ်ကဲ့ မှတ်မိပါပြီ၊ ကိစ္စရှိလို့လား'

'မမဆီလာတာလေ၊ လှမ်းတွေ့တာနဲ့ နှုတ်ဆက်တာပါ'

'ဟုတ်လား မမပိုင်တို့ ရှိကြမှာပါ၊ အပြင်ထွက်တာ မတွေ့သေးဘူး'

နေရာမရွေ့၊ ဖိတ်ခေါ်လိုမှု ကင်းစွာနှင့် နန်းမြင့်ဘုံ မလှုပ်မယှက် ဖြစ်နေသည်။ ဇော်ရဲပိုင်ကလည်း ပေရပ်၍ စူးစူးရဲရဲ ကြည့်နေလိုက်သည်။ အိမ်နေရင်း ခပ်နွမ်းနွမ်း အဝတ်အစားနှင့်ပင် နန်းမြင့်ဘုံက ပြစ်မှားချင်စရာကောင်းအောင် အလှတွေ ထွန်းသစ်လျက်ရှိ၏။

'အိမ်ထဲ အလည်မခေါ်တော့ဘူးလား နန်းမြင့်ဘုံ'

'ရှင်! ဩော်… ကျွန်မ မအားလို့ပါ၊ အဝတ်လျှော်နေတာ တန်းလန်းကြီး'

ဇော်ရဲပိုင်မျက်နှာ မည်းခနဲ ဖြစ်သွား၏။ ဝင်လုံးဖို့ သိပ်မလွယ်လှဟု တွေးပြီ ပိုသဘောကျသွားသည်။ သူကြုံခဲ့သမျှ အားလုံး လွယ်လွယ်ကူကူနှင့် ရင်းနှီးခွင့် ရခဲ့သည်သာ။ ဒီတစ်ယောက်ကျမှ 'အဟင်း… ဇော်ရဲပိုင်တို့က ခက်လေ မက်လေပဲ နန်းမြင့်ဘုံ' မျက်နှာထားကို ရွှင်ချိုနေအောင် ပြင်လိုက်ရင်း…

'ဟာ… ဟုတ်လား၊ အားနာစရာကြီးဗျာ၊ ဆောရီးနော် ကိစ္စအထွေအထူး မရှိပါဘူးဗျာ၊ ကြုံလို့ နှုတ်ဆက်တာပါ သွားမယ်နော်'

'ဟုတ်ကဲ့'

ဇော်ရဲပိုင်က ချာခနဲ လှည့်ထွက်၍ ပြန်မကြည့်စတမ်း လျှောက်လာခဲ့သည်။ မမတို့ ခြံထဲကွေ့ဝင်မှ အကြည့်တစ်ချက် လှမ်းပို့လိုက်သည်။ အပင်များကြားမှ ချောင်းကြည့်နေသော နန်းမြင့်ဘုံကို ပက်ပင်းမိ၏။ ဇော်ရဲပိုင် ကျေနပ်စွာ ပြုံးရင်း အိမ်ပေါ်တက်လာခဲ့သည်။ မမ အိမ်ရှေ့ဆက်တီတွင် သတင်းစာဖတ်နေတာ တွေ့ရ၏။

'မမ'

'ဟော… မောင်လေး လာ၊ ဘယ်က ဘယ်လို မျက်စေ့လည်လာတာလဲ'





'အဟင်း… အိမ်ထမင်း အိမ်ဟင်းလေး စားချင်လို့ တမင်လာတာ'

'အမလေး ကိုယ်တော် အပိုတွေ၊ ဘယ်တုန်းကများ အစ်မဆီ တကူးတက ထမင်းလာစားဖူးလို့လဲ'

'ဩော်… တကယ်ပါဆို မမကလည်း ဒါနဲ့ ယောက်ဖကြီးကော'

'လူနာလာပင့်လို့ လိုက်ကြည့်တယ် ထိုင်'

ဇော်ရဲပိုင် အိမ်ပေါ်တက်၍ မမနားကပ်ထိုင်လိုက်သည်။

'မမ ယောက္ခမကြီးရော'

'ရိပ်သာဝင်နေတယ်၊ ရက်လည်ပြီးကတည်းက'

'ဩော်… အတော်ဟုတ်ထိသွားပုံပဲနော်'

'အင်း… ငယ်လင် ငယ်မယားတွေကိုး'

'အဲဒါပေါ့ မမရဲ့ အရွယ်မရွေး သက်ဆိုင်တာ အချစ်ပဲ၊ ကြီးကြီးငယ်ငယ် ဘယ်သူမှ မကင်းနိုင်ကြဘူးလေ'

သက်ငယ်စကား သက်ကြီးကြားနေရ၍ မမက ပြုံးစေ့စေ့လုပ်ရင်း…

'ကောင်လေး မှန်မှန်ပြောစမ်း၊ မင်း နန်းမြင့်ဘုံကို ကြိုက်နေပြီ မဟုတ်လား'

'ဟာ… မမ တော်လှချည်လား၊ မမ ဗိုက်ထဲ ပုဏ္ဏားလေး ရှိနေပြီ ထင်တယ်'

'ပုဏ္ဏားလည်း မရှိဘူး၊ သန္ဓေသားလည်း မရှိဘူး၊ ရှူးပေါ်ပေါ် လာလုပ်မနေနဲ့ မင်းအကျင့် မသိဘူး မှတ်နေလား'

'မမကလည်း ဗျာ'

'ဒီလို ကိစ္စတွေနဲ့ ဖေဖေ ဒေါ်ပွပြီး နှင်ချခဲ့တာတောင် မမှတ်သေးဘူးလား မောင်လေး'

'ကျွန်တော် မရှုပ်တော့ပါဘူး မမရာ၊ ငြိမ်နေတာ တစ်နှစ်တောင် ရှိနေပြီ အခုမှ…'

www.burmeseclassic.com

'အခုမှတွေ ဘာတွေ လာလုပ်မနေနဲ့ နန်းမြင့်ဘုံနဲ့တော့ မဖြစ်ဘူး၊ သွားမစနဲ့'

'ဘာလို့လဲ မမရဲ့'

'သူလေးက တော်သလောက် ချောသလောက် သူ့အစ်ကိုက အရပ်ထဲက လူမိုက်၊ အမေနဲ့ ညီမကို အမျိုးမျိုးနှိပ်စက်နေတာ'

'ဟာ… နန်းမြင့်ဘုံ တော်တော်ချောတယ်ဆို ပြီးပြီပေါ့၊ မမကလည်း'

'ဟဲ့… နှစ်ယောက်တည်း ချစ်နေရုံနဲ့ ပြီးတာ မဟုတ်ဘူး၊ ဆွေမျိုး အသိုင်းအဝိုင်း ဆိုတာလည်း လိုသေးတယ်၊ တကယ် အမျိုးတော်သွားပြီ ဆိုရင် အဲဒီအကောင် နှိပ်စက်တာကို မင်း တစ်သက်လုံး ခံသွားရမှာ'

မမက အချစ်ကိစ္စတင်မက အနာဂတ်ကိုပါ ကြိုတင်တွက်ပြကာ ကန့်ကွက်နေသဖြင့် ဇော်ရဲပိုင် လေသွား၏။ ဒီနတ်ပန်းလေးနားမှာ ဘီလူးစောင့်နေသည်ပေါ့။

'သူ့အစ်ကို လူဆိုးဒဏ်မခံနိုင်လို့ အရပ်ထဲမှာလည်း နန်းမြင့်ဘုံကို ဘယ်သူမှ မပတ်သက်ကြဘူး သိရဲ့လား'

မမ သတင်းပေးမှ နန်းမြင့်ဘုံကို ပိုသနားသွားရ၏။ ပြီးတော့ ဂရန်ဒီ ပေးထားသော ပစ္စည်းကောင်းတစ်ခုရပြီဟု ဝမ်းသာသွားသည်။ သူ့အစ်ကိုကြောင့် သူ့မှာ ရည်းစားလေးတောင် ထားခွင့်မရခဲ့ရဘူးတဲ့။ ဒါဆို ဘရင်း(န်)နယူးပေါ့ မမ ဘယ်လိုတားတား ဇော်ရဲပိုင်ကတော့ နန်းမြင့်ဘုံကို ပစ်ခတ်ကြိုက်သွားသည်။ ဒီခေတ်ထဲမှာ ဒါမျိုးရှားတယ် မို့လား။

ထိုအခိုက် ယောက်ဖ လူနာသွားကြည့်ရာမှ ဆိုက်ကားဖြင့် ပြန်ရောက်လာ၏။ မမက ဆီးကြိုပြီး ထမင်းစားခန်းသို့ တစ်ခါတည်း ခေါ်သွားသည်။ သုံးယောက်အတူ ထမင်းစားကြ၏။

'ယောက်ဖ စာမေးပွဲဖြေဖို့အတွက် အဆင်သင့်ပဲလား'





'ဟုတ်ကဲ့ အစ်ကို ရယ်ဒီပါပဲ၊ အခြေအနေလည်း ကောင်းပါတယ်'

'အေးကွာ Exam ပြီးရင်တော့ မင်းကို အိမ်ပြန်ခေါ်ထားဖို့ အစ်ကိုတို့ ပြောပေးပါ့မယ်'

'ရပါတယ် အစ်ကိုရာ၊ အပင်ပန်းမခံပါနဲ့ အဖေက ဘွဲ့ရမှ ပြန်လာခဲ့လို့ ပြောထားတာပဲ'

'မောင်လေးရယ် မိဘကို တွက်ကပ်ပြီး စကားအကျအန ကောက်မနေနဲ့'

'ကျွန်တော် အကျအနကောက်ပြီး ပေကပ်နေတာ မဟုတ်ဘူးလေ၊ မမလည်း အဖေ့အကြောင်း သိရဲ့သားနဲ့ ဟာ'

'ကိုယ်က သားသမီးလေ မိဘကို တောင်းပန်ကန်တော့ပြီး အိမ်ပေါ်ပြန်တက်ရတော့ ဘာဖြစ်လဲ'

'ကဲပါ မမရယ်၊ အဝေးကြီးလိုသေးတဲ့ ဟာကို အခုတော့ ထမင်းကောင်းကောင်း စားပါရစေဗျာ'

ဇော်ရဲပိုင်၏ ဂျစ်တစ်တစ် အမူအရာကြောင့် အစ်မနှင့် ယောက်ဖ ဘာမှ ဆက်မပြောကြတော့၊ ဇော်ရဲပိုင်လည်း စားပြီးသည်နှင့် ထလစ်တော့၏။ ယောက်ဖက အတင်းဖမ်းဆွဲပြီး မုန့်ဖိုးတစ်သောင်း ပေးသည်။

အပြန်ခရီးမှာ နန်းမြင့်ဘုံတို့ အိမ်ထဲ အကဲခတ်သော်လည်း ရိုးတိုးရိပ်တိပ်ပင် မတွေ့ရ။ ထားလိုက်ပါလေ အခုမှ ကစားသမားတွေ ကွင်းထဲ ဝင်လာရုံ ရှိသေးသည်။ ပွဲက လုံးဝ မစသေး။

❒ ❒ ❒


www.burmeseclassic.com

# အခန်း(၃)

ဝန်ထမ်းများအတွက် စိတ်သက်သောင့်သက်သာ ဖြစ်ရသောနေ့သည် လကုန်ရက် လခထုတ်သည့်နေ့ပင် ဖြစ်သည်။ အများဆုံး တစ်ပတ်လောက်တော့ ပျော်သလိုလို ရှိ၏။ ရှစ်ရက်မြောက်သည့်နေ့က စပြီး လက်ဖက်ရည်လျှော့၊ စီးကရက်လျှော့၊ အသားဟင်းလျှော့ကာ ချွေတာစုဆောင်း အူဟောင်းလောင်း နေ့ရက်များကို အားတင်း၍ ဖြတ်ကျော်ရတော့သည်။

ပြီးခဲ့သည့်လက ရောင်းအားအများဆုံးဆုကို ဇော်ရဲပိုင်တို့အတွဲက ရရှိ၏။ ထို့အတွက် အီတူး ပျော်နေသလောက် ရတီ ငိုင်နေ၏။ ဇော်ရဲပိုင်ကို ယောင်လို့မှ လှည့်မကြည့်။ ဇော်ရဲပိုင်က အဖွဲ့အတွက်ရသည့် ဘောနပ်(စ်)ကို သုံးစုအညီအမျှ ခွဲ၍ ဝေပေးလိုက်၏။

'ကဲ… ငါသွားမယ် အီတူး'

'ဟာ… နေပါဦး ငါလည်း လိုက်မယ်'

'ဘာလို့ လိုက်မှာလဲ၊ ငါ ကျူရှင်သွားမှာ'

'အဲဒီ ကျူရှင်မှာ ဘီယာရတယ်ဆိုတာ ငါသိတယ်'

တားလို့ရမှာ မဟုတ်သည့်အတွက် ဇော်ရဲပိုင် ဘာမှမပြောတော့ဘဲ ထွက်လာခဲ့သည်။ အီတူး ကပ်၍ လိုက်လာ၏။ ရတီက မျက်လုံးစွေ၍ လှမ်းကြည့်သည်။ အဆင့်တူ စာရေးမလေးများက တစ်ယောက်တည်း ကျန်ခဲ့သည့် ရတီကို လှောင်သလို ကြည့်၏။ မကြားတကြား အတင်းပြော၏။





'ဖြစ်လေရာ မားကက်တင်းသမားဘဝမှာ တစ်ကားထဲ အတူစီးကြမယ်ဆို ခုတော့ စလယ်ဝင် ဖင်မမည်းခင်က ဘာဖြစ်တယ်ဆိုလားဟယ်'

'ငါတော့ သဘောကျတယ်၊ ကိုဇော် ငါ့အတွက် ဖြစ်လာနိုင်လို့လေ'

'သူ့ကြည့်ရတာ ဝယ်စားမယ့်သူ မဟုတ်ပါဘူးအေ၊ နှိုက်မြည်းရုံ မြည်းမှာ'

ဟားတိုက်ရယ်မော လှောင်ပြောင်မှုတွေကို ရတီ ခါးစည်းကာခံနေရပြီ။ အို… ဘာဖြစ်လဲ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပဲ၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ဘူး၊ မည်သို့ အားတင်းသည်ဖြစ်စေ ခံစားရသည်ကတော့ အမှန်ဖြစ်၏။ မန်နေဂျာကို ပြော၍ အတွဲပြောင်းပေးရန် တောင်းပန်ဖို့ပဲ ရှိတော့သည်။

ရတီ ယိုင်နဲ့နဲ့ ခြေလှမ်းနှင့် ကုမ္ပဏီထဲမှ ထွက်လာခဲ့၏။ လေလွင့်လိုစိတ်ကို ဖြေသိမ့်ရန် ကားမစီးဘဲ လမ်းလျှောက်ရင်း ဟိုငေးဒီငေး ငေးလာသည်။ ရတီ တစ်ယောက်တည်း ကျေကွဲစွာ လျှောက်လာပုံကို ဘီယာဆိုင်ထဲမှ အီတူးနှင့် ဇော်ရဲပိုင်တို့ မြင်ကြ၏။

'မင်းကွာ ရတီ့ကို ဘာလို့ ရေနွေးဖျောလိုက်ရတာလဲ'

'အကြောင်းရှိလို့ပေါ့ကွာ'

အီတူးက ဇော်ရဲပိုင်ကို နားမလည်သလို ကြည့်ရင်း ဘီယာကောက်မော့၏။ ဇော်ရဲပိုင် ကျူရှင်အကြောင်းပြ လစ်ပြေးသော်လည်း မရ။ အီတူး ကပ်လိုက်လာပြီး ဘီယာဆိုင်ထဲ အတင်းခေါ်သွင်းလာခြင်း ဖြစ်သည်။ သူတို့အုပ်စုတွင် ဇော်ရဲပိုင်က တာဝန်ခံဖြစ်သလို လခလည်း များ၏။ ဘောနပ်(စ)လည်း ရထားသဖြင့် အညှင်းခံရခြင်းပင်။

'သနားပါတယ်ကွာ သူတော်တော်ခံစားနေရတာ'

'ခုနေ ခံစားရတာ သူ့တစ်ဘဝလုံး ကောင်းဖို့အတွက်ပါ'

'ဘယ်လို'

 www.burmeseclassic.com

'ငါ သူ့ကို ချစ်လို့မရတော့ဘူး၊ ရင်ဘတ်ထဲမှာ မရှိတော့ဘူး'

'ဟာ… လန့်ထွက်နေတာပဲ၊ နေပါဦး အချစ်က အဲလိုပြောင်းလို့ လွယ်လွယ်နဲ့ ရသလား'

ဇော်ရဲပိုင်က အီတူးအား မူကြိုကျောင်းသား တစ်ယောက်လို သဘောထားကာ အထင်သေး အမြင်သေး အကြည့်မျိုးနှင့် ကြည့်လိုက်ရင်း…

'မင်း ကိုရီးယားဇာတ်လမ်းတွဲတွေ မကြည့်ဖူးဘူးလား၊ ချစ်သူဘဝ လမ်းခွဲတဲ့ကိစ္စ၊ အိမ်ထောင်သည်ဘဝ ကွာရှင်းတဲ့ကိစ္စတွေ မမြင်မိဖူးလား'

'ဟင်! အေး… တွေ့တယ် ကားတိုင်းလိုပဲ ပါတာ တွေ့တယ်'

'ဒါပဲပေါ့ အဲဒါ လူတိုင်းကြုံတဲ့ ကိစ္စလေ၊ ငါ့ကျမှ ဘာလို့ အဆန်းတကျယ် ဖြစ်သလို လာပြောနေရတာလဲ'

'အင်း… ဒီလိုဆိုတော့လည်း ဟုတ်သားပဲ'

'ဟုတ်ကို ဟုတ်ရမယ်လေကွာ၊ အိမ်ထောင်တွေက သားသမီးတွေရမှ ကွာရှင်းကြမယ်ဆိုရင် သူတို့အတွက် ပိုပြီး နစ်နာမယ်လေကွာ၊ ဒါကြောင့် လိမ်ချိုးတာထက်စာရင် ဆတ်ခနဲ ချိုးလိုက်တဲ့ သစ်စိမ်းချိုးက ပိုသက်သာတာပေါ့ကွ'

'ဟုတ်တယ်နော်၊ အေးကွာ ငါ့မှာ အဲလို အတွေ့အကြုံမရှိတော့ မင်းရဲ့ လုပ်ရပ်ကို ခံစားလို့ မရဘူးဖြစ်နေတာ'

'အခု ရသွားပြီလား'

'အေး'

'ဒါဆို စကားမများနဲ့ သောက်တော့'

သူ့လုပ်ရပ်ကို ဖာထေးပြောဆို ကာကွယ်လိုက်နိုင်သည့်အတွက် ဇော်ရဲပိုင် နေသာထိုင်သာ ရှိသွား၏။ သို့နှင့် စိတ်အေးလက်အေး ဘီယာသောက်နေလိုက်သည်။





'ဟော့ကောင် မနေ့က အင်တာဗျူးလုပ်ထားတဲ့ ဝန်ထမ်းတွေ ခန့်ဖို့ ကြေညာချက် ထွက်တယ်တဲ့'

'ကောင်းတာပေါ့၊ ကုမ္ပဏီလုပ်ငန်းက အရမ်းအောင်မြင်နေတာလေ၊ ဝန်ထမ်းမလုံလောက်လို့ ငါတို့ ဒီလောက် ပင်ပန်းနေတာပေါ့'

'အေး… ဒါလည်း ဟုတ်တယ်၊ အဟီး ကောင်မလေးတွေ အများကြီးပါလာရင် ကောင်းမယ်၊ ငါလည်း ရည်းစားလေး ဘာလေး ထားကြည့်မလားလို့'

'ထားပေါ့… ထားရမှာပေါ့၊ အိမ်ထောင်ရေးတိုက်ပွဲရှည်ကြီးမှာ အောင်အောင်မြင်မြင် ဖြတ်သန်းချင်တယ်ဆိုရင် ရည်းစားထားခြင်းဆိုတဲ့ ခြုံခိုတိုက်ပွဲငယ်လေးတွေ ခပ်များများလေ့ကျင့်ထားဖို့ လိုတယ် အီတူး'

'ဟုတ်လိုက်လေကွာ၊ အားကိုးပါရစေ ဇော်ရဲပိုင်ရာ၊ ငါ့ကို ရည်းစားတစ်ယောက်လောက် အမြန်ဆုံးရအောင် ကူညီပေးစမ်းပါ'

'စိတ်ချ… အဲဒါ ငါ့ရဲ့ အထူးပြုဘာသာရပ်ပဲ'

ချီးယား(စ်) အော်သံနှင့်အတူ လေထဲ ဘီယာခွက်များ မြောက်တက်သွားတော့၏။

❐ ❐ ❐

ဝန်ထမ်းအသစ်များ တန်းစီရပ်နေကြ၏။အသစ်နှင့်အဟောင်း တွဲဖက်ပေးထားမှ လုပ်ငန်းအောင်မြင်ပြီး အသစ်များလည်း အတွေ့အကြုံရမှာမို့ ကြီးကြပ်ရေးမှူးတွေ စာရွက်ကိုယ်စီကိုင်ပြီး အလုပ်ရှုပ်နေကြသည်။ ကြီးကြပ်ရေးမှူးတစ်ယောက်နား ကပ်နေသည့် ရတီ့ကို တွေ့ရသည်။

ဝန်ထမ်းသစ်များကို ဇော်ရဲပိုင် မျက်စေ့ကစားကြည့်လိုက်၏။ တစ်နေရာအရောက်မှာ သူ့မျက်ဝန်းတွေ ရပ်တန့်သွားသည်။ မယုံနိုင်သ


www.burmeseclassic.com

www.burmeseclassic.com

ဘော်ဘီ့အမေးကို အီတူးက ဝင်ဖြေ၏။

'ဟုတ်တယ် ဘော်ဘီ၊ ရတီနဲ့ ဇာတ်လမ်းက ပြီးသွားပြီ၊ ဒါနဲ့ နေစမ်းပါဦး ဇော်ရဲပိုင်ရ၊ ဟို အမိုက်စားလေးက တကယ်ပဲ မင်းတို့အစ်မ အိမ်နားကလား'

'ဩော်… ဟုတ်ပါတယ်ဆို နာမည်က နန်းမြင့်ဘုံတဲ့'

ဘော်ဘီနှင့် အီတူး အချင်းချင်းကြည့်ပြီး မျက်စပစ်လိုက်ကြ၏။ ဇော်ရဲပိုင်က နာရီကြည့်ပြီး…

'ဟား… ကိုးနာရီခွဲတော့မယ် လစ်စို့ အီတူး'

ဇော်ရဲပိုင်နှင့် အီတူး သူတို့ ကားနားရောက်တော့ ကားရှေ့တွင် နန်းမြင့်ဘုံကို တွေ့ကြရ၏။

'ဟင်… နန်း'

'အတော်ပဲ ကျွန်မ ဒီကားနဲ့ လိုက်ရမှာတဲ့'

ဟား… ဒီလို ခွဲတမ်းချပေးလိုက်တဲ့ ကြီးကြပ်ရေးမှူးဟာ သမ္မာဒေဝ ဝင်စားခဲ့တာပဲ ဖြစ်မှာပါ။ ဘယ်လောက်များ ကံကောင်းလိုက်လဲလို့ အချိုကြိုက်သူ နို့ဆီချက်စက်ရုံမှာ အလုပ်ရသလို ဖြစ်နေ၏။

'ဟား… ကောင်းတာပေါ့ နန်းရဲ့၊ ဒါဆို ဘာမှ ပူမနေနဲ့တော့ ကျွန်တော်တို့ပဲ လုပ်သွားမယ်၊ နန်း လေ့လာရုံပဲ လေ့လာပေါ့'

'ကျေးဇူးပါပဲ ရှင်'

'ကဲ… သွားကြရအောင်'

အီတူးက အလယ်မှာ ဝင်ထိုင်ပြီး နန်းမြင့်ဘုံကို တံခါးဘက်က နေရာပေး၏။ ဇော်ရဲပိုင် ကားမောင်းထွက်လာခဲ့သည်။ ရတီ လှမ်းကြည့်နေတာတွေ့ပြီး ဇော်ရဲပိုင် မသိချင်ယောင်ဆောင်နေလိုက်၏။

'နန်း… ဒီကောင်က အီတူးတဲ့၊ အလုပ်နဲ့ ပတ်သက်ပြီး အားကိုးရပါတယ်'

'ဟုတ်ကဲ့ ကိုအီတူး၊ ကျွန်မ နန်းမြင့်ဘုံပါ၊ ကိုဇော်ရဲပိုင်နဲ့ ကတော့ ခင်မင်ပြီးသားပါ၊ ကျွန်မကို သင်ကြားပေးကြပါနော်'





'ရပါတယ်ဗျာ၊ ကူညီရမှာပေါ့၊ ကျွန်တော့်ကို အီတူးလို့ပဲ ခေါ်ပါ'

'ဟုတ်ကဲ့ရှင့်'

ထိုနေ့က ဇော်ရဲပိုင် အလုပ်လုပ်နေသည်မှာ သွက်လက်တက်ကြွ ပျော်ရွှင်နေတော့၏။ နန်းမြင့်ဘုံကို ရှင်းပြကူညီ သင်ပြရင်း သူ့လောက် ကံကောင်းသူ မရှိတော့ဟု တွေးနေမိသည်။ ဖူးစာပါ၊ ရေစက်ရှိလို့သာ ကြုံဖန်ပြီး တိုက်ဆိုင်စွာ အလုပ်တစ်ခုတည်းတွင် လာတွေ့ရသည်။ ထို့ပြင် မားကက်တင်း(န်)ကား ဆယ့်နှစ်စီးရှိသည့် အထဲ သူ့ကားပေါ်ကိုမှ နန်းမြင့်ဘုံ ရောက်လာသည်။ ဒီထက်သေချာတာ ဘာရှိဦးမှာလဲ၊ တွေးရင်း မာန်တက်နေတော့၏။

❐ ❐ ❐

'သူက ဘယ်သူတဲ့လဲဟင် အီတူး'

'နန်းမြင့်ဘုံတဲ့ ရတီရဲ့'

'ဟင်! နန်းမြင့်ဘုံ ဟုတ်လား'

'အင်း… ဘာဖြစ်လို့လဲ ရတီ'

'ဟင်… ဩော်… ဘာ… ဘာမှ မဖြစ်ပါဘူး'

'ဒါဆို ဇော်ပြောတာ အမှန်တွေပေါ့၊ အိမ်က သဘောတူပေးစားမယ့် နန်းမြင့်ဘုံတဲ့' ဇော်ရဲပိုင် ဘာကြောင့် သစ်စိမ်းချိုးချိုးသွားခဲ့သလဲ ဆိုတာ ရတီ သိခဲ့ရပြီ၊ နန်းမြင့်ဘုံက ပြစ်မျိုးမဲ့မထင်အောင် လှနေသည်။

တစ်ရက်မှာ ရတီက အီတူးနှင့် ဆုံ၍ သူတို့၏ မားကက်တင်း အတွဲသစ်အကြောင်း စုံစမ်းလာသည်။

'စတွေ့တွေ့ခြင်းမှာ သိပ်ရင်းနှီးနေသလိုပဲ'

'ဟာ… သူတို့က ခုမှ သိတာမဟုတ်ဘူး ခင်တာကြာပြီတဲ့၊ ဟိုကောင့်အစ်မ အိမ်နားက ဆိုပဲ ခေါ်တာတောင် နန်းတဲ့'


www.burmeseclassic.com

'ဪ'

ရတီ နှုတ်ဆိတ်တိုးတိတ်သွားတော့သည်။ ဖြည်းညှင်းစွာ ပြန်လှည့်လာခဲ့၏။ သူ အခုလို စုံစမ်းမိတာ ဇော်ရဲပိုင်ကို သံယောဇဉ် မကုန်၍ မဟုတ်။ ပြောရရင် တော်တော်စိတ်နာနေခဲ့တာပါ။ အခုတော့ ဇော်ရဲပိုင်လည်း အိမ်ကို မလွှန်ဆန်နိုင်တာက နည်းနည်း၊ သိပ်လှသည့် နန်းမြင့်ဘုံကြောင့် သူမကို ပစ်သွားခဲ့တာက အဓိက ဆိုတာ သိရ၍ မခံချင်စိတ်များနှင့် တငွေ့ငွေ့လောင်မြိုက်နေတော့၏။

ရတီ သူတာဝန်ကျသည့် ကားဆီ လျှောက်လာသည်။ သင်းသင်းသန့်နှင့် ဘော်ဘီတို့ ကားပေါ်ရောက်နေပြီ။ သူတက်ပြီးသည်နှင့် ကားမောင်းထွက်လာခဲ့၏။ သင်းသင်းသန့်က ရတီ့ကို တစ်ချက်အကဲ ခတ်သည်။

'ရတီ… နင်တို့ ဘာဖြစ်ကြတာလဲ'

'ဘာကိုလဲ သင်းသင်း'

'ဇော်ရဲပိုင်နဲ့လေ'

'ဪ… ဒီလိုပါပဲဟာ လမ်း၌တွေ့သော သစ်ပင်တစ်ပင် ပေါ့'

'ပြဿနာရှိလို့လား'

'အင်း… မဲပြာပုဆိုးပေါ်က ချုပ်ရိုးသစ်လေ၊ အိမ်က သဘောတူတဲ့ လူရှိတယ်တဲ့'

'ဟွန်း… ဒီခေတ်ကြီးထဲမှာများ'

သူတို့ စကားဝိုင်းသို့ ဘော်ဘီဝင်လာ၏။

'အခု သူ့ကားနဲ့ လိုက်ရတဲ့ အတွဲသစ်က မိုက်တယ်နော်၊ ဒီကောင် တော်တော်ကံကောင်းတာပဲ၊ ပြီးတော့ သူ့အစ်မ အိမ်နားက တဲ့'

ဘော်ဘီ့စကားကြောင့် ရတီ ဆတ်ခနဲ လှည့်ကြည့်၏။

'တကယ်လား'





'သူကိုယ်တိုင်ပြောတာလေ နန်းမြင့်ဘုံတဲ့ နာမည်လည်းဆန်း လှလည်း လန်းတယ်'

'နင်တို့ ယောကျ်ားတွေ ဒါပဲ'

'အောင်မာ… နင်တို့ကော ဘာထူးလို့လဲ ကောင်လေးချော ချောတွေ့ရင် စိတ်မဝင်စားဘူးလား၊ ယောကျ်ားက မိန်းကလေးကို စိတ်ဝင်စားတယ်၊ မိန်းကလေးက ယောကျ်ားလေးတွေကို စိတ်လှုပ်ရှားမယ်၊ ဒါပဲပေါ့'

'ကဲ… တော်ကြ ဟိုမှာ အဲဒီဆိုင်က စလိုက်ရအောင်'

ရတီ ညွှန်ပြသော မိနီမတ်ဆိုင်ရှေ့ ကားထိုးရပ်လိုက်၏။

❒ ❒ ❒

ဇော်ရဲပိုင်၊ အီတူးနှင့် နန်းမြင့်ဘုံတို့လည်း တောင်ဒဂုံဘက် တာဝန်ကျသည့်အတိုင်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ခရီးဆက်လျက် ရှိ၏။ နေ့ခင်း နေ့လည်တွင် ကြုံရာဆိုင်ဝင်ထိုင်၍ ထမင်းစားကြသည်။

ဒီနေ့လည်း နေ့ခင်းတစ်နာရီဆယ့်ငါး ရှိပြီမို့ အဆင်ပြေမည် ထင်ရသည့် ဆိုင်တစ်ဆိုင်တွင် ဝင်နားလိုက်ကြ၏။ ဇော်ရဲပိုင်က စားဖွယ်စုံများကို လိုက်ကြည့် ဖတ်ရှုရင်း လက်ဖက်ထမင်းတစ်ပွဲ မှာလိုက် သည်။

'ရှင်က ဆိုင်ထမင်း ဆိုင်ဟင်းပဲ စားတယ်နော်၊ ရှင့်အဖေတွေ အမေတွေ ပြန်မလာကြသေးဘူးလား'

'ဗျာ'

'နိုင်ငံခြားက ပြန်မလာသေးဘူးလားလို့'

'အဟဲ… ပြန်ရောက်နေပါပြီ နန်းရဲ့'

'ဒါဆို အမေ နေမကောင်းလို့ မချက်မပြုတ်နိုင်သေးတာပေါ့'

'ဗျာ… အဲ… ဟဲ… ဟဲ ဟုတ်… ဟုတ်ကဲ့၊ တုပ်… တုပ်ကွေး နိုင်ငံခြားက ပါလာတာလေ၊ ဟဲဟဲ တုပ်ကွေးဖြစ်နေလို့'

ဇော်ရဲပိုင်က သူ အိမ်ပေါ်က ဆင်းနေရတာကို သိသွားမှာ စိုးသဖြင့် ပေါက်ကရတွေ လျှောက်ပြောနေ၏။ ဒါလေးကို သူ့အတည် ကြံမှာဆိုတော့ အရင်က မကောင်းသတင်းတွေ နန်းမြင့်ဘုံကို မသိစေချင်သည့် သဘောသာ ဖြစ်သည်။

အလုပ်အတူ လုပ်လာတာ တစ်ပတ်လောက်ရှိပြီ ဆိုတော့ ရင်းနှီးလာသလို တစ်ယောက်အကြောင်း တစ်ယောက်လည်း စပ်စုမိကြ၏။ ဇော်ရဲပိုင်က နန်းဟုသာခေါ်သလို နန်းမြင့်ဘုံကလည်း ဇော်ရဲပိုင် နာမည်ခေါ်ရတာ မောသည်ဟုဆိုကာ ရှင် ဟူသည့် နာမ်စားကို သုံးစွဲသည်။

‘စာမေးပွဲလည်း နီးပြီဆို’

‘အင်း… တစ်လလောက်ပဲ လိုတော့တာ နောက်နှစ်ပတ်လောက်ဆို ခွင့်ယူရတော့မှာ’

‘စာကော ကျက်ဖြစ်ရဲ့လား’

‘ကျက်ဖြစ်ပါတယ် နန်းရဲ့’

‘အလကားပြောတာ၊ အဆောင်မှာ ဆယ်နာရီဆို မီးဖြတ်…’

‘ဟင်… အဆောင်’

အီတူးက ဖော်ကောင်လုပ်သလို ဖြစ်နေ၍ ဇော်ရဲပိုင် ပျာပျာသလဲ ရှင်းပြရတော့သည်။

‘ဟိုလေ… အဆောင်ဆိုတာ ဟို… ဟို ဘုန်းကြီးပေးတဲ့ အဆောင်ကို အဲဒါ ညဆယ်နာရီမှာ မီး… မီးပူဇော်ရမယ်လို့ ပြောတာ အဟဲ စာမေးပွဲအတွက်လေ’

‘သြော်… ရှင်က ဒါတွေလည်း ယုံသလား’

‘အဲ… ယုံတယ်တော့ မဟုတ်ဘူးလေ၊ အမေ… အမေက လုပ်ပေးတော့လည်း စိတ်မကောင်းဖြစ်မှာစိုးလို့ပါ၊ ကျွန်တော်က သိပ်မယုံပါဘူး’

နန်းမြင့်ဘုံကို ရှင်းပြရင်း အီတူးကိုလည်း မသိမသာ လိမ်ဆွဲပြီး သတိပေးရ၏။





‘ကဲ… ကဲ စကားများမနေနဲ့၊ ထမင်းစားကြတော့ ခရီးကဆက်ရဦးမှာ’

အီတူးက ပြောရင်းဆိုရင်း ချိုင့်ကို ဖွင့်၏။ ဘဲဥချဉ်ရေဟင်း နှစ်လုံးပါလာသည်။ နန်းမြင့်ဘုံ ချိုင့်ထဲမှာတော့ ငါးရံ့ဟင်းနှစ်တုံး၊ ကြက်ဟင်းခါးသီးကြော်ကို တွေ့ရ၏။ ဇော်ရဲပိုင်မှာထားသော လက်ဖက်ထမင်းလည်း ရောက်လာပြီမို့ အားလုံးစားလိုက်ကြသည်။

နန်းမြင့်ဘုံက ငါးဟင်းတစ်တုံး ထည့်ပေးသည်။

‘နေ… နေပစေ နန်း၊ လက်ဖက်နဲ့ ဟင်းနဲ့ မလိုက်ဘူး၊ ကိုယ့်ဟာကိုယ် ဝအောင်စား’

ဇော်ရဲပိုင် အတင်းလက်ကာ၍ ငြင်း၏။ တကယ်တော့ သူ ငါးမကြိုက်၍ ငြင်းရခြင်း ဖြစ်၏။

‘ဒါဆို ဘဲဥ စား’

‘ဟား… ဟော့ကောင် ဘဲဥ ငါမစားဘူး’

‘သြော်… အေး… ဆောရီး’

ဒီတော့လည်း ကိုယ်ယူလာတာ ကိုယ်စားရင်း ထမင်းစားပွဲကို အပြီးသတ်လိုက်ကြ၏။ ပြီးတော့ အလုပ်ဆက်လုပ်ဖို့ ကားပေါ်ပြန်တက်ကြရသည်။ ထို့နောက် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ပစ္စည်းဖြန့်ရင်း ခရီးဆက်ကြ၏။

အလုပ်တွေ ပြီးသွားကြပြီမို့ အပြန်ခရီးစကြသည်။ တောင်မြောက်လမ်းဆုံ မရောက်ခင်တွင် ကားပေါ်၌ လေထုမသန့်မရှင်း ဖြစ်လာ၏။ ဇော်ရဲပိုင်နှင့် နန်းမြင့်ဘုံ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်ကုန်သည်။ နန်းမြင့်ဘုံက ပြတင်းအပြင်ဘက် ခေါင်းထုတ်၍ လေသန့်ထွက်ရှူနေ၏။

‘ဟော့ကောင်… အီတူး မင်း ဘဲဥစားပြီး လေထုညစ်ညမ်းအောင် လုပ်နေတယ်ပေါ့’

‘ဘာလဲကွ… မင်းကလဲ’


www.burmeseclassic.com

'ဟာကွာ… ဒါဆို အနည်းဆုံး သုံးရာကုန်မှာကွ'

'တန်ပါတယ်ကွာ'

ဇော်ရဲပိုင်နှင့် အီတူး အပြန်အလှန်ပြောသမျှကို နားထောင်ကာ နန်းမြင့် တဟားဟား ရယ်နေတော့၏။

'ဟေ့ကောင်… နောက်မနေနဲ့ ငါတို့ ကားထဲမှာ တစ်ရှူးလိပ် တွေမှ အများကြီးပဲ အဲဒါ တစ်လိပ်ယူပေး'

'ဩော်… အေး… အေး ခဏစောင့်'

ဇော်ရဲပိုင် ကားဆီသို့ပြန်လာကာ သော့ဖွင့် တံခါးဖွင့်၍ တစ် ရှူးတစ်ထုပ်ဖောက်ပြီး တစ်လိပ်ဆွဲထုတ်လိုက်၏။ ထိုအချိန်တွင် ကျောင်းဆင်းလာကြသည့် ကလေးတစ်အုပ်နှင့် ဆိုက်ကားနှစ်စီးတို့က ဘာဖြစ်တာလဲဟု စပ်စုရန် ဝိုင်းနေကြပြီ။ နန်းမြင့်ဘုံက ရှက်ပြီး ကားပေါ်တက်ထိုင်နေ၏။ တစ်ရှူးလိပ်ကိုင်ပြီး ခြုံဖုတ်နားကပ်အသွား ဆိုက်ကားသမားတစ်ယောက်က…

'ဘာဖြစ်တာလဲ ဗျ'

'ဘာမှ မဖြစ်ဘူးဗျို့ ဘာမှမဖြစ်ဘူး၊ မအောင့်နိုင်လို့ ခြုံတိုး တာ၊ တောထိုင်တာ၊ အခင်းကြီးသွားတာ၊ နောက်ဖေးယိုတာ၊ အီးပါတာ စက္ကူမပါဘူးဆိုလို့ စက္ကူလိပ် ယူပေးနေတာ ခင်ဗျားတို့ကော ကြုံတုန်း ဝင်ပါသွားကြပါလား'

အမြင်ကပ်ကပ်နှင့် အရွဲ့တိုက်ဖြေလိုက်၏။ ထိုအခါမှ စပ်စု သူများ ရှဲသွားကြသည်။ ကလေးအုပ်က ထိန်းမရ သူတို့အချင်းချင်း တိုင်ပင်ပြီး သံပြိုင်အော်ဟစ်ကြတော့သည်။

'အီးပေ… အီးပေ တောထဲမှာနေ'

'အီးတွေနဲ့လူး… နှာဗူး ဟား… ဟား… ဟား… ဟား'

တော်တော်မလွယ်သည့် ချာတိတ်အုပ်စုပဲ ဖြစ်သည်။ ခြုံပုတ် ကို ဝိုင်းပတ်၍ သူတို့၏ သံချပ်ကို သံပြိုင်ဆက်ထိုးနေကြ၏။

အဆက်မပြတ် အော်ဟစ်နောက်ပြောင်နေကြသည်မှာ မရပ်မ





နားမို့ အီတူးလည်း သူ့ကိစ္စပြီးတာတောင် ထွက်မလာရဲရှာတော့။ ဘယ်လိုမှ ပြောဆိုတောင်းပန်လို့ မရတော့သဖြင့် သစ်ကိုင်းခြောက် တစ်ချောင်းကောက်ကိုင်ကာ ရိုက်မည်ပုတ်မည် ခြောက်လှန့်တော့မှပဲ ကလေးတွေ ပြေးထွက်သွားတော့သည်။

ကလေးသံတွေ ပျောက်ပြီး တိတ်ဆိတ်သွားမှ အီတူးထွက်လာ နိုင်တော့၏။ ဇော်ရဲပိုင်နှင့် နန်းမြင့်ဘုံ အူတက်မတတ် ရယ်မောရသည့် နေ့တစ်နေ့လည်း ဖြစ်ခဲ့သည်။

အီတူးလည်း အားတုံ့အားနာ ဖြစ်နေရှာသည်။ နန်းမြင့်ဘုံကို အလယ်ပို့၍ သူ အစွန်မှာထိုင်၏။ ဒါမှ အရေးပေါ်လာပါက တံခါးဟ ပြီး ဖင်ကို အပြင်ထုတ်ပေးမည်ဟု အာမခံသည်။ အင်း… ဒီနေ့က တော့ ဘဲဥမွေးသည့် နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်လိုက်ရတော့ သည်။

❐ ❐ ❐


www.burmeseclassic.com

## အခန်း(၄)

အိုစုန်းလွှာ အပေါက်အပြဲများအောက်မှ လူသားများမှာ မြွေလို အရေခွံလဲလို့ မရသည့်အတွက် စုတ်ပြတ်သတ်နေသော အရေပြားများနှင့်သာ ဆက်လက်ရှင်သန်နေကြရ၏။

အခုလည်း အနာတရလူသားတစ်ယောက် သူ့ရှေ့မှာ လက်လာဖြန့်နေ၏။ တောင်ဝှေးတစ်ချောင်းကို အားပြုပြီး တုန်တုန်ချိချိနှင့် အကူအညီတောင်းနေသည့် အဘွားအိုတစ်ဦး ဖြစ်သည်။ ဖော်ရဲပိုင် အိတ်ထဲမှ တစ်ရာတန်တစ်ရွက် ထုတ်ယူ၍ ရှုံ့တွနေသော အရေပြားများနှင့် လက်ထဲသို့ ထည့်လိုက်၏။

သီချင်းတစ်ပုဒ်စာလောက် ဆုမွန်တွေ တစ်လှေကြီးပေးသွားခဲ့သည်။ နိုင်ငံခေါင်းဆောင်များ စီစဉ်ဆောင်ရွက်နေသည့် ဆင်းရဲမွဲတေမှု ပပျောက်ရေး အစီအစဉ်များ အမြန်ဆုံး အကောင်အထည်ပေါ်လာပါစေ ဟုသာ ဆုတောင်းရတော့၏။ လွင့်ပျံ့သွားသော စိတ်ကို ထိန်းလိုက်မှ ပစ္စက္ခသို့ ပြန်ရောက်လာသည်။

သူ့ရှေ့တွင် နတ်သမီးက လှပစွာ ထိုင်နေ၏။ ခုဆို နန်းမြင့် အလုပ်ဝင်တာပင် သုံးလပြည့်တော့မည်။ သူလည်း ဒီနေ့မှ ခွင့်စေ့၍ အလုပ်ပြန်ဝင်ခဲ့တာ ဖြစ်၏။

'စာမေးပွဲ ဖြေနိုင်ရဲ့လားဟင်'

'ဖြေနိုင်ပါတယ် နန်း၊ ကျောင်းပြီးတာ ကျိန်းသေသွားပါပြီ'





'ဒါဆို အလားအလာတွေ ကောင်းသွားပြီ၊ မားကက်တင်း(န်)မှာလည်း ဆရာကြီးဖြစ်နေပြီ ဆိုတော့ မန်နေဂျာတွေ ဘာတွေဖြစ်သွားရင် မေ့မနေနဲ့ဦးနော်'

'မေ့စရာလား နန်းရယ်၊ ဒါနဲ့ နန်းလည်း ရုံးထိုင်ရတော့မယ်နော်'

'အင်း... ပြောတာပဲ အော်ဒါတော့ မထွက်သေးပါဘူး'

'အင်း... ဒါဆို ကုမ္ပဏီတစ်ခုတည်းမှာ လုပ်ပြီး တွေ့ဖို့ဆုံဖို့ သိပ်မလွယ်တော့ဘူးပေါ့နော်၊ အလုပ်လုပ်ဖို့တောင် အားလျော့သွားပြီကွာ'

'အမယ်... ဒါက ဘာဖြစ်ရတာလဲ'

'ကိုယ် ဘာဖြစ်နေလဲ ဆိုတာ မရိပ်မိဘူးလားဟင် နန်း'

အပီချုပ်မည့်စကား ပြောလိုက်တော့ နန်းမြင့်ဘုံ နှုတ်ဆွံ့သွားသည်။

'နန်းကို မမယောက္ခမကြီး နာရေးမှာတွေ့ကတည်းက ကိုယ် စိတ်ဝင်စားခဲ့တာပါ၊ ဒါကို နန်းလည်း သိနေမယ်ဆိုတာ ကိုယ်သိပါတယ်၊ အရိုးဆုံးနဲ့ အသစ်ဆန်းဆုံး စကားကိုပဲ ပြောရမယ်ဆိုရင် ကိုယ် နန်းကို ချစ်တယ်၊ ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ပြီး ပြောတဲ့စကားမို့ နားနဲ့မနာ နှလုံးသားနဲ့နာပါ နန်း'

မျက်ဝန်းရွဲကြီးများနှင့် တစ်ချက်မော့ကြည့်ပြီးနောက် နန်[illegible] မျက်နှာလွှဲသွားခဲ့သည်။ ခပ်လှမ်းလှမ်း လမ်းပေါ်ရှိ ကားများ[illegible] နေသည်လား၊ ထို့ထက်ပိုဝေးသော အရပ်ဆီမှ မမြင်[illegible] လမ်းမျှော်နေသလား ဆိုတာတော့ မသိတ[illegible] အလုံးအရင်းနှင့် ထိုးစစ်ဆင်ဖို့ လို[illegible] ပိုင် သိနေ၏။

'နန်း... ကိုယ့်မှာ တစ်ပုံ[illegible] အဲဒီ အချစ်တွေကို ယုံကြည်ပြီး လက်

www.burmeseclassic.com

ရွှန်းလဲ့နေသည့် နန်း၏ မျက်ဝန်းတွင် မျက်ရည်ကြည်တို့ ဝေ့သီနေ၏။ စက္ကန့်နှစ်ဆယ်ခန့်ကြာအောင် မျက်လုံးချင်းဆိုင်လိုက်ပြီးနောက် နန်း မျက်လွှာချသွားသည်။

'တစ်ခုခု ပြောပါဦး နန်း'

'ရှင် ကျွန်မကို စိတ်ဝင်စားနေတာ ကျွန်မ မရိပ်မိဘူးဆိုရင် အိုင်ကျူနိမ့်လို့ပဲ ဖြစ်မှာပေါ့'

နန်းမြင့်ဘုံ အပြောကြောင့် ဇော်ရဲပိုင် ပြုံးယောင်သန်းသွားခဲ့၏။ ဘာဆက်ပြောမလဲဆိုတာ အချိန်ပေးစောင့်နေလိုက်သည်။ မိနစ်ဝက်ခန့်ကြာမှ…

'ကျွန်မကို ဒီလို စကားပြောတဲ့ သူတွေ အများကြီးပါ၊ ဒါပေမဲ့ သူတို့ ရှင့်လောက်အချိန်မရကြဘူးလေ၊ ကျွန်မ အစ်ကိုကြောင့် စကားတောင် မဆုံးကြပါဘူး၊ ဒီတော့ ရှင် အရမ်းကံကောင်းတယ်လို့ပဲ ပြောရမှာ'

'အဟင်း… အဲဒီ သတင်းတော့ ကြားဖူးပါတယ်'

'ရိုက်မှုနဲ့ သူ ထောင်ခြောက်လကျသွားတယ်၊ ဒါကြောင့် ကျွန်မ အလုပ်ကောင်းကောင်း လုပ်ခွင့်ရသလို ရှင်လည်း စကားဆုံးအောင် ပြောလိုက်ရတာပါ'

'ဟား… မိုးနတ်မင်းကြီး မတာလို့ပဲ ဟစ်ကြွေးလိုက်ရတော့မလား နန်း'

'စိတ်ကူးမယဉ်ချင်ပါနဲ့ ကိုဇော်ရဲပိုင်၊ ရှင် သေချာပြန်စဉ်းစားလိုက်ပါဦး၊ ကျွန်မ အစ်ကိုက သေသည်အထိ အမျိုးတော်နေမှာ ဒီအချက်ကို ထည့်စဉ်းစားပြီးတဲ့အခါ ရှင့်အတွေးတွေနဲ့ ခံယူချက်တွေ ဘယ်လို ပြောင်းသွားမလဲဆိုတာ တစ်ခေါက်လောက် ပြန်နားထောင်ကြည့်ရအောင်'

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ၊ တုန့်ပြန်ဖို့ တွေးတောသိပ်ကြာသွားလျှင် နန်း စိတ်ထင့်သွားမည်မို့…





'နန်း အစ်ကိုအကြောင်း မမဆီက ကိုယ်သိထားသလို အရပ်စကားတွေလည်း ကြားထားပါတယ် နန်း၊ အဲဒီ ကြားထဲက ကိုယ်ဆုံးဖြတ်ချက်ချနိုင်ခဲ့လို့ နန်းကို ဖွင့်ပြောတာပါ'

'ဒါဆို ကျွန်မ စဉ်းစားဖို့ပဲ ကျန်တော့တာပေါ့ အဲလိုလား'

'ဟုတ်ပါတယ် နန်း၊ ဘယ်လောက်ပဲ ထပ်စဉ်းစား စဉ်းစား အဖြေက လုံးဝပြောင်းလဲမှာ မဟုတ်လို့ပါ'

နန်းမြင့်ဘုံ သက်ပြင်းချ၏။ ဇော်ရဲပိုင်က တစ်ရှိုက်မက်မက်ကြည့်သည်။ နန်းမြင့်ဘုံ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်သွားပြီဟု ထင်ရသည်။ တောက်တောက်ပပ ပြုံးလိုက်ရင်း…

'ကောင်းပြီလေ ရှင့်ဆန္ဒကို ကျွန်မ စဉ်းစားကြည့်ပါမယ်၊ အခုတော့ နားချိန်တော်တော်များသွားပြီ၊ အလုပ်လုပ်လိုက်ကြရအောင်'

'ဟုတ်ပြီ နန်း၊ ဒီနေ့တော့ နန်း ပင်ပန်းမှာနော်၊ အီတူး ခွင့်ယူထားလို့လေ'

'ရပါတယ်ရှင်၊ ကဲ… သွားကြစို့'

ဇော်ရဲပိုင်နှင့် နန်းမြင့်ဘုံတို့ ကားပေါ်တက်၍ မောင်းထွက်လာခဲ့ကြ၏။ တဒင်္ဂအလုပ်အတွက်လား တစ်ဘဝစာ အတူထွက်ခဲ့ကြသည်လား ဆိုတာတော့ နှလုံးသားချင်းသာ သိပေလိမ့်မည်။

❐ ❐ ❐

မားကက်တင်း(န်)မှ ရုံးတွင်းဝန်ထမ်းအဖြစ် ပြောင်းလဲခန့်အပ်ခြင်း ခံရသူများ အမည်စာရင်း အော်ဒါထွက်လာ၏။ နန်းမြင့်ဘုံနှင့် ရတီပါ ပါသွားသည်။ ဇော်ရဲပိုင်က နေမြဲဆိုတော့ နန်းကို တစ်နေကုန် တွေ့မြင်ခွင့်လေး ဆုံးရှုံးသွားခဲ့၏။

ဇော်ရဲပိုင်နှင့် အီတူးတို့ကြားသို့ အိမ္ဗန်ဆိုသည့် ကောင်မလေး တစ်ယောက် အစားရောက်လာသည်။ ဒီတစ်ခါတော့ အီတူး မင်းသားလုပ်ရမည့် အလှည့်ပဲ ဖြစ်၏။ ဇော်ရဲပိုင်က ခပ်ပျင်းပျင်းရှိသည်နှင့်


www.burmeseclassic.com

အီတူးနှင့် အိမ့္ဝန်ကို ချွန်တွန်းလုပ်သည်။ အမျိုးမျိုးအဖုံဖုံ နှံ့ပါတိုက်ပါများတော့ အီတူးရင်ထဲက ရည်းစားလိုချင်စိတ်တွေ ဟုန်းဟုန်းတောက်လာခဲ့၏။ အိမ့္ဝန်က ဆယ့်ရှစ်နှစ်ပြည့်ကာစပင် ရှိသေးသည်။

တကယ့် အသက်က (၁၈)ဟု မထင်ရအောင် နုဖပ်လျက်ရှိ၏။ အလုပ်ရလိုဇောနှင့် အသက်လိမ်ထားသလားဟုပင် ထင်ရလောက်သည်။ အိမ့္ဝန်က မလှသော်လည်း ချစ်စရာကောင်း၏။ သွက်လက်သော လှုပ်ရှားမှု ဟန်အမူအရာနှင့် ပေါင်းစပ်လိုက်သောအခါ စွဲမက်ဖွယ် ကောင်းသွားတော့သည်။

အလုပ်လုပ်ရာတွင်လည်း မခိုမကပ်လုပ်တတ်၍ သူတို့တွေအတွဲညီခဲ့သည်။ ဒီနေ့ မနက်ခင်း တစ်လျှောက်လုံး မနေမနားပစ္စည်းများ ပို့ခဲ့ပြီးနောက် ထုံးစံအတိုင်း ထမင်းစားနားကြ၏။

အီတူးနှင့် အိမ့္ဝန်တို့ ထမင်းချိုင့်ပါကြသော်လည်း ဇော်ရဲပိုင်ကတော့ ဝယ်စားရတုန်းပင် ဖြစ်သည်။ အီတူးကို မြှောက်ပေးလွန်း၍ ကမ်းကုန်အောင် ရည်းစားလိုချင်နေသော်လည်း ဖွင့်ပြောဖို့ သတ္တိကိုတော့ ခုထက်ထိမွေး၍ မရသေး။ ဥယျာဉ်မှူးလို အရိပ်တကြည့်ကြည့်အဆင့်ပဲ ရှိသေးသည်။

'ဘာဟင်းတွေ ပါလာကြတုန်းဟ'

အီတူးနှင့် အိမ့္ဝန် ချိုင့်တွေကို ပြိုင်တူဖွင့်ကြ၏။ အီတူးက ကြက်တောင်ပံသုံးချောင်းကို ခရမ်းချဉ်သီး၊ ငရုပ်သီးစိမ်းများနှင့် အချဉ်ဆီပြန်ချက်လာသည်။ အိမ့္ဝန်ချိုင့်မှာ ဘဲဥနှစ်လုံး။ ဘဲဥကိုတွေ့တော့ ဇော်ရဲပိုင် ပြုံး၏။ အီတူး စိတ်ပျက်သလို မျက်နှာကြီး ရှုံ့တွသွားသည်။ မအောင့်အည်းနိုင်စွာဖြင့် အိမ့္ဝန်ကို တား၏။

'အိမ့္ဝန်ရာ… ဘဲဥ မစားစမ်းပါနဲ့'

'ဟာ… ကိုအီတူးကလည်း ဒါပဲပါတဲ့ ဥစ္စာ'

'ကြိုက်တဲ့ဟင်းမှာစား ငါဝယ်ကျွေးမယ်၊ ဘဲဥကို အိမ်ပြန်ယူသွား'





'ဘာဖြစ်လို့လဲ'

ဇော်ရဲပိုင် မနေနိုင်တော့ အီတူးမှာ ဘဲဥနှင့်ပတ်သက်ပြီး အသည်းနာစရာ ကိစ္စကြီးတစ်ရပ်ရှိကြောင်း ဖွလိုက်၏။ အီတူး မပြောရန် အတင်းတားသည်။ ထိုအခါ အိမ့္ဝန် ပိုသိချင်လာ၏။

'ပြောကွာ ကိုကြီး၊ ကိုအီတူး ဘာဖြစ်ခဲ့လို့လဲ'

'ဟေ့ကောင်… မပြောနဲ့'

'မရဘူး ကိုကြီး ပြော'

ဇော်ရဲပိုင်က ဘဲဥဇာတ်လမ်းကို မှတ်တမ်းလှန်ပြလိုက်၏။ အိမ့္ဝန် သဘောကျစွာ ဟားတိုက်ရယ်သည်။ အီတူးတော့ မျက်နှာကြီးမည်းနေ၏။

'ဟုတ်တယ် ဒါ အရေးကြီးတယ်၊ တော်ပြီ ဘဲဥမစားတော့ဘူး'

'ဟား… ဟား… ဟား နင် သဘောပေါက်လွယ်သားပဲ'

ထိုအခိုက် ကုမ္ပဏီမှ ဖုန်းဝင်လာ၏။ ဆက်တာက ရတီဖြစ်နေသော်လည်း အကြောင်းအရာက အလုပ်ကိစ္စသာ ဖြစ်သည်။ သူတို့လမ်းကြောင်းရှိ စတိုးဆိုင်ကြီးက ကုမ္ပဏီသို့ တိုက်ရိုက်ပစ္စည်းမှာ၍ ဦးစားပေးဝင်ပို့ရန် ထပ်ဆင့်သွန်ကြားခြင်း ဖြစ်သည်။ အလုပ်ကိစ္စပြီးသွားတော့…

'ရတီ… အနားမှာ နန်းမြင့်ဘုံ ရှိလား'

'အင်း'

'ဖုန်းခဏ ပြောချင်လို့'

ရတီ့ရင်ထဲ မြက်တက်တက် ဖြစ်သွား၏။ သို့သော် စိတ်ထားပုပ်သူ မဟုတ်သဖြင့် နန်းမြင့်ကို ခေါ်ပေးလိုက်သည်။

'ဟဲလို… နန်းမြင့်ပါ'

'ကျွန်တော် ဇော်ရဲပိုင်လေ'

'သော်… ပြောပါ'


www.burmeseclassic.com

'ရုံးပေါ်မှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား'

'အင်း… ပြေပါတယ်'

'ဒါဆို ကျွန်တော့်ကိစ္စကော စဉ်းစားပြီးပြီလား'

'အဟင်း… အဲဒါက အချိန်ယူရဦးမှာ'

'ဟုတ်ပြီလေ ကျွန်တော် သတိပေးတာပါ'

'ဟုတ်ကဲ့ ဒါပဲနော်'

နန်းမြင့် ဦးစွာ အဆက်အသွယ် ပြတ်သွား၍ ဇော်ရဲပိုင်လည်း ကုမ္ပဏီမှ ပေးထားသည့် ဖုန်းကို ခါးမှာ ပြန်ချိတ်လိုက်၏။ အိမ္မက်က…

'ကိုကြီး… မရတီနဲ့ ဇာတ်လမ်းပြီးသွားပြီဆို'

'အင်း'

'ဘယ်လိုဖြစ်ကြတာလဲ'

'ကဲ… ကောင်မလေး မစပ်စုနဲ့ ထမင်းစား ခရီးဆက်ရဦးမှာ'

အောက်ဒိုးခွင်မှာ အိမ္မက် စပ်စုသလို ရုံးချုပ်နေ့ခင်းထမင်းဝိုင်းမှာလည်း အုပ်စုလိုက် ထမင်းစားစဉ် ဇော်ရဲပိုင်အကြောင်း ဇာတ်ထမ်းတွေ ပြောနေသမျှ နန်းမြင့်ဘုံ ကြားနေရ၏။

'ဇော်ရဲပိုင်နဲ့ ရတီ ဘယ်လိုဖြစ်ပြီး ဇာတ်လမ်းပြတ်သွားကြတာလဲ'

'မသိဘူးဟ မေးလို့လည်း မရဘူး'

'ဇော်ရဲပိုင်က ခပ်ရှုပ်ရှုပ်လားမှ မသိတာ'

'ရတီကလွဲရင် ဘယ်သူနဲ့မှ ရောတာ မတွေ့ပါဘူးဟာ ပုံမှန်ပဲဟာ'

'ရပ်ကွက်ထဲမှာ ရှုပ်ချင်ရှုပ်မှာပေါ့'

'အဆောင်မှာ နေတာဆို'

'အရေမရ အဖတ်မရတွေ ပြောမနေနဲ့ ထမင်းစားချိန်က ဆယ့်ငါးမိနစ်ပဲ ရတာ မြန်မြန်စား'





တစ်စွန်းတစ်စ သတင်းများအရ ဇော်ရဲပိုင်နှင့်ပတ်သက်ပြီး နန်းမြင့် သေချာစုံစမ်းပြီးမှ စဉ်းစားရမည်ဖြစ်ကြောင်းတော့ သိလိုက်၏။ ပြီးတော့ အဆောင်မှာနေသည်ဟု ပြောကြသည်။ မားကက်တင်း ထွက်စဉ်က အီတူး လွှတ်ခနဲ အဆောင်ကိစ္စပြောတာ သတိရမိ၏။ ထိုစဉ်က ဇော်ရဲပိုင် ရှူးသလို ပေါသလိုလုပ်ပြီး စကားလွှဲသွားတာ တွေးမိသည်။ မမေသက်ပိုင်တို့ကတော့ တည်တည်ငြိမ်ငြိမ် ရှိ၏။

ဇော်ရဲပိုင်နှင့် ရတီတွဲခဲ့ကြပုံ နှစ်ဦးသားလမ်းခွဲကြတာ မကြာသေးပုံတို့တွေလည်း နားမဆန့်အောင် ကြားခဲ့ရ၏။ ဒါဆို သူ့ဘာလုပ်ရမည်နည်း။ ရတီ့ကို ခင်မင်အောင် ပေါင်း၍ အစ်အောက်ကြည့်ရန် စိတ်ကူးရမိသည်။ အနည်းငယ်စိတ်သက်သာရာ ရသွားသဖြင့် အလုပ်ထဲ စိတ်နှစ်လိုက်၏။

ရုံးဆင်းချိန်မှာ အကြံနှင့် နန်းမြင့်က ရတီ့နား ကပ်လိုက်သွားခဲ့သည်။ ရတီက နှစ်လိုဖွယ် ပြုံးပြရင်း…

'ရုံးပေါ်ရောက်တော့ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား မနန်းမြင့်ဘုံ'

'နန်းမြင့်လို့ပဲခေါ်ပါ ရတီ၊ အလုပ်လုပ်ရတာ အဆင်ပြေပါတယ်၊ မပင်ပန်းဘူးလေ'

'မပင်ပန်းပေမယ့် ဘောနပ်(စ)ရဖို့လည်း အောက်ဒိုးလို မလွယ်ဘူးလေ'

'အဲဒါတော့ ဟုတ်တယ်နော်၊ ဘယ်တတ်နိုင်မလဲ၊ ရသလောက်ပေါ့'

စကားပြတ်သွားကြ၏။ ရတီ့စိတ်ထဲ သိချင်စိတ်တွေ တဖွားဖွားပေါ်လာသဖြင့် သင့်မသင့်ပင် မစဉ်းစားနိုင်တော့ဘဲ…

'နန်းမြင့်တို့ မင်္ဂလာဆောင်က ဘယ်တော့လဲ'

'ရှင်'

'ကိုဇော်ရဲပိုင်နဲ့ လူကြီးချင်းသဘောတူထားတယ်ဆို ဘယ်


www.burmeseclassic.com

တော့လောက် လက်ထပ်ဖြစ်မလဲလို့ပါ၊ လက်ဖွဲ့ကိစ္စ ကြိုတင်စီစဉ်ထား ရအောင်လို့လေ'

ရတီ့အမေးကြောင့် နန်းမြင့်မျက်လုံး အဝိုင်းသားဖြစ်သွား၏။ ဒီစကား ဘယ်က ဘယ်လိုစပြီး ရတီ့ဆီ ရောက်နေသလဲဆိုတာ သူ သိရမှ ဖြစ်မယ်။

'အဟင်း… ရတီ ဘယ်လိုလုပ်သိလဲ'

'ကိုဇော်ရဲပိုင် ပြောပြတာလေ'

'သြော်… လိုပါသေးတယ် ရတီရယ်၊ ခုမှ ပြင်ဆင်ကြတာ လေ'

ရေလိုက်ငါးလိုက် အဖြေပေးပြီး နန်းမြင့် အတွေးတွေနှင့် ရှုပ်ထွေးကုန်၏။ ဇော်ရဲပိုင် ဘာလို့ ဒီလိုပြောရသလဲ၊ သူ့နာမည်ကို ခုတုံးလုပ်ပြီး မဟုတ်တာတွေ အကြောင်းပြကာ ရတီနှင့် လမ်းစဖြတ်ခဲ့ တာလား။ ဒါဆိုလျှင်တော့ ဇော်ရဲပိုင် တော်တော်လွန်သည်ဟုသာ ဆိုရတော့မည်။ ဒီကိစ္စ ဇော်ရဲပိုင်နှင့် တွေ့ဆုံမေးကြည့်မှ ရတော့မည် ထင်၏။

ရတီနှင့် နန်းမြင့်လျှောက်လာရင်း ကားဂိတ်အနီးသို့ပင် ရောက် လာခဲ့ကြသည်။ ထိုစဉ်မှာပင် မမျှော်လင့်သော အဖြစ်တစ်ခု ရုတ်ချည်း ဖြစ်လာ၏။ ခပ်လှမ်းလှမ်းကားဂိတ်မှ လူတစ်ယောက်ပြေးလာပြီး နန်း မြင့်ကို ဖက်လိုက်သည်။ ရုတ်တရက်မို့ အားလုံးလန့်သွားကြ၏။

'ညီမလေး… နန်းမြင့်'

'ဟင်… အစ်ကို အစ်ကိုပြန်ရောက်နေပြီ ဟုတ်လား'

'အင်း… အခြေအနေအရ နည်းနည်းစောသွားတာ'

'ဝမ်းသာတယ် အစ်ကို အိမ်ကို ရောက်ပြီးပြီလား'

'ရောက်ပြီးပြီ အမေ့ဆီက လိပ်စာမေးပြီး လိုက်လာတာ ယူနီဖောင်းတွေနဲ့ချည်း ဆိုတော့ မျက်စေ့လျှမ်းပြီး ရှာမတွေ့လို့ ပြန်မယ် ဆိုပြီး ကားစောင့်နေတာ'





'ဟုတ်လား'

တအံ့တသြ ငေးကြည့်နေသော ရတီမှာ စကားအသွားအလာ အရ နန်းမြင့်နှင့် ဆက်နွယ်မှုကို သိရပြီး အသာငြိမ်နေလိုက်၏။ နန်းမြင့်တို့ ကားဂိတ်သို့ ဆက်လျှောက်လာကြသည်။ နန်းမြင့် အစ်ကို ဆိုသူက နန်းမြင့်ကဲ့သို့ပင် ချောတာ သတိပြုမိ၏။ ထိုလူကလည်း ရတီ့ကို စူးစူးဝါးဝါး ကြည့်သည်။

'ညီမလေး… သူငယ်ချင်းနဲ့ မိတ်ဆက်ပေးဦးလေ'

'ရှင်… သြော်… သူက ရတီတဲ့ ညီမလေးနဲ့ ဆက်ရှင်အတူ တူပဲ၊ ရတီရေ… ဒါ နန်းမြင့်အစ်ကို ကိုမြင့်မိုးတဲ့'

'သြော်… ဟုတ်ကဲ့ရှင့်၊ နောက်တွေ့လည်း ခေါ်ပါနော်'

'အဲဒါတော့ စိတ်ချ ရတီ၊ မခေါ်မှာ မပူနဲ့ ခုတောင် အတင်း မိတ်ဆက်ခိုင်းနေရတာလေ၊ ဟဲ… ဟဲ နောက်မှ မသိချင်ယောင် ဆောင်မနေနဲ့'

'ရှင်… ဟုတ်… ဟုတ်ကဲ့'

ကားစောင့်ရင်း စကားဆက်ပြော ဖြစ်ကြ၏။ နန်းမြင့်ကတော့ ရင်တွေပူနေပြီ။ သူ့အစ်ကိုအကြောင်း သူ့အသိဆုံး မဟုတ်လား၊ အစ်ကို က မိန်းကလေးများအတွက် သင့်တော်သူ မဟုတ်။ သို့သော် ခုမှ ထောင်က ထွက်လာတာပါဟုလည်း မိတ်ဆက်ပေးရန် မဝံ့သလို ဖြစ်နေ၏။

ရတီကတော့ နန်းမြင့်အစ်ကိုက အတော်ရဲတင်းသည့် လူဟု သာ မှတ်ချက်ချမိသည်။ ရတီစီးရမည့်ကားက အရင်ရောက်လာသဖြင့် နန်းမြင့်တို့ မောင်နှမကို နှုတ်ဆက်ပြီး ကားပေါ်တက်သွားတော့သည်။

မိုးမြင့်က ရတီ့အား မြင်နိုင်သရွေ့ လိုက်ကြည့်ကာ လက်တ ပြပြနှင့် ကျန်ခဲ့၏။ နန်းမြင့်က အစ်ကို့ကို မျက်စောင်းထိုးမိသည်။

'အဟား… လန်းတယ်ကွာ၊ ညီမလေး ဘော်ဒါက မိုက် တယ်'


www.burmeseclassic.com

'အစ်ကိုနော်၊ ညီမလေးရဲ့ အလုပ်ခွင်မှာ သိက္ခာကျအောင် အရှက်ရအောင်တော့ မလုပ်ပါနဲ့ အလုပ်တစ်ခုရဖို့ လွယ်တာ မဟုတ်ဘူး'

'လုပ်ပြီဟာ ငါက သက်သက်လာနှောင့်ယှက်မှာ မို့လို့လား'

'ကြိုပြီး သတိပေးထားတာ ဟိုမှာ ကားလာပြီ'

အိမ်ပြန်ရောက်မှ နားကြရမှာမို့ ကျပ်ကျပ်သိပ်သိပ် ကားကို ပင် အတင်းတိုးဝှေ့ တက်ခဲ့ကြတော့သည်။

❒ ❒ ❒

အောင်စာရင်းထွက်သည် သတင်းကြား၍ စောစောစီးစီး သွားကြည့်ခဲ့၏။ နောက်ဆုံးနှစ် စာမေးပွဲအောင်စာရင်းတွင် ဇော်ရဲပိုင်နာမည် ပါလာခဲ့သည်မို့ ဝတ်ကျေတန်းကျေ ပညာသင်ကာလ ပြီးဆုံးခဲ့သည်။ သူ့စိတ်တွေ ပေါ့ပါးလန်းဆန်းနေသဖြင့် ကုမ္ပဏီသို့ အစောကြီးထွက်လာမိသည်။

လုံခြုံရေးက လွဲပြီး ဘယ်သူမှ မရောက်သေးသဖြင့် အနားက ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာပင် အချိန်ဖြုန်းနေလိုက်သည်။ နာရီဝက်လောက် အချိန်ကုန်သွားတော့မှ စာတစ်စောင်ဖတ်ရင်း လမ်းလျှောက်လာသည့် အီတူးကို လှမ်းတွေ့ရသည်။

ဘယ်လောက် အရေးကြီးသည့်စာမို့ ကားတိုက်မှာ မကြောက်ဘဲ လမ်းလျှောက်ရင်း ဖတ်လာရတာလဲ။ အီတူး ဘာတွေ အဆန်းတကြယ် လုပ်မလို့ပါလိမ့်။

'ဟေ့ကောင်··· အီတူး'

ခေါ်သံကြောင့် လှည့်ကြည့်သည့် အီတူး ဝမ်းသာသွားပုံနှင့် ဆိုင်ထဲဝင်လာသည်။ မစ်ပလိန်းဟုအော်ကာ ခုံတစ်လုံး ဆွဲယူထိုင်လိုက်၏။





'အမွေရမယ့် သေတမ်းစာမို့လို့ လမ်းလျှောက်ရင်း ဖတ်လာတာလား အီတူး'

'နိမိတ်မရှိ နမာမရှိကွာ၊ သေတမ်းစာ မဟုတ်ဘူး ရှင်တမ်းစာကွ၊ အိမွန်ကိုပေးဖို့ အိပ်ရေးပျက်ခံရေးလာတဲ့ ရည်းစားစာ'

'ဟဲ··· ဟဲ တယ်ဟုတ်ပါလား ပြစမ်း'

'အဟီး··· ရှက်စရာကြီးကွာ၊ ဒါမျိုးက သက်ဆိုင်သူ ဖတ်မှပဲ အရသာရှိတာ ထားလိုက်စမ်းပါကွာ၊ သူ့လက်ထဲ ဘယ်လိုထည့်ရမလဲ ဆိုတာပဲ အကြံပေး'

'မင်းစကားမှာတင် အဖြေက ပါပြီးသား သူ့လက်ထဲ ဘယ်လိုထည့်မလဲ ဟုတ်လား၊ ရည်းစားစာပေးပါတယ် ဆိုမှ သူ့လက်ကို ဆွဲပြီး သူ့လက်ထဲထိုးထည့်လိုက်ပေါ့၊ ဒါမျိုး ကလေးကအစ သိတယ်'

'ဟာကွာ··· အဲလို ပေါ်တင်မပေးရဲလို့ပေါ့ဟ'

'မင်းကလည်း အဓိပ္ပာယ်မရှိတာကွာ၊ မင်းခိုက်နေတာ သူသိမှ မင်းအတွက် အခွင့်အရေးရလာမှာလေ၊ အဲဒါ ပေါ်တင်မရှင်းလို့ ဘယ်လိုလုပ်မလဲ'

'ငါကြောက်တယ်ကွ'

'ကြောက်ရင် တစ်ယောက်တည်းနေ အဖော်မရှာနဲ့'

'မင်းကလည်းကွာ'

'ဟုတ်တယ်လေ ဒါ မသိအောင် လုပ်လို့ရတဲ့ ကိစ္စမှ မဟုတ်တာ'

'ဟေ့အေးကွာ မသိမသာ ပေးလို့ရတဲ့နည်းပဲ ငါစဉ်းစားဦးမယ်'

'သဘောပဲ ဒါပေမဲ့ အလုပ်ဖြစ်မှာ မဟုတ်ဘူးလို့ ကြိုပြောလိုက်မယ် ဒါပဲ'

အီတူးက ရည်းစားထားချင်သော်လည်း ပွင့်လင်းမြင်သာအောင် မလုပ်လိုပဲ မသိမသာ နည်းလမ်းကိုသာ ချွေးထွက်အောင်

www.burmeseclassic.com

တွေးလျက်ရှိ၏။ အီတူး ကံကောင်းသည်ဟုသာ ဆိုရမည်။ ထိုနေ့က မားကက်တင်း(န်)ထွက်တော့ ရူပါမားကက်တစ်ခုသို့ ပစ္စည်းဝင်ပို့ကြရသည်။ အခွင့်ကြုံသဖြင့် အိမ္ပန် Toilet ဝင်၏။ ဒီတော့ အိမ္ပန်ဖိုင်ကို အီတူး ကိုင်ထားခွင့်ရသွား၏။

ထိုအခွင့်အရေးကို အပီအပြင် အသုံးချကာ အီတူးက ဖိုင်ထဲက စာရင်းစာရွက်များကြားတွင် သူ့ရည်းစားစာကို ညှပ်ထည့်ထားလိုက်သည်။ သူ့လုပ်ရပ်ကို သူ့ဘာသာ ကျေနပ်နေလေ၏။ ထိုသို့ ရည်းစားစာ ညှပ်ထားခြင်းကို အိမ္ပန် လုံးဝမသိခဲ့ပေ။ ထမင်းစားနားသည့် အချိန်ကျမှ ဇော်ရဲပိုင်က မသိမသာ သတိပေးရသည်။

'အိမ္ပန်… ညည်းမှာ ရည်းစားတွေ ဘာတွေ မရှိဘူးလား'

'အမယ် မရှိပါဘူး ကိုကြီးရာ၊ အိမ္ပန်က ငယ်ငယ်လေးရှိသေးတာကို'

'အိမ္ပန်ကို ငယ်တယ်လို့ မထင်တဲ့ လူတွေ အများကြီးနော်'

ဒါမျိုးကျတော့ အီတူး ဝင်ဖောတတ်၏။ မျက်နှာကြီးကလည်း ပြည်တည်တည်နှင့်…

'ဘယ်သူတွေလဲ'

'တော်တော်များများပဲ အိမ္ပန်ရဲ့'

'အတိအကျပြော'

'M.D ကစပြီး တို့တွေအထိဟာ'

'ဟုတ်လည်း ဟုတ်ပဲနဲ့'

အီတူး၏ မလိုမ့်တစ်ပတ် ရှင်းတမ်းက ထိုမျှနှင့် ပြီးသွားသည်။

'အိမ္ပန်… ကုမ္ပဏီရောက်လို့ ငွေအပ်ရင် စာရင်းတွေ ဘာတွေ သေချာစစ်ပြီးမှ အပ်နော်'

'ဟုတ်ကဲ့ပါ ကိုကြီး'

ဇော်ရဲပိုင် တတ်နိုင်တာကတော့ ဒီလောက်ပဲ ဖြစ်၏။ ဟိုကောင် အီတူး နေရထိုင်ရ ခက်နေမည်စိုး၍ အတိအကျ သတိပေးခွင့် မရဘဲ ဖြစ်နေသည်။ ဇော်ရဲပိုင် ခါးမှ ဖုန်းမြည်လာပြန်သည်။ ကုမ္ပဏီမှဆိုလျှင် နန်းမြင့်နှင့် စကားပြောဦးမည်ဟု စိတ်ကူးပြီး ကြည့်မိတော့ မမဆီမှ ဖြစ်နေ၍ စိတ်ပျက်သွားသည်။





'ဟဲလို… မမ ပြော'

'အောင်စာရင်းထွက်တယ်လို့ ကြားတယ်၊ ငါ့မောင် အောင်လား'

'အောင်တယ် မမ၊ ပြီးသွားပြီ အချိန်တန်ရင် ဘွဲ့ယူရုံပဲ'

'ဝမ်းသာတယ် မောင်လေး၊ အဲဒါကို မေမေ အရမ်းသိချင်နေတာ ဘာလို့ အိမ်ကို ဖုန်းမဆက်တာလဲ၊ ကိုယ်တိုင်ပြောပြလိုက်ဦးလေ'

'မမပဲ သတင်းပေးလိုက်ပါဗျာ၊ ကျွန်တော့်ကိစ္စ ဖေဖေမှ စိတ်မဝင်စားတာ'

'အဲလို တဇွတ်ထိုး မလုပ်ပါနဲ့ မောင်လေးရယ်၊ မင်း အိမ်ပြန်နေဖို့ ကိစ္စကလည်း ရှိသေးတယ်လေ'

'ကျွန်တော် ခုလိုနေရတာ အသားကျနေပြီ မမ၊ ဘယ်သူ့အထောက်အပံ့မှ မလိုဘဲ ရပ်တည်ရတာကို ကျွန်တော်ပျော်နေပြီ'

'မဟုတ်သေးဘူး မောင်လေး'

'ထားလိုက်ပါတော့ မမရာ၊ ကျွန်တော် အခု အလုပ်ခွင်မှာ မအားဘူး၊ နောက်မှပဲ ပြောတော့'

ဇော်ရဲပိုင် ဖုန်းပိတ်လိုက်၏။ သူ့လူတွေ စားလို့သောက်လို့ ပြီးမပြီး အကဲခတ်ရင်း အလုပ်ခရီးဆက်ဖို့ ဆော်ဩလိုက်တော့သည်။

❒ ❒ ❒


www.burmeseclassic.com

## အခန်း(၅)

ကမ္ဘာကြီး သူ့ဝင်ရိုးပေါ် သူတစ်ပတ်လှည့်တာ ပြည့်သွားပြန်သဖြင့် ကမ္ဘာ့အနောက်ခြမ်း အမှောင်လွှမ်းပြီး အရှေ့ခြမ်းက နေမင်းကို မြင်ခွင့်ရလာသည်။ နေသည် ထွက်လည်း မထွက်သလို ဝင်လည်း မဝင်ချေ။ ယူနီဗာ့(စ်)၏ ဆန်းကြယ်မှုများကြောင့် နေနှင့်လကို တစ်လှည့်စီမြင်ရကာ နေ့နှင့်ညဟု ထင်နေကြခြင်း ဖြစ်၏။

အခုလည်း နေကို မြင်ရပြန်သဖြင့် မနက်လင်းပြီဟု ယူဆပြီး ငှက်တွေလည်း ငိုက်နေရာမှ အသံပြုနှင့် ထအော်ကာ တောင်ပံတဖြတ်ဖြတ် ခတ်ကြ၏။ စားစရာရဖို့ ဟိုဒီ ကြည့်ကြ၏။ ခွေးတွေလည်း လမ်းကြိုလမ်းကြားနှင့် အိမ်အောက်များမှ ထွက်၍ အရိုးဝါးဖို့အရေး ကြိုးစားလို့ ပြေးနေကြပြီ။

လူတွေရော ဘာများထူးလို့ပါလဲ။ ငှက်လို ဆန်စေ့၊ စပါးစေ့ မကောက် ခွေးလို အရိုးမရှာသော်လည်း စားစရာဝယ်လို့ရသည့် ကြားခံပစ္စည်းဖြစ်သော ငွေကို ရှာရသည်။

သို့ဖြစ်၍ အလင်းရောင်မြင်သည်နှင့် လူတွေလည်း အိမ်မှ ထွက်၍ သက်ဆိုင်ရာအလုပ်များသို့ သွားကြရ၏။ အရပ်ရှစ်မျက်နှာသို့ လူတွေ ပြန့်ထွက်သွားကြသည်။ တော်သေး၏။ အရပ်ရှစ်မျက်နှာ မသွားဘဲ တစ်ဘက်တည်းသာ စုသွားကြလျှင် ကမ္ဘာကြီးလည်း ၂၃½ မှ ၆၀၊ ၆၅ တွေအထိ စောင်းပြီး မှောက်လျက်လဲသွားမှ အားလုံးဒုက္ခ ရောက်ကုန်ကြမည် မဟုတ်လား။





ဇော်ရဲပိုင်လည်း အလုပ်လုပ်ဖို့ ငွေရှာဖို့ ကုမ္ပဏီသို့ ရောက်လာ၏။ ရောက်ရောက်ခြင်း ဆိုသလို ထူးခြားတာကို သတိပြုမိသည်။ ကောင်မလေးတွေ အုပ်စုဖွဲ့ကာ စာရွက်ကိုယ်စီကိုင်၍ တွတ်ထိုးဟားတိုက်နေခြင်းပင်။ ဘာတွေများလဲ ရွှေပေလွှာရလို့များလား။ သူ့အတွေးတွေ မဆုံးခင် ကောင်မလေးတစ်ယောက်က စာရွက်တစ်ရွက် လှမ်းပေး၏။ ဘာများလဲဟု သိချင်စိတ်နှင့် ဖတ်ကြည့်သည်။

**အိအိစက်စက် အသားအရေကို ပိုင်ဆိုင်တဲ့ မွှန်မွှန်ရည်ရည်နဲ့ ကောင်မလေး အိမွှန်ရေ...**

'ဟိုက်! ပြဿနာပဲ ဒါ ဟိုကောင် အီတူးရဲ့စာပဲ ဖြစ်မယ်' ဇော်ရဲပိုင် မျက်ခုံးကြော့ရှုံ့သွား၏။ အကြောင်းစုံသိရအောင် စာကို ဆက်ဖတ်လိုက်သည်။

**နေ့ရှိသရွေ့ တွေ့နေရတော့ နေ့နေ့ညည သတိရတယ်...**

**တမ်းတမ်းတတ လွမ်းမိရတယ်...**

**ချစ်တဲ့အကြောင်း အာတွေညောင်းပြီး အပ်ကြောင်းထပ်အောင် ပြောချင်တယ်...**

**အဲဒီအတွက် သတ္တိတွေများရမလားလို့ ဗန္ဓုလဆီ ခဏခဏ သွားပြီး ချေငှားမိတယ်၊ ဗန္ဓုလက သတ္တိဆိုတာ ဗီဒီယိုအခွေလို ငှားလို့ရတာမျိုး မဟုတ်ဘူးတဲ့၊ ဒီတော့ မျက်နှာချင်းဆိုင်ပြီး ဖွင့်ဟပြောပြချင်တဲ့ ကိုယ့်ဆန္ဒတွေ မြောင်းထဲရောက်သွားပြန်ရော...**

**ကြံရာမရ ချစ်ဒုက္ခတွေ ငြိမ်းစေအေးစေ ပြေပျောက်စေဖို့ ကိုယ့်အဖေ သုံးခဲ့တဲ့ နည်းလမ်းဟောင်းကိုပဲ ရွေးချယ်ပြီး စာရေးအသိပေးလိုက်ပါတယ် အိမွှန်...**

**အဖေက အမေ့ကို ပြောခဲ့သလိုပဲ မင်းကို ပြောမယ်၊ သိပ်ချစ်တယ်ကွာ၊ ချစ်တယ် ဆိုတာ မင်္ဂလာပဲ၊ မင်္ဂလာရှိအောင် မင်္ဂလာဆောင်တဲ့။ မင်္ဂလာဆောင်ဖို့ ဆိုတာကလည်း မင်းနဲ့ ကိုယ်နဲ့ အိုကေမှဖြစ်မှာလေ၊ ဒီတော့ အိုကေ လိုက်ကြရအောင်နော်...**

ချစ်တဲ့ အီတူး


www.burmeseclassic.com

'ဟိုက်ရှားလပါး တယ်ဆော်တဲ့ စာပါလား၊ အီတူးရေ အိုကေ မကေတော့ မသိဘူး၊ မင်းကို ကြိုဟ်မွေမယ့် ပြဿနာကတော့ ရယ်ဒီပဲ ဟေ့'

'ကိုဇော်ရဲပိုင် အဲဒါ ရှင့်ဘော်ဒါရဲ့ လက်ချက်ပဲ မဟုတ်လား'

'ဟုတ်မှာပေါ့၊ မပြောတတ်ဘူးလေ ကိုယ်လုပ်တာမှ မဟုတ်တာ'

'အဟဲ··· အင်းလေ ဟုတ်ပါရဲ့'

'ဒါတွေ ဘယ်သူဝေနေတာလဲ'

'ကြီးကြပ်ရေးမှူး အပျိုကြီးလေ'

'အဲဒီ အားဂျီးမ တော်တော်ဝါသနာပါပုံ ရတယ်နော်၊ အကုန် အကျခံပြီးတော့များ ဖွရတယ်လို့'

'ဖွမှာပေါ့ သူစစ်ရတဲ့ ဖိုင်ထဲ အဲဒီစာ ပါလာတာကိုး'

'ဟေ'

ဇော်ရဲပိုင် ဘာမှ မပြောနိုင်တော့။ ဒီကိစ္စက အီတူးလည်း မမှား၊ ကြီးကြပ်ရေးမှူးလည်း မမှား၊ မှားတာက အိမွန်သာ ဖြစ်နေ၏။ စာရင်းမအပ်ခင် သေချာစစ်ဟု မှာလိုက်တာတောင် စာက ပါဖြစ်အောင် ပါသွားသေးသည်။ အတော်ဖြလရမ်းနိုင်တဲ့ အိမွန်ပါပဲလား။ ပဲလှော်ကြား ဆားမညပ်အောင် ဇော်ရဲပိုင် ရှောင်နေရတော့၏။

အီတူးတို့ အိမွန်တို့ ရောက်လာသောအခါ အရှက်တကွဲအဖြစ်ကို နှစ်ယောက်လုံး ရင်ဆိုင်ရသည်။ ဇော်ရဲပိုင်လည်း ကုန်ကားများကို အကာအကွယ်ယူကာ ရှောင်တိမ်းနေလိုက်၏။ ရှောင်ဖို့ တိမ်းဖို့ အချိန်မရတော့သော ကိုးနာရီခွဲတွင် ကားပေါ်တက်ထိုင်ကာ စောင့်နေ၏။

ဖရိုဖရဲမျက်နှာနှင့် အီတူး၊ ဒေါသမျက်နှာနှင့် အိမွန်တို့ ရှောင်နေ၍ မရတော့ဘဲ ကားဆီ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ ဇော်ရဲပိုင်လည်း ဘာစကားမှ မစဘဲ မောင်းထွက်လာခဲ့၏။

'ရှက်စရာကောင်းလိုက်တာ တစ်ရုံးလုံး ရည်းစားစာကော်ပီ ကိုယ်စီနဲ့ ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကိုအီတူး'





'ဘာ··· ဘာမှ မလုပ်ရပါဘူးဗျာ၊ ဒီအတိုင်း စာညှပ်ပေးလိုက်ရုံပါ'

'အဲဒါကို ရှင် ပြောလေ၊ ဘာမှ မပြောတော့ ကျွန်မက သိမလား'

'မ··· မပြောရဲလို့'

'ရှင် မပြောရဲတာ အကြောင်းမဟုတ်ဘူး၊ ခုတော့ ကျွန်မ အရှက်ကွဲပြီ'

အိမွန်က အီတူးအား အဆက်မပြတ် လှိမ့်ကောနေသည်။ အီတူး မျက်နှာငယ်လေးနှင့် ဘာမှ ပြန်မပြောရှာ။

'အလုပ်တောင် ထွက်ပစ်လိုက်ချင်တယ် တကယ်ပဲ'

'အဲ··· အဲလိုတော့ မလုပ်ပါနဲ့ အိမွန်ရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ အိမွန်လည်း ဖိုင်ထဲက စာရင်းတွေကို သေချာစစ်ရင် ဒီစာကို တွေ့မှာပါ'

'ဩော်··· ရှင်က ကျွန်မအပေါ် အပြစ်ပုံချ ချင်တယ်ပေါ့လေ'

'မ··· မဟုတ်··· မဟုတ်ပါဘူး အိမွန်၊ သဘောကို ပြော··· ပြောတာပါ'

ဇော်ရဲပိုင် မနေသာတော့။

'ကဲပါ··· အိမွန်ရယ်၊ ဖြစ်ပြီးသွားတာတွေကို ပြန်ပြင်လို့မှ မရတော့ဘဲ တစ်ယောက်ကို တစ်ယောက် အပြစ်ပြောမနေကြပါနဲ့၊ ခုဟာက အီတူးက သူချစ်နေတာကို ပွင့်ပွင့်လင်းလင်း ဖွင့်မပြောရဲလို့ ဖြစ်ကြရတာ မဟုတ်လား၊ တမင်တကာ လုပ်ကြံပြီး အရှက်ခွဲတာ မဟုတ်ဘူးလေ'

'ဒါတော့ ဒါပေါ့ ကိုကြီးရယ်'

'ဒါဆို ကျေအေးပေးလိုက်ပါ၊ ပတ်ဝန်းကျင်ဆိုတာ စိတ်ဝင်တစားနဲ့ အတင်းပြောရင်လည်း တစ်ပတ်ပါပဲ'


www.burmeseclassic.com

'ဟုတ်ပါတယ် အိမ့်နွန်ရယ်၊ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်နော်၊ ကိုယ့်မေတ္တာတွေကို ပြန်ရုပ်သိမ်းဖို့က လွဲရင် ဘာမဆို လုပ်ပေးပါ့မယ်'

အီတူးက မလျှော့သော ခွဲလုံ့လနှင့် ထပ်မံအရေးဆို၏။ အိမ့်နွန်က မျက်စောင်းလှလှကြီးနှင့် ပစ်ပေါက်သည်။ ပြီးတော့…

'ဒါဆို ရှင် အလုပ်ထွက်လိုက်'

'ဟာ… ဒါတော့ ဘယ်ဖြစ်မလဲ အိမ့်နွန်ရယ်'

'ရှင်ပဲ ဘာမဆို လုပ်ပေးပါ့မယ်ဆို'

'ဒါက ဒီလိုလေ ဒီအလုပ်လေးရှိမှ အိမ့်နွန်ကို ရှာကြွေးနိုင်မှာ မဟုတ်လား'

မပြောရဲတဲ့ အီတူး၊ ပြောမယ့်ပြောတော့လည်း ချည်ပြီး တုပ်ပြီး ဖြစ်နေ၏။ ဇော်ရဲပိုင် မနေနိုင်တော့ဘဲ တဟားဟား အော်ရယ်မိသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဘယ်သူမှ စကားမဟတော့။

ဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်လိုက်၏။ သုံးယောက်လုံး ဆင်းလိုက်ကြသည်။ ဆိုင်ထဲဝင်၍ လိုအပ်သော ပစ္စည်းစာရင်း တောင်းယူကြ၏။ မှာထားသော ပစ္စည်းများပို့ပေးရန် ကားနောက်ခန်းသို့ လာခဲ့ကြသည်။ သော့အနီးတွင် အီတူး၏ စာတစ်စောင် ကပ်ထားတာ တွေ့လိုက်ကြရပြန်၏။

ဒီတစ်ခါတော့ အိမ့်နွန်က စာရွက်ကို ဖြုတ်ယူပြီး ခေါက်သိမ်းထားလိုက်တော့သည်။

❒ ❒ ❒

'ရတီ'

'ပြော နန်းမြင့်'

'ဟိုလေ သတိပေးထားချင်လို့'

'ဘာများလဲ'





'ကိုယ့်အစ်ကိုနဲ့ ပတ်သက်လို့ပါ'

'ရှင်… အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲ'

'မဆိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ပြောမထားရင် ကျွန်မ တာဝန်ဖြစ်မှာစိုးလို့ပါ'

'ဆန်းတော့ ဆန်းနေပြီ နန်းမြင့်ရယ်၊ ပြောပါဦး ဘာများလဲ'

'ကျွန်မအစ်ကိုက ထောင်ထွက်တစ်ယောက်ပါ'

'ရှင်!'

'အမှုကြီးတော့ မဟုတ်ပါဘူး၊ ရန်ဖြစ်လို့ ရိုက်မှုနဲ့ ရောက်သွားရတာလေ၊ ဒါပေမဲ့ အစ်ကိုက ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားတစ်ယောက်ပါ ရတီ'

'နန်းမြင့်ရယ်'

'သူက ရုပ်ဖြောင့်တယ်၊ အပြောကောင်းတယ် နောက်ပြီး မိန်းကလေးတွေကို ကစားတတ်တယ်'

'ရတီ သတိထားပါ့မယ်'

'အစ်ကိုက ရတီ့ကို သဘောကျနေတယ်'

'ဘုရား… ဘုရား'

နန်းမြင့်အပြောကြောင့် ရတီ ဘုရားတသွားရ၏။ အကာအကွယ်လုပ်ဖို့ အဖေနှင့် မောင်လေးကို ရှုံးသွားရုံးပြန် ကြိုပို့လုပ်ခိုင်းရမလို ဖြစ်နေပြီ။ နန်းမြင့်ထံမှာ ပြောစရာစကားတွေ ရှိနေသေးပုံရ၏။ ပြောသင့်မပြောသင့် စဉ်းစားနေဟန်ကိုလည်း တွေ့ရသည်။ သို့နှင့်…

'နန်းမြင့် ပြောစရာရှိသေးတဲ့ ပုံပဲ၊ ပြောလေ အားမနာပါနဲ့'

'အဟင်း… ရတီ တိုက်တွန်းလို့သာ ပြောရမှာ အားတော့ ခပ်နာနာရယ်၊ ဟိုလေ ဇော်ရဲပိုင်ကိစ္စပါ၊ သူနဲ့ ရတီတို့ ပတ်သက်ခဲ့တယ်ဆိုတာ နန်းမြင့် သတင်းကြားပြီးပါပြီ'

ရတီ အံ့သြမျက်လုံးပြူးသွားရပြန်သည်။ စေ့စပ်ထားသူက အရင်ရည်းစားဟောင်းကို ဘာများပြောစရာ ရှိလို့ပါလိမ့်။

'ဟုတ်ပါတယ် နန်းမြင့်၊ ဘာကို သိချင်တာလဲ'

'ဇော်ရဲပိုင်က ဘယ်လိုလူစားလဲဟင်'

ရတီ အံ့သြရမှာလား၊ မခံချိမခံသာ ဖြစ်ရမှာလား မစဉ်းစားတတ်တော့၊ လူကြီးချင်းသဘောတူလို့ စေ့စပ်ထားပြီးမှတော့ ကိုယ့်ဟာကိုယ် လေ့လာပေါ့။

'နန်းမြင့်တို့ကို လူကြီးတွေ သဘောတူထားကြတာဆို'

နန်းမြင့်ဘုံ မဲ့ပြုံးပြုံးရင်း ခေါင်းရမ်းသည်။

'မဟုတ်ဘူး ရတီ၊ ဒီမှာ မလုပ်မဝင်ခင်အထိ သူနဲ့ နှစ်ကြိမ်ပဲ ဆုံဖူးတာပါ၊ သူ့အဖေ အမေဆိုတာ မြင်တောင် မမြင်ဖူးဘူး'

'ရှင်'

ရတီ အံ့သြပြီးရင်း အံ့သြနေတော့၏။

'ရှင် ဒီနေ့ ကျွန်မကို အံ့သြပြီး သေသွားအောင် လုပ်မလို့လားဟင်'

'တကယ်ပြောတာပါ၊ သူ့အစ်မရဲ့ ယောက္ခမကြီး ရက်လည်မှာ ဆုံခဲ့ကြတာ သူဘယ်မှာ အလုပ်လုပ်မှန်းတောင် မသိဘူး၊ ဒီမှာ လာဆုံလို့ အံ့သြနေတာ'

'ရှင်… ဒါ… ဒါဆို သူ ရတီ့ကို တမင်အကြောင်းပြပြီး လမ်းခွဲခဲ့တာပေါ့'

'ဖြစ်နိုင်ပါတယ် ရတီ'

'ဒါနဲ့ သူ နန်းမြင့်ကို မချဉ်းကပ်ဘူးလား၊ မကြိုးစားဘူးလား'

'နန်းမြင့် အလုပ်ဝင်တာ သုံးလပြည့်တဲ့နေ့က ပရိုပို့စ်တော့ လုပ်ပါတယ်'

'ဟား… ဘာအထာလဲ ဒီကောင် မမိုက်ဘူး'

ရတီ အကြီးအကျယ် ပေါက်ကွဲသွား၏။ ဇော်ရဲပိုင်က နန်းမြင့်ဘုံကို တွေ့ပြီး အသည်းစွဲ ဖြစ်သွားပုံရသည်။ နန်းမြင့်ဘုံ၏ အချစ်ကို ရဖို့ ကြိုးစားဖို့အတွက် မဟုတ်မဟတ် အကြောင်းပြပြီး သူမကို ဖယ်ထုတ်ခဲ့ခြင်း ဖြစ်၏။





'ဟုတ်တယ် ရတီ၊ ဇော်ရဲပိုင် မရိုးသားဘူး၊ ဒါကြောင့် သူ့အကြောင်း သိချင်တာ'

'သူအပြောင်းအလဲမြန်တာ သစ္စာမရှိတာ သိနေပြီပဲ နန်းမြင့်ရယ်၊ ဒီလိုလူမျိုးကို ရှောင်ရမှာလေ ဘာကိစ္စ သူ့အကြောင်း သိချင်နေရတာလဲ'

'အမှန်အတိုင်းပြောမယ် ရတီ၊ အစ်ကိုလူဆိုးကြောင့် နန်းမြင့် ဘယ်ယောက်ျားလေးနဲ့မှ ပတ်သက်ခွင့် မရခဲ့ဘူး၊ လိုက်တဲ့သူတွေ များပေမယ့် အစ်ကို့ကြောင့် အကုန်လက်လန်သွားကြတယ်၊ သူတစ်ယောက်ပဲ ပြောချင်တဲ့ ချစ်စကားတွေ ပြည့်စုံအောင် ပြောခွင့်ရသေးတာ'

'သြော်… နန်းမြင့်ရယ်'

ဝေဒနာကိုယ်စီနှင့် မိန်းမသားနှစ်ယောက် ငေးငိုင်သွားကြ၏။ လောလောဆယ်မှာ နန်းမြင့်က သူ့အစ်ကိုအကြောင်း အရှိအတိုင်း ဖောက်သည်ချကာ ရှောင်ရန်ဆောင်ရန်များပြောပြ၍ ကျေးဇူးပြုထားသူ ဖြစ်၏။ သူလည်း နန်းမြင့်မမှားတန် မမှားရအောင် သိသင့်သိထိုက်တာတွေ ပြောပြမှ ဖြစ်တော့မည်ပေါ့။

'ဇော်ရဲပိုင်နဲ့ ပတ်သက်ခဲ့တဲ့ တစ်နှစ်နီးပါး အချိန်အတွင်း နစ်နာခဲ့ရတာတော့ မရှိပါဘူး နန်းမြင့်၊ ပြီးတော့ သူဟာ အိမ်က နှင်ချခံရလို့ အဆောင်မှာနေပြီး သူ့ဘဝသူကြောင်းနေရတဲ့သူ နန်းမြင့်နဲ့ လက်ထပ်မှ အိမ်ပေါ်ပြန်တက်ခွင့်ရမှာတဲ့'

'ပေါက်ကရတွေကွာ၊ အဲဒါလည်း မပြောခဲ့ပါဘူး၊ ဒါပေမဲ့ သေချာတာတစ်ခုတော့ ရှိတယ်၊ သူ့အဖေ အမေတွေက နိုင်ငံခြားကို အလုပ်ကိစ္စနဲ့ သွားခဲ့ကြသေးတာ'

'ဟာ… ဟုတ်လို့လား ရတီသိသလောက် သူ့မိဘတွေက ပင်စင်စားတွေ'

'မဟုတ်လောက်ဘူးထင်တယ် ရတီ၊ သူ့အစ်မကိုယ်တိုင်ပြောတာ အဲဒီ ရက်လည်နေ့တုန်းက ထိုင်းကို ရောက်နေကြတာတဲ့'

www.burmeseclassic.com

တစ်ယောက်တစ်မျိုး သိထားသော ဇော်ရဲပိုင်အကြောင်းကို ဖလှယ်ကြရင်း ကောင်မလေးနှစ်ယောက် ခေါင်းစားနေကြ၏။

'စိတ်ညစ်တယ် ရတီရယ်၊ ဘာတွေမှန်းကို မသိတော့ဘူး'

'ဒီကောင် မရိုးသားတာတော့ အမှန်ပဲ၊ ထားလိုက်ပါတော့ ဒီကောင် ရတီနဲ့ တွဲနေခိုက်မှာပဲ နန်းမြင့်ကိုတွေ့ပြီး ငြိသွားတယ်၊ နန်းမြင့်ကို ရအောင်လိုက်ဖို့ ကိုယ့်ကို ရမယ်ရှာပြီး ဖြတ်သွားတယ်၊ ပြီးတော့ နန်းမြင့်ကို ပရိုပို့စ်လုပ်တယ်၊ ဒီအထိတော့ ကိုယ်တို့သိရပြီ'

'ဟုတ်တယ် ရတီ၊ သူ့အကြောင်း ဘယ်သူ့ကိုမှ အမှန်အတိုင်း မပြောခဲ့တာက ဘာကြောင့်လဲ'

'အမှန်အတိုင်း မသိစေချင်လို့ပေါ့၊ လျှို့ဝှက်ထားတဲ့အကြောင်း ရှိနေတဲ့ သဘောပဲ နန်းမြင့်'

'ဒါဆို ကိုယ်တို့နှစ်ယောက်ပေါင်းပြီး သူ့အကြောင်း စုံစမ်းမယ်၊ သဘောရိုးမဟုတ်ရင် ဝိုင်းပြီး ဆုံးမကြမယ်ကွာ'

'ကောင်းတယ် သူငယ်ချင်း'

အညာခံရသော မိန်းမသားနှစ်ယောက် မဟာမိတ်ဖြစ်သွားခဲ့ကြပြီ။

❐ ❐ ❐

ဖေဖေ မေမေတို့မျက်နှာက ပြုံးရယ် ရွှင်ပျနေကြ၏။ တစ်ယောက်ကို တစ်ယောက်လည်း ကြည်ကြည်နူးနူး ကြည့်နေကြသည်။ ဒါကို မြင်ရ၍ မေသက်ပိုင်တို့ ဇနီးမောင်နှံလည်း စိတ်ချမ်းသာသွားသည်။

'ဒါဆို သားလေးကို အိမ်ပြန်ခေါ်တော့မယ်ပေါ့ ဟုတ်လား အဖေကြီး'

ဦးအောင်ထက်ပိုင် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။ ပြီးတော့…

'မင့်သားက ပြန်လာမှာတဲ့လား'





'အဖေကြီးခေါ်ရင် ပြန်လာမှာပေါ့'

ဦးအောင်ထက်ပိုင် ခေါင်းတရမ်းရမ်းလုပ်ရင်း ဇနီးကို တစ်လှည့် သမီးကို တစ်လှည့်ကြည့်ရင်း…

'ဒီကောင် ကျုပ်နဲ့ တူတာ တစ်ခုပဲရှိတယ်၊ အဲဒါက ခေါင်းမာတာပဲ'

မေမေ့မျက်နှာ ညှိုးသွားသည်။ မေသက်ပိုင် သက်ပြင်းချလိုက်၏။ ဒေါက်တာသက်ဦးက ချောင်းဟန့်လိုက်ရင်း…

'ကျွန်တော်လည်း စကားစကြည့်ပါတယ်၊ ညီလေးက အဖေပြောခဲ့တဲ့ စကားပဲ ပြန်ပြောခဲ့တာ'

'ဘာ စကားများလည်း မောင်သက်ဦးရယ်'

'ကိုယ့်အစွမ်းအစနဲ့ကိုယ် ဘွဲ့တစ်ခုယူပြီးမှ ပြန်လာခဲ့ဆိုတာလေ၊ သူ အခု ကျောင်းပဲပြီးသေးတာ ဘွဲ့မရသေးဘူးတဲ့'

'ဖြစ်မှ ဖြစ်ရလေကွယ်'

'ပြီးတော့ သူ့ကိုယ်သူ ယုံကြည်မှုတွေ ရှိနေတယ်တဲ့ လွတ်လွတ်လပ်လပ် နေရတာကိုလည်း သဘောကျနေပုံပဲ အမေ'

'ဒုက္ခပါပဲ အဖေကြီး၊ ကျွန်မသားကို ရအောင် ပြန်ခေါ်ပေးနော် ဒါပဲ'

'အဟင်း… လွှတ်ထားလိုက်ပါကွာ၊ ယောကျ်ားပဲ ဘွဲ့ယူပြီးမှ အခြေအနေ ကြည့်ကြသေးတာပေါ့၊ သူလာချင် ခေါ်လိုက်ရုံပဲ'

'ဒါဆို သားလေးက မိဘတွေမပါဘဲ တစ်ယောက်တည်း ဘွဲ့ယူရမှာလား'

'ကျုပ်တုန်းကလည်း တစ်ယောက်တည်းပဲ တက်ယူခဲ့တာပါဗျာ၊ အဖေက အလုပ်ပျက် မခံနိုင်ဘူး ဆိုပြီးတော့'

'ရှင်ဟာလေ သိပ် အကြင်နာတရား ခေါင်းပါးတာပဲ သိလား'

'မင်းက ရက်စက်တယ်လို့ မြင်နေမှာပေါ့၊ ဒါပေမဲ့ အဲဒီလို လုပ်မှ ကျုပ်တို့ မရှိတော့တဲ့ အချိန်တွေမှာ ခင်ဗျားသား ဒေါင်ဒေါင်မြည်ဖြစ် ကျန်ခဲ့မှာ အဲဒါကို သဘောပေါက်စမ်းပါ'


www.burmeseclassic.com

'ကဲပါ… သမီးတွေပြီး မောင်လေးနဲ့ ဆွေးနွေးကြည့်ပါဦး မယ်'

'အေးကွယ်… တွေ့ကြည့်လိုက်ပါဦး'

'စိတ်ချပါ မေမေ၊ သမီးချော့ပြီး ခေါ်ခဲ့ပါ့မယ်'

'သမီး ညည်းမောင်က ဟိုကိစ္စ ဒီကိစ္စ ရှုပ်သေးလား'

'ဘာပြဿနာမှတော့ မကြားမိပါဘူး ဖေဖေ၊ ကဲပါ… မေမေက သမီးတို့ကို ထမင်းစားခေါ်ထားပြီးတော့ ဘာမှ မကျွေးတော့ဘူးလား'

'အဆင်သင့်ပါတော် အားလုံးပြင်ခိုင်းထားပြီးပါပြီ၊ ကဲ… လာကြ'

မိသားစုလေးယောက် ဧည့်ခန်းမှထွက်၍ ထမင်းစားခန်းသို့ ဝင်သွားကြ၏။ ဇော်ရဲပိုင်… ဇော်ရဲပိုင် သူတစ်ယောက်တည်းနှင့် လူအတော်များများကို ခေါင်းစားစေတာတော့ အမှန်ပဲ ဖြစ်တော့၏။

❒ ❒ ❒

ထိုနေ့ ညနေခင်းသည် တိမ်ထူထပ်၍ နေပျောက်နေသဖြင့် ပူအိုက်မှု သက်သာနေသည်။ လေညှင်းကလည်း တသွင်သွင်တိုက်ခတ်နေတော့ တကယ့် သာတောင့်သာယာ ညနေခင်းလေးတစ်ခု ဖြစ်နေလေ၏။ ခြေခင်းလက်ခင်းသာသည်မို့ လမ်းပေါ်တွင် လူသွားလူလာ များသည်။

ထိုလူများက ဝတ်ရည်စို့နေသော လိပ်ပြာများကို စိတ်မဝင်စားသလို အဏုမြူဓာတ်ပေါင်းဖို အကြောင်းကိုလည်း တွေးဖို့ အချိန်မရကြ။ တစ်နေ့တာ ရှာဖွေလာသည့် ငွေကြေးများနှင့် ရနိုင်သလောက် အစာအာဟာရများ ဝယ်ယူဖို့သာ စိတ်စောနေကြ၏။

လောဘ၊ ဒေါသ၊ မောဟနှင့် သံယောဇဉ်ကို အကြီးအကျယ်





အထွက်တိုးအောင် ကြိုးစားနေသော လူတို့မှာ ပူပန်သောကနှင့် စိတ်ဆင်းရဲမှု အမျိုးမျိုးထဲ နစ်မြုပ်နေကြသည်။

ထိုအထဲတွင် ဇော်ရဲပိုင်နှင့် အီတူးတို့လည်း ပါဝင်နေ၏။ ဇော်ရဲပိုင်က နန်းမြင့်ဘုံထံမှ အဖြေရဖို့ အကြီးကြီး မျှော်လင့်ထားသည်။ သို့သော် အခြေအနေက မကောင်း၊ ရည်းစားဟောင်း ရတီနှင့် နန်းမြင့်က အလွန်ရင်းနှီးနေကြ၏။ ရတီကသာ သူ့အကြောင်း မဟုတ်မဟတ်တွေ ပြောနေခဲ့လျှင် နန်းမြင့်နှင့် နီးဖို့ အခြေအနေက ဝေးရတော့မည် ဖြစ်သည်။

အရင်လို မားကက်တင်း(န်) အတူ မထွက်ရသည့်အတွက် တွေ့ဆုံခွင့်က မျှော်လင့်လို့ မရနိုင်အောင် ဖြစ်နေ၏။ အီတူးကျတော့ တစ်မျိုး၊ နေ့စဉ်တွေ့နေရပါလျက်နှင့် မပြောရဲ မမေးရဲ အဖြေမတောင်းရဲသဖြင့် ရှေ့မတိုးနိုင်ခြင်း ဖြစ်သည်။ ဒီတော့ ဆုံနိုင်ခွင့်ကို ကြံဖန်ရှာဖွေရတော့၏။

ထိုသို့ ဆုံးဖြတ်ပြီးသည့်နောက် တစ်ခုသော နံနက်ခင်းတွင် နန်းမြင့်တို့ ရပ်ကွက်ထိပ်မှ ကားဂိတ်သို့ ဇော်ရဲပိုင် ရောက်ခဲ့သည်။ ကုမ္ပဏီမှအပြန်ခရီးတွင် ရတီနှင့် တွဲနေသဖြင့် တစ်ယောက်တည်း တွေ့ခွင့်ရအောင် လာစောင့်နေခြင်း ဖြစ်၏။

ရှစ်နာရီထိုးခါနီးတွင် နန်းမြင့်လမ်းထဲမှ ထွက်လာတာကို တွေ့သည်။ သူ့အစ်မနှင့် ဆုံမည်စိုး၍ ဇော်ရဲပိုင် ကျီးကန်းတောင်းမှောက် ဖြစ်နေ၏။ နန်းမြင့် မတွေ့အောင်လည်း ပုန်းနေရသေးသည်။ နန်းမြင့် ကားစောင့်နေတော့မှ ဝန်းကျင်ကို အကဲခတ်၍ အနားကပ်ရ၏။

'နန်း'

'ဟင်… ရှင်… ရှင်'

'ဟုတ်ပါတယ် နန်း၊ နန်းကို တွေ့ဖို့ ဆုံဖို့ အရမ်းခက်ခဲနေလို့ ဒီအထိ လိုက်လာခဲ့ရတာ'

'ကိစ္စရှိလို့လား ရှင့်'

 www.burmeseclassic.com

'ကျွန်တော် နန်းမြင့်နဲ့ လက်တွဲခွင့် တောင်းထားတယ်လေ'

နန်းမြင့်ဘုံ မဲ့ပြုံးပြုံး၏။ ဇော်ရဲပိုင်မျက်နှာကို စေ့စေ့ကြည့်ရင်း…

'ရှင့်ကို လက်တွဲဖို့ထက် ရှင့်ဘဝ ရှင့်သရုပ်မှန်ကို သိဖို့ အရင်ကြိုးစားရဦးမှာ ဆိုတော့…'

'ညီမလေး ဒီကောင် ဘာကောင်လဲ'

ရုတ်တရက် အနားရောက်လာပြီး မေးလိုက်သော လူတစ်ယောက်ကြောင့် ဇော်ရဲပိုင် အံ့သြသွားသလို နန်းမြင့် ထိတ်လန့်သွား၏။

'ဟော့ကောင်… မေးနေတယ်လေ'

'အစ်ကို ဒါ ညီမလေးတို့ ကုမ္ပဏီက လုပ်ဖော်ကိုင်ဘက်ပါ လူကြားထဲမှာ ညီမလေးကို အရှက်မခွဲပါနဲ့'

'အဲဒါဆို သွားခိုင်းလိုက်'

'ကိုဇော်ရဲပိုင် ရှင် မြန်မြန်ထွက်သွားလိုက်ပါ'

လူကြားထဲမှာမို့ ဇော်ရဲပိုင် အတော်ရှက်သွား၏။ အနီးအနားမှ ဟိုလူ ဒီလူလည်း ဝိုင်းကြည့်နေကြပြီ။ ဇော်ရဲပိုင် ခြေလှမ်းပြင်လိုက်၏။

'ဟော့ကောင်… မင်း ဘာကောင်ဖြစ်ဖြစ် ငါ့ညီမအနားမှာ နောက်ထပ်ပေါ်မလာနဲ့ ထပ်တွေ့ရရင် နာပြီသာမှတ်'

ဇော်ရဲပိုင် မျက်နှာထူပူ ရှိန်းဖိန်းလာအောင် ရှက်သွားသဖြင့် နန်းမြင့်ကိုပင် နှုတ်မဆက်ရဲတော့ဘဲ လစ်ထွက်လာရ၏။ ရင်ထဲမှာတော့ တနုံ့နုံ့။ နန်းမြင့် အစ်ကိုက သတင်းကြားထားသည့် အတိုင်းပင် ခပ်ရင့်ရင့် အစားထဲက ဖြစ်တာ လက်တွေ့သိခဲ့ရသည်။

နန်းမြင့်ကို ဆုံတွေ့ဖို့ အခွင့်အရေးက ဒီလောက်ပဲ ခက်ခဲသတဲ့လား။ ဒီကြားထဲ မယုံသင်္ကာ စကားတွေလည်း ပြောခဲ့သေးသည်။ ဒါဆို သေချာပြီပေါ့ ရတီ လျှောက်ဖွတာတွေ နန်းမြင့်သိနေပြီ ဆိုသည့်သဘော မဟုတ်လား။ ဇော်ရဲပိုင် ညစ်သွားသဖြင့် Taxi တစ်စီးငှားပြီး အန္တရာယ်နယ်မြေမှ အမြန်ထွက်လာခဲ့၏။





သူ့ဘဝတွင် ရည်းစားလက်မဲ့ အနေအထားနှင့် ဒီလောက်ကြာကြာ တစ်ခါမှ မနေဘူးခဲ့။ ရည်းစားတစ်ယောက်ပြီး တစ်ယောက် သို့မဟုတ် စင်ပြိုင်ရည်းစားများနှင့်သာ အလုပ်များအောင် လှုပ်ရှားနေခဲ့တာ ဖြစ်သည်။

ကုမ္ပဏီရောက်တော့ နန်းမြင့်လာလမ်းကိုသာ မျှော်ရတော့သည်။ ဒီမှာက ရတီက လွဲပြီး အနှောင့်အယှက်ပေးမည့်သူ မရှိ။ ရတီနှင့်နန်းမြင့် မဆုံခင် သူကြားဖြတ်တွေ့ဆုံမှ ဖြစ်မည်။ သူရောက်ပြီး မိနစ်နှစ်ဆယ်လောက်ကြာမှ နန်းမြင့် ဝင်လာတာ တွေ့ရသည်။ သူစောင့်ကြိုနေလိုက်၏။

'နန်းမြင့်ဘုံ'

'ရှင်နဲ့တော့ ဒုက္ခပါပဲ၊ ကျွန်မ အစ်ကိုက သိပ်လက်ယဉ်တာနော်'

'အဲဒါတွေကို မမှုဘဲ ရောက်လာတာဆိုတော့ ကျွန်တော့် မေတ္တာအတိမ်အနက်ကို တွက်ဆလို့ရပြီပေါ့ မဟုတ်ဘူးလား နန်း'

နန်းမြင့် မခိုးမခန့်ရယ်၏။

'ဒါဆို ဒီလိုလုပ်ပါလား ကိုဇော်ရဲပိုင်၊ ရှင်ကိုယ်တိုင် ရေးထားတဲ့ ကိုယ်ရေးအကျဉ်း အစီရင်ခံစာ တစ်စောင်လောက် ကျွန်မဆီ တင်ပြပေး'

'ဗျာ'

'အမှန်အတိုင်းပဲပေါ့၊ ဟို… အလုပ်လျှောက်သလိုမျိုးတော့ ရေးမလာနဲ့နော်'

'နန်းရယ်'

'ရေးလိုက်ပါ၊ အဲဒါမှ ကျွန်မ စဉ်းစားပေးလို့ရမှာ၊ ကဲ… အလုပ်ချိန် ရောက်နေပြီ'

နန်းမြင့် ကုမ္ပဏီထဲသို့ ကြွကြွရွရွလေး ဝင်သွားတော့၏။ ယိုင်နဲ့နဲ့နှင့် ဟတ်ကော့ကြီးဖြစ် ကျန်ရစ်သူက ဇော်ရဲပိုင်သာ ဖြစ်သည်။


www.burmeseclassic.com

သူနောင်တတွေ တော်တော်ရသွား၏။ ဘဝလက်တွဲဖော်အဖြစ် အမှန်အကန် ရွေးချယ်ပြီး နှလုံးသားကို ကျောက်ချထားတော့မည် ဆုံးဖြတ်ခါမှ အတိတ်က သူ့အရိပ်များက သူ့ကို ပြန်ခြောက်လှန့်နေခဲ့ပြီ။

နန်းကျာဘုရင်ခြေလှမ်းမျိုးနှင့် ဇော်ရဲပိုင် သူ့ကားဆီသို့ လျှောက်လာခဲ့သည်။ ကားပေါ်တွင် အီတူးကို တွေ့ရ၏။ စိတ်မရှင်သဖြင့် နှုတ်ပင်မဆက်မိ၊ စိတ်ပျက်လက်ပျက်နှင့် ဒရိုင်ဘာခုံတွင် ဝင်ထိုင်နေလိုက်သည်။

'ဟေ့ကောင်… ဒီလလည်း ငါတို့ ဘောနပ်(စ) ရနိုင်တယ်ကွ သိလား၊ ကြီးကြပ်ရေးမှူး သတင်းပေးလိုက်တာ'

'ကောင်းတာပေါ့'

တက်တက်ကြွကြွ မရှိသည့် ဇော်ရဲပိုင်၏ အမူအရာကို ကြည့်ပြီး…

'ဘာဖြစ်နေတာလဲ နေမကောင်းဘူးလား'

'ကောင်းပါတယ်'

'ဒါဆို ငါ့ကို အကြံပေးပါဦးကွာ၊ အိမ့်မွန်ဆီက အဖြေရအောင် ဘယ်လိုလုပ်ရမလဲ'

စိတ်ညစ်လို့ ကမ်းနားသွားထိုင်ကာမှ သပွတ်အူနှင့် စာဖူးတောင်းသိုက်က ကြွပ်ကြွပ်အိတ်အမှိုက်ထုပ်နှင့်အတူ မျောလာတာ မြင်လိုက်ရသလို စိတ်လေသွား၏။ ကိုယ့်ကိစ္စကိုယ် ဘယ်လိုရှင်းရမှန်း မသိရသည့်ကြားထဲ သချပ်ပင်က မီးထတောက်နေ၏။ အားကိုးတကြီးနှင့် ဆိုတော့လည်း…

'ခက်တာလိုက်လို့ အီတူးရာ၊ နေ့တိုင်း မင်းဘေးမှာ ထိုင်နေတာ မဟုတ်လား၊ လက်ဆွဲပြီး အပြတ်မေးလိုက်ပေါ့'

'ပါးရိုက်ခံရအောင် မြှောက်ပေးနေပြန်ပါပြီကွာ'

'အဲလို မဖြစ်လောက်ပါဘူးကွာ၊ မင်းတို့ ဆက်ဆံရေး ငါမြင်နေရတာပဲ၊ လိုက်လိုက်လျောလျော ရှိပါတယ်၊ မင်းလုပ်ပေါက်နဲ့ သူမကျေနပ်ရင် မန်နေဂျာဆီတက်ပြီး ကားပြောင်းပေးဖို့ ပြောမှာပေါ့'





'အေး… အဲဒါတော့ ဟုတ်တယ်'

'မင်းဘေးနားမှာ ရှိနေချင်သေးတယ် ဆိုတာကိုက…'

'ဟုတ်ပြီကွာ၊ ဒီနေ့တော့ သတ္တိကို နေ့ပြန်တိုးနဲ့ ဆွဲပြီး အိမ့်မွန်ဆီက အဖြေရအောင် တောင်းမယ်'

'ဘာတောင်းမယ်'

ကားတံခါး ဆွဲဖွင့်ပြီး နားစွန်နားဖျား ကြားသည့်စကားကို မရှင်းဟန်နှင့် မေးလိုက်သည့် အိမ့်မွန်စကားကြောင့် အီတူး တုန်တက်သွား၏။ လူစည်ကားရာ မြို့ထဲက လမ်းဘေးတစ်နေရာတွင် အပေါ့သွားခိုက် အဖမ်းခံရသလို မျက်နှာမျိုးနှင့်…

'ဟို… ဟိုဒင်း… တောင်း… တောင်း… အဲ ဒီနေ့ ထမင်းချိုင့်မှာ ဟင်းမကောင်းလို့ အိမ့်မွန်ဆီက တောင်းစားမယ်လို့ ပြော… ပြောတာပါ အဟဲ'

'ဒါများ ကိုအီတူးရယ်၊ အဆန်းလုပ်လို့ နေ့တိုင်း ပိုထည့်လာတဲ့ ဟင်းတွေ မစားရတာကျနေတာပဲ'

'အဟဲ… ဟုတ်… ဟုတ်ပါတယ်'

'ကဲ… သွားကြစို့ ကိုကြီးရေ မြန်မြန်လုပ်ရှား များများဖြန့်မှ ဘောနပ်ရမှာ'

အိမ့်မွန်အပြောကြောင့် ဇော်ရဲပိုင် ကားမောင်းထွက်ခဲ့ရတော့၏။ စိတ်ထဲမှာတော့ သူ့အကြောင်း သူပြန်ရေးဖို့ အတွေးနှင့် စာစီနေမိသည်။ သူ့အကြောင်းက ကော်ရက်ရှင်ပင်(န်) တော်တော်များများ အသုံးပြုရမည် ထင်၏။ ဖျက်ရာခြစ်ရာများနှင့် မွစာကျဲနေမှာကို မြင်ယောင် နေမိသည်။

ဟိုတုန်းက ဇော်ရဲပိုင် တော်တော်ဆိုးခဲ့သည်ကိုး။

❒ ❒ ❒


www.burmeseclassic.com

## အခန်း(၆)

ကျယ်ဝန်းသော အိပ်ခန်းအတွင်းမှ ကြီးမားသည့် နှစ်ယောက်အိပ် ခုတင်ကြီးပေါ် ဇော်ရဲပိုင် ကန့်လန့်ဖြတ် အိပ်နေသည်။ နေဖင်ထိုးရုံမက အတော်ပင် နေမြင့်ခဲ့ပြီ။ ထိုအချိန်ထိ အိပ်ရာက မထသေး။ တံခါးခေါက်သံ တဝုန်းဝုန်း မြည်နေတာတောင် ဘယ်နံစောင်းမှ ညာနံစောင်းသို့ ပြောင်းအိပ်၏။

'အစ်ကိုလေး… အစ်ကိုလေး… ထ… ထ ဘဘကြီး နိုးနိုင်းလိုက်တာ ဧည့်သည်ရောက်နေတယ်တဲ့'

ဘဘကြီးဆိုတာ သူ့အဖေ၊ သူ့အဖေခေါ်ခိုင်းတာ ဆိုတော့ ဆက်အိပ်နေလို့ မရတော့။

'အေး… လာပြီ… လာပြီ မျက်နှာသစ်ပြီး ဆင်းလာခဲ့မယ်'

သုတ်ခနဲ ထကာ ရေချိုးခန်းထဲဝင်ပြီး သုတ်သင်ရှင်းလင်းရ၏။ ကိစ္စများပြီးသည်နှင့် တီရှပ်တစ်ထည်နှင့် ကွာတားတစ်ထည် ကောက်စွပ်ပြီး အောက်ထပ်ပြေးဆင်းလာခဲ့သည်။

ဧည့်ခန်းမှာ ဖေဖေ မေမေတို့နှင့်အတူ သူ့ဘက်ကို ကျောပေးထိုင်နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။ သူဆက်တီများကို ပတ်၍ မေမေ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဧည့်သည်ကို မော့ကြည့်မိတော့ ငေါက်ခနဲ ပြန်ထမိ၏။ မေမေက လက်ဆွဲထားသဖြင့် ပြန်ထိုင်လိုက်ရသည်။ အခြေအနေက အိပ်ရာထစမှာပင် ပြဿနာနှင့် ပက်ပင်းဆုံနေရပြီ။





'သူ့ကို မင်းသိပါတယ်နော် ဇော်ရဲပိုင်'

'ဟုတ်… ဟုတ်ကဲ့'

'ဒါဆို မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာလဲ သတိရမှာပေါ့'

'ဟုတ်ကဲ့'

'မင်း ရပ်ကွက်ရုံးသွားမလား၊ ရဲစခန်း သွားမလား'

'တရား… တရားစခန်းပဲ သွားပါရစေ ဖေဖေ'

'ဘာကွ'

ဖေဖေ ကြုံးအော်လိုက်သဖြင့် မေမေကြားဝင်ရ၏။

'သားရယ် ဖေဖေ ဒေါပွနေတာကို ဘာလို့ နောက်နေရတာလဲ၊ ဒီ အန်တီ့ကို သားတောင်းပန်လိုက်'

'ဟုတ်… ဟုတ်ကဲ့၊ မနေ့က ကျွန်တော့်အပြုအမူတွေ နည်းနည်းရိုင်းသွားပါတယ် အန်တီ၊ အဲဒီအတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ၊ နောက်နောင် ဒီလို မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေးပါတယ်၊ ခွင့်လွှတ်ပေးပါ ခင်ဗျာ'

'တောင်းပန်တာတော့ ဖြူးလို့ပါလားကွဲ့'

'ဟုတ်ကဲ့ အလေ့အကျင့်များတဲ့ သဘော'

'ဟော့ကောင်… မင်း မိဘကို အရှက်ခွဲနေတာလား၊ ခုထိ မျက်နှာပြောင်တုန်း သူက ငါတို့ မိတ်ဆွေမို့ ငါတို့ မျက်နှာနဲ့ မင်း သက်သာသွားတယ် မှတ်ပါ'

'ဟုတ်ကဲ့… ကျွန်တော်ကလည်း အဲလို မကောင်းရာမကောင်းကြောင်းတွေပဲ လိုက်ရှာနေတာပါ၊ ဟဲ… ဟဲ သက်သာတာပေါ့'

'ကဲ… ကိုအောင်ထက်ပိုင် ရှင့်သားကတော့ မိဘဆုံးမလို့ မရတော့ဘူး ထင်ပါရဲ့'

အန်တီကြီးစကားကြောင့် ဖေဖေ့မျက်နှာ မည်းခနဲ ဖြစ်သွား၏။ ထို့နောက် မည်းရာမှ ရဲလာ၏။ ဖေဖေ့ဒေါသ ဘားဆုံးသွားခဲ့ပြီ။

 www.burmeseclassic.com

ဒီလိုနှင့် ပတ်ချွဲနှပ်ချွဲ လုပ်ပြီး ပြီးသွားမြဲမို့ ဇော်ရဲပိုင်က အချိုးမပြင်ဖြစ်တာပဲ ဖြစ်သည်။ ခုလည်း မေမေ့ကို ကတိတွေ ဇုန်းပေါလအောပေးပြီး ရင်ခွင်ကို ခေါင်းခွေ့တိုးဝင်လိုက်သည်နှင့်ပင် ငွေတစ်သိန်းသုံးဖို့ ထုတ်ပေးသည်။ ထိုငွေနှင့် နှစ်ရက်တော့ ကဲလို့ရမည်။ ဖေဖေနှင့် မေမေက လူသုံးကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်သော စက်ရုံများ ပိုင်သည်။ ဖေဖေက စက်ရုံကို ဦးစီးပြီး မေမေက ဖြန့်ချိရေးကို ကြီးကြပ်၏။ သားသမီးနှစ်ယောက် ရှိပြီး အစ်မဖြစ်သူ မေသက်ပိုင်က သူနာပြုတက္ကသိုလ်ဆင်း၊ သူနာပြုဆရာမကြီး ဖြစ်သလို ဆရာဝန်ကတော်လည်း ဖြစ်၏။ ဒီတော့ ဇော်ရဲပိုင်က တစ်ဦးတည်းသောသားလို ဖြစ်ကာ သုံးချင်းတိုင်းသုံးပြီး ဆိုးချင်သလို ဆိုးနေသူ ဖြစ်သည်။

ဇော်ရဲပိုင်က ဂူတ္တိုယကို အထူးတလည် စိတ်ဝင်စားပြီး အရောတဝင် ပြောဆိုဆက်ဆံရတာကို နှစ်သက်၏။ ထို့ကြောင့် ရည်းစားထည်လဲထားသည်။ သူတို့လေးတွေနှင့် ချိန်းတွေ့သည်။ ဒါ သူ့အတွက် အရေးအကြီးဆုံး အလုပ်ပင် ဖြစ်၏။ ဒီနေ့လည်း ပြည့်ဖြိုးမြတ်ကို ဒိတ်လုပ်ပြီး ကန်တော်ကြီးဥယျာဉ်ထဲသို့ ရောက်နေခဲ့ပြီ။

'ပြည့်ဖြိုးရယ် ကိုယ်တို့ ဒီလို ချိန်းတွေ့နေရုံနဲ့ ပြီးကြတော့မှာလားဟင်'

'မောင်က ဘာတွေ မျှော်လင့်နေသေးလို့လဲ'

'ဟာ… လက်ထပ်မယ်လေ၊ လင်မယားလုပ်တန်း ကစားကြမယ်လေ'

'ကစားမယ် ဟုတ်လား'

'ဟာ… ပြည့်ဖြိုးကလည်း စကားအဖြစ်ပြောတာပါ'

'မောင့်ကို ပြည့်ဖြိုး မယုံဘူး၊ မောင်က မျက်နှာများတယ်'

'ကိုယ် စိတ်မပါပါဘူး ပြည့်ဖြိုးရာ၊ ဒါပေမဲ့ ကောင်မလေးတွေက အတင်းဝင်ကပ်ကြတာလေ'

'အဲဒါကြောင့် ပြောတာပေါ့၊ မောင်က ရုပ်ချောတယ်၊ မိဘ





တွေ ချမ်းသာတယ် အပြောကောင်းတယ် အဲဒါတွေ သိလေ မောင်နဲ့ လက်ထပ်ဖို့ ကြောက်မိလေပဲ'

'အမလေး… သိပ်တွေးမနေနဲ့ ဆံပင်တွေဖွေးပြီး အဘွားကြီးလေး ဖြစ်သွားဦးမယ်၊ ကဲပါ… လက်မထပ်ချင်သေးရင်လည်း တွေ့တုန်း ပျော်ပျော်နေ အပီကဲ ဒါပဲပေါ့'

ဇော်ရဲပိုင်က ယောက်ျားတို့ တတ်အပ်သော အဋ္ဌာရသဆယ့်ရှစ်ရပ်မှ လူပျို့လက် ဝက်မြီးပညာဖြင့် ပြုစားလိုက်ရာ ပြည့်ဖြိုးပါးစပ်ပိတ် နှုတ်ဆိတ်ငိုင်တွေသွားတော့၏။ ဖြူဖြူကျော်သိန်း၏ သီချင်းနှစ်ပုဒ်စာခန့် အချိန်ကုန်သွားပြီးနောက် ကန်တော်ကြီးရေပြင်အနီး ချုံစပ်လေ့ကျင့်ရေးကွင်းမှ ချစ်သူနှစ်ဦးတို့ ထွက်လာကြသည်။

'တစ်ခုခု သွားစားရအောင် ပြည့်ဖြိုး'

'မောင့်သဘော'

အတူလက်တွဲ၍ ကားဆီသို့ လျှောက်လာခိုက် ကောင်မလေးတစ်အုပ် ဖြတ်လာသည်နှင့် ဆုံ၏။ ဘေးက ပြည့်ဖြိုးကို အသာထားပြီး ဖြတ်သွားဖြတ်လာ အုပ်စုကို ဝါသနာအရ ရှိုးလိုက်သည်။

အဲဒီမှာပဲ…

'ဟင်! ကိုကို'

'ဟာ… ကေသီဦး'

'ကိုကို သူက ဘယ်သူလဲ'

ကောင်မလေးအုပ်ထဲမှ တစ်ယောက်က သူ၏ စင်ပြိုင်ရည်းစား ကေသီဦးဖြစ်နေတာ၊ တိုက်ဆိုင်တာလား ကံဆိုးတာလား ဝေခွဲမရတော့။

'အဲ… ဟို… ဟို… နယ်… နယ်က ညီမဝမ်းကွဲလေ ကျောင်းတက်ဖို့ရောက်လာ…'

'ဘာ… ညီမဝမ်းကွဲ ဟုတ်လား၊ ချုံထဲက အတူထွက်လာတာ ညီမဝမ်းကွဲလား၊ ရှင် မလိမ်နဲ့ အမှန်အတိုင်းပြော'


www.burmeseclassic.com

'မောင်… သူက ဘာမို့ ပိုင်စိုးပိုင်နင်း ပြောနေရတာလဲ၊ ရှင်းစမ်းပါဦး'

'အဲ… သူ… သူက ကျောင်းနေဖက်ပါ ပြည့်ဖြိုး'

'ဘာ ကျောင်းနေဖက်လည်း ရှင်ပဲ ကျွန်မအချစ်ကို မရရင် အင်းယားကန်ထဲ ခုန်ချပါ့မယ် တကဲကဲ လုပ်နေလို့ အဖြေပေးခဲ့ရတဲ့ ရှင့်ရည်းစားလေ'

'သြော်… ဒီလိုကိုး ရှင်က ငါးရံ့နှစ်ကောင် ဖမ်းနေတာပေါ့ ဟုတ်လား'

'မ… မဟုတ်ဘူး ပြည့်ဖြိုး ပိုက်ကွန်ပစ်လိုက်တာပါ'

'ဘာ'

'ဟွန်း… ရှင့်အကြောင်း စောစောစီးစီး သိရတာ ကံကောင်းတယ်၊ လုံးဝမဆက်သွယ်ပါနဲ့ ဓာတ်လမ်းပြတ်ပြီ'

ကေသီဦးက အပြတ်ပြောပြီး သူငယ်ချင်းများကို ဆွဲခေါ်ထွက်သွား၏။

'ပြည့်ဖြိုး… မောင်… မောင် ရှင်းပြပါရစေဦး'

ဇော်ရဲပိုင်က ကျန်တာလေးကို ဆွဲစေ့ကြည့်၏။ မရတော့…

'လူယုတ်မာ အားလုံးက ပြောတာတောင် မယုံဘဲ ရှင့်အချစ်ကို လက်ခံခဲ့တာ ခုတော့ ရှင့်ဇာတိကို သိလိုက်ရပြီ၊ တော့တာပဲ ကိုဇော်ရဲပိုင်'

ပြည့်ဖြိုးမြတ်ကလည်း ဇော်ရဲပိုင်ကို တွန်းထုတ်ပြီး ပြေးထွက်သွားခဲ့ပြီ။ ဇော်ရဲပိုင် မြက်ခင်းမှာ ဖင်ထိုင်လျက် လဲကျကျန်ခဲ့၏။ ပြီးတော့ သူ့အဖြစ်သူ သဘောကျကာ တဟားဟား ရယ်သည်။ သူက ဒီလိုအဖြစ် ကြုံရလို့လည်း ကြေကွဲဝမ်းနည်းနေမည့် သူမျိုးမဟုတ်။ သူ့ခံယူချက်ကိုက ဝမ်းဂိုးတူးကမ်း ဖြစ်၏။ ခုတော့ တူးဂိုးဖြစ်သွားခဲ့ပြီ။

အနားသားတွေ အားသားတွေ မလှမ်းမကမ်း အရပ်ဆီမှ အပြေးရောက်လာကြလိမ့်မည်။ သူက ပျက်သွားသည့် အဟောင်းတွေ





ကို ပြန်ပြင်သုံးမည့်သူ မဟုတ်။ အသစ်သစ်ကိုသာ ထပ်ရှာနေမည့် ဗတ်စကိုဒဂါးမားလို လူစားသာ ဖြစ်သည်။

❐ ❐ ❐

ဇော်ရဲပိုင်၊ ဘော်ဘီနှင့် အီတူးတို့ သုတေသနလုပ်နေကြ၏။ အသက်နှစ်ဆယ်ဝန်းကျင် ယောက်ျားလေးများ ဘီယာဘယ်နှစ်ခွက် သောက်လျှင် မှောက်သွားနိုင်သလဲ ဆိုတာ လက်တွေ့ စမ်းသပ်နေကြခြင်း ဖြစ်သည်။ လူသုံးယောက်ဝိုင်းတွင် ဘီယာကရားအလွတ် လေးလုံးရှိနေ၏။ ခုချိန်ထိတော့ တစ်ယောက်မှ မလဲသေး။

'မင်း အိမ်ပြန်မှာလား ဇော်ရဲပိုင်'

'ပြန်မှာပေါ့ကွ၊ မူးပြီး ပစ်လဲခါနီးကျရင် ပြန်မယ်'

'ပထမနှစ်မှာ နှစ်ခါကျနဲ့ ကျောင်းထွက်ရတော့မှာ ဆိုတော့ အိမ်ပြန်ရင် အသတ်ခံရမှာလေ၊ ဟုတ်တယ်မို့လား ဇော်ရဲပိုင်'

'အဟင်း… လူမှန်းမသိအောင် မူးနေတော့ သူတို့ ဘာမှ ပြောလို့မရတော့အောင် ကြိုတင်ပြင်ဆင်နေတာ'

'ငါတို့လို ဆယ်တန်းတောင် မအောင်ရင် မင်းအဖေ ကိုယ့်ကိုယ်ကို သတ်သေသွားမလား မသိဘူးနော်'

'ဟုတ်တယ် မင်း ဘိုးတော်ကြီးတွေက လွန်ပါတယ်ကွာ၊ လောဘကြီးလိုက်တာ အစ်မကလည်း ဘွဲ့ရသူနာပြု ဆရာဝန်ကတော် မင်းလည်း ဆယ်တန်းအောင်ပြီပဲ တို့မိသားစုဆို ကိုးတန်းအောင်က အမြင့်ဆုံးပဲ'

'ကဲ… တော်စမ်းပါကွာ၊ တို့တွေ ရေချိန်မကိုက်သေးဘူး ထပ်မှာဦး'

'အိုကေ… ဟေ့ ဘီယာတစ်ဂျား'

ဇော်ရဲပိုင်တို့ ပထမနှစ်အောင်စာရင်း ဒီနေ့ထွက်၏။ သူ့နာမည် မပါ။ ပထမနှစ်ကို နှစ်နှစ်ဆက်ကျတာ ဆိုတော့ ကျောင်းထွက်ရတော့


www.burmeseclassic.com

မည်။ ထို့အတွက် ကြေကွဲပြီး သောက်ပွဲကြီး ကျင်းပနေခြင်း ဖြစ်၏။ ရောက်လာသည့် နောက်တစ်ဂျားကလည်း နာရီဝက်ပင် မကြာလိုက်။

အမြည်းလည်းကုန် ဘီယာလည်းကုန်ပြီမို့ ဘော်ဘီနှင့် အီတူး တို့က ပြန်ရန်လောလာကြ၏။ ဇော်ရဲပိုင်က မတော်ချင်သေး။ နောက် ထပ် ထပ်မှာသည်။ တစ်ယောက်တည်း ကရားလိုက် မော့၏။ အပေါ့ သွားဖို့ အထမှာပင် ဇော်ရဲပိုင် ဒေါင်ချာစိုင်းနေတော့သည်။ အီတူးက တွဲ၍ လိုက်ပို့၏။

ပြန်လာတော့ ငွေရှင်းဖို့ ဘေ(လ်)တောင်းသည်။ ကျသင့်ငွေ က သုံးသောင်းခွဲ၊ ဇော်ရဲပိုင် ပိုက်ဆံအိတ်ထုတ်သည်။ ပိုက်ဆံပင် ကောင်းကောင်းမရေနိုင်တော့၍ အားလုံးပိုင်းရေတွက်ပေးရ၏။ ပိုက်ဆံ က နှစ်သောင်းပဲ ရှိသည်။ စားပွဲထိုးက ရစ်တော့၏။

ဇော်ရဲပိုင်က စားပွဲထိုးကို ဆွဲထိုးသည်။ မူးနေသည်က တစ် ကြောင်း စားပွဲထိုးက ရှောင်လိုက်နိုင်၍ တစ်ကြောင်း ပြဿနာတော့ မဖြစ်ခဲ့။ မန်နေဂျာပါရောက်လာပြီး တောင်းပန်စကားပြောရင်း ငွေ ဘယ်လိုရှင်းမှာလည်း မေး၏။ ဇော်ရဲပိုင် ခါးမှ ဖုန်းကို ဖြုတ်ရင်း…

'မင်းတို့ဆိုင်ကော မင်းကိုပါ ဝယ်လိုက်လို့ရတယ် နားလည် လား'

'ဟုတ်ကဲ့ပါ ဆိုင်ကတော့ မရောင်းသေးပါဘူး ခင်ဗျာ၊ လူ ကြီးမင်း ငွေဘယ်လိုရှင်းမလဲ ဆိုတာပဲ သိပါရစေ'

'ခဏစောင့်'

ဇော်ရဲပိုင်က မေမေ့ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြော ဆိုင်လိပ်စာပြောကာ ပိုက်ဆံများများ ယူလာဖို့ သောက်စားပြီး ပိုက်ဆံ မလောက်၍ စားပွဲထိုးတွေရဲ့ အစော်ကားခံနေရကြောင်း ရှင်းပြလိုက်၏။ မေမေက ခုချက်ချင်းလာခဲ့မည် ဖြစ်ကြောင်း အသိပေးသဖြင့် ဇော်ရဲပိုင် မာန်တက်သွားသည်။

'ဆယ့်ငါးမိနစ်ပဲစောင့် မင်းတို့ဆိုင်ရှင် ပိုက်ဆံလိုရင်တောင်





ငါက ချေးပေးလိုက်ဦးမယ် ပေါက်လား၊ သွား VAT 69 ဝမ်းပက်နဲ့ ဘဲကင်တစ်စိပ်ထပ်ယူလာခဲ့'

'ဟုတ်ကဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်'

'ဒါပဲပေါ့ အဲဒါ မင်းတို့ အလုပ်'

ပိုက်ဆံတစ်ပြားမှ မပါဘဲ ဇော်ရဲပိုင်အားကိုးနှင့် လိုက်လာကြ သော အီတူးနှင့်ဘော်ဘီတို့ အမူးပြေပြီး ချွေးပြန်သွားကြသည်။ ဇော်ရဲ ပိုင်က ထီမထင်ဟန် အပြည့်အဝသုံး၍ အကောင်းစားအရက်ကို ဘဲ ကင်နှင့် အရသာခံသောက်နေ၏။ အရက်တစ်ပက်မကုန်ခင် ကားတစ် စီးထိုးဆိုက်လာပြီး ကားပေါ်မှ ဦးအောင်ထက်ပိုင် ဆင်းလာ၏။

ဇော်ရဲပိုင် အရက်ကြောင့် မမူးဘဲ သူ့အဖေကို မြင်မှမူးသွား သည်။ စားပွဲပေါ် ခေါင်းငိုက်စိုက်ကျသွား၏။ ဦးအောင်ထက်ပိုင်က ကျသမျှငွေရှင်း၍ ဘော်ဘီတို့ အကူအညီနှင့် ဇော်ရဲပိုင်ကို ကားပေါ်တွဲ တင်ကာ အိမ်ပြန်ခေါ်သွားခဲ့သည်။ ထိုညကတော့ ဇော်ရဲပိုင် ရည်ရွယ် ချက် အောင်မြင်၏။ အဖေနှင့်အမေ သူ့အား ဘာမေးခွန်းကိုမှ မမေးနိုင် တော့ချေ။

သို့သော် နောက်နေ့မှာတော့ ဇော်ရဲပိုင်နားထဲ သံရည်ပူလောင်း ထည့်ခံရတော့၏။ ဦးအောင်ထက်ပိုင်က ပစ်ပစ်နှစ်နှစ် အပြစ်တင်ကာ ပိုးစိုးပက်စက် ဆူပူကြိမ်းမောင်းသည်။ နှစ်ပြားမတန်အောင် ပြောဆို သည်။

မုန့်ဖိုးဖြတ်သလို အမေ့လက်ထဲလည်း ပိုက်ဆံပေးမထား တော့။ ဒီတော့ ဇော်ရဲပိုင်မှာ သောင်ပြင်ပေါ် လူးလိမ့်နေရသည့် ငါးတစ်ကောင်လို ဖြစ်သွားတော့သည်။ ပါးဟက် ဟပြဲ ဟပြဲနှင့် လေကိုမှ ဝအောင် ရှူခွင့်မရတော့။ အဖေ့ဖြတ်သုံးဖြတ် စစ်ဆင်ရေးက အတော်ထိရောက်၏။

ဇော်ရဲပိုင် ဘိုင်ကျပြီး ဘူကောင်ဖြစ်သွားတော့သည်။ ထိုအခါ ဘေးနားက ကောင်မလေးတွေ ပြေးသွားကြတော့၏။ မသုံးနိုင် မစွဲနိုင်


www.burmeseclassic.com

နှင့် အပြင်မထွက်ရဲတော့သော ဇော်ရဲပိုင် ညစ်တွန်းတွန်းကာ မခံချင်စိတ်နှင့် အဝေးသင်တက္ကသိုလ် ပြန်တက်၏။ ထိုမခံချင်စိတ် အကျိုးဆက်က အဝေးသင်ပထမနှစ်ကို အောင်မြင်ခဲ့ခြင်းပင် ဖြစ်သည်။

ထို့နောက်ပိုင်း ဦးအောင်ထက်ပိုင်၏ ချုပ်ချယ်မှုများ လျော့ပါးသွားခဲ့၏။ ထိုအခါ ဇော်ရဲပိုင် ပြန်လန်းလာသည်။ ဖောဖောသီသီ ပြန်သုံးစွဲခွင့် ရလာသဖြင့် ခွေးမြီးကောက် ဇော်ရဲပိုင် ဖြစ်ခဲ့ရပြန်သည်။ ကောင်မလေးများနှင့် ပြန်ဆက်သည်။ အသစ်ရှာသည်။

လူသတင်း လူချင်းဆောင်ပြီး အဖေ့နားသို့ ထိုသတင်းများ ပေါက်ခဲ့၏။ အဖေက ပြင်းပြင်းထန်ထန် သတိပေးပြီး အမေက ချော့မော့ဖျောင်းဖျသည်။

'သားရယ် အမေတို့ လုပ်ငန်းကို အမွေဆက်ခံမယ့်သူ ဆိုလို့ သားပဲ ရှိတာလေ၊ သားလိမ်မာမှ ဖြစ်မှာ မင်းအစ်မက ဒီလိုအလုပ်တွေ ဝါသနာပါတာ မဟုတ်ဘူး'

'သားလည်း စိတ်မဝင်စားဘူး မေမေ'

'မဝင်စားလို့ ဖြစ်မလား၊ အောင်မြင်နေတဲ့ လုပ်ငန်းကြီးကို သားမှ ဆက်ပြီး မထိန်းသိမ်းရင် မင်းအဖေ ကြိုးစားထားခဲ့သမျှ အလကားဖြစ်ကုန်မှာပေါ့'

'အင်း... သားကျောင်းပြီးတဲ့ အထိတော့ ဒီလိုပဲ နေပါရစေ မေမေ'

သားအခြေအနေ အရေးမလှတော့ မိဘများ တိုင်ပင်ပြီး မိန်းမပေးစားရန် ပြင်ဆင်၏။ သူတို့စိတ်ကြိုက် ချွေးမလောင်းကို ရှာသည်။ သားနှင့် တွေ့ရန် စီစဉ်ပေး၏။ ဒါကို ကြိုမပြောရကောင်းလား ဆိုပြီး ဇော်ရဲပိုင်က အရွဲ့တိုက်သည်။ ကိုရီးယားကားထဲကလို ကြင်ဖက်တွေ့ရန် စီစဉ်ထားသော စားသောက်ဆိုင်သို့ လောလောဆယ်တွဲနေသည့် ကောင်မလေးကို ဇော်ရဲပိုင်က ခေါ်သွားသည်။

'သဉ္ဇာဝင့် ဆိုတာ'





'ကျွန်မပါပဲ ရှင်'

'ကျွန်တော် ဇော်ရဲပိုင်ပါ၊ ဖေဖေတို့ လွှတ်လိုက်လို့'

'သြော်... ဟုတ်ကဲ့၊ ဒါ အစ်မထင်တယ်၊ အစ်မနဲ့ အတူတူ လာကြတာပေါ့'

'မဟုတ်ပါဘူး သဉ္ဇာ၊ ဒါ ကျွန်တော့်ချစ်သူပါ ဝင်နီတဲ့'

'ရှင်'

'ဒီခေတ်ထဲမှာ မိဘစီမံတာကို လက်ခံရတာ အဓိပ္ပာယ်မရှိတော့ပါဘူးဗျာ၊ ကျွန်တော် လုံးဝသဘောမကျဘူး၊ သဉ္ဇာက အလွန်ဆုံး ကျွန်တော့်သူငယ်ချင်းလောက်ပဲ ဖြစ်လာနိုင်မှာ'

သဉ္ဇာဝင့်ဆိုသော ကောင်မလေး ဆွေ့ဆွေ့ခုန်သွား၏။ ပွဲကပျက်ပြီ။ ချက်ချင်းဆိုသလိုပင် နှစ်ဖက်မိဘများထံ ဖုန်းဆက်တိုင်ကြားသည်။ ဇော်ရဲပိုင်ကို ကက်ကက်လန် ရန်တွေ့သည်။ ဇော်ရဲပိုင်က သူ့ရည်းစားလက်ကို ချိတ်ပြီး ဆိုင်ထဲမှ အေးအေးဆေးဆေး ထွက်သွား၏။

ညကျတော့ ဘိုးတော်၏ ဒေါသမုန်တိုင်းနှင့် ကြုံရသည်။ ဘွားတော်က ကာဆီးကာဆီး နှစ်ဖက်မိဘ မျက်နှာပျက်ရ၍ အိမ်ပေါ်က နှင်ချသည်။ မေမေက တောင်းပန်ပြီး တား၏။ မိခင်၏ စေ့စပ်ဆွေးနွေးပေးမှုနှင့်ပင် ကျောင်းပြီးသည်အထိ ကောင်းကောင်းမွန်မွန် နေပါမည်ဟူသော ကတိကို ပေးခဲ့ရ၏။

ဒီကြားထဲ ဇော်ရဲပိုင် ပြဿနာအသစ်များ မရှာသော်လည်း ရည်းစားကတော့ ထားမြဲပင်။ တစ်ရက်မှာတော့ သူငယ်ချင်းအုပ်စုနှင့် ကာရာအိုကေဆိုရင်း သောက်ကြ စားကြ ပျော်ပါးကြသည်။ အားပါးတရ ကပြီးနောက် ရည်းစားကို ကားပေါ်တင်ပြီး ကားလျှောက်မောင်း၏။ မူးပြီး မောင်းသဖြင့် လမ်းဘေးသစ်ပင်ကို ဝင်တိုက်ပြီး အက်ဆီးဒင့်(န့်) ဖြစ်သွားသည်။

ဇော်ရဲပိုင် ကွဲပြဲပြီး အပေါ်ယံဒဏ်ရာတွေ ရခဲ့သလို၊ ကောင်မ


www.burmeseclassic.com

လေးလည်း ခြေတစ်ဖက်ကျိုးသွား၏။ ထိုကေ့(စ်)အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှု ဒဏ်ငွေ၊ နှစ်ယောက်ဆေးကုသစရိတ်၊ ကောင်မလေးအတွက် လျော်ကြေးနှင့် ကားပြင်စရိတ် စုစုပေါင်း သိန်းတစ်ရာနီးပါး ထွက်သွား၏။

ဇော်ရဲပိုင် ဆေးရုံမှ ဆင်းသည့်နေ့တွင်ပင် အဖေက အိမ်ပေါ်မှ နှင်ချ၏။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဘွဲ့တစ်ခုအရယူလာနိုင်မှ အိမ်ပေါ်ပြန်တက်ခဲ့ဟုလည်း မှာ၏။ ဒီတစ်ခါတော့ အမေတားလို့လည်း မရတော့ချေ။

ဇော်ရဲပိုင်လည်း သူ ဖောင်းဖြစ်တာတွေ များနေပြီဆိုတာ သဘောပေါက်သဖြင့် အဖေပေးသည့်အပြစ်ကို ကျေကျေနပ်နပ် ခံယူသည်။ အိမ်ပေါ်က အဆင်းတွင် အဝတ်အစားအိတ်ထဲသို့ အမေက အဖေမသိအောင် ငွေသုံးသိန်းထည့်ပေးလိုက်၏။

ထိုငွေနှင့် အဆောင်တွင်နေရင်း ဘော်ဘီတို့ အီတူးတို့ အလုပ်လုပ်နေသည့် ကုမ္ပဏီတွင် အလုပ်လျှောက်၏။ ဉပမိရုပ်နှင့် တက္ကသိုလ်ကျောင်းသား ဆိုသည့် အရည်အချင်းကြောင့် ဈေးကွက်မြှင့်တင်ရေး အရောင်းသမားအဖြစ်တော့ အလွယ်တကူ အလုပ်ရခဲ့သည်။ ထိုအချိန်မှ စပြီး သိပ်မကဲတော့ဘဲ ကိုယ့်ဝမ်းကိုယ်ကျောင်းလာခဲ့တာ ဒီနေ့အထိ ဖြစ်သည်။

ဇော်ရဲပိုင် သူ့အကြောင်းသူ ပြန်တွေးနေရာမှ နန်းမြင့်ဘုံကို အသိပေးသင့်သည့် ကိစ္စများ၊ ဖယ်ထားရမည့် အကြောင်းအရာများကို ရေးချထားလိုက်၏။ အဓိကအနေနှင့် ရတို့ကို ပြောပြဖူးသည့် အကြောင်းအရာများ အများဆုံးပါအောင် ရေးသားဖို့ပင် ဖြစ်သည်။

ထိုညက နန်းမြင်ဘုံထံ အစီရင်ခံစာ တင်သွင်းနိုင်ရန်အတွက် မုသားမပါ လင်္ကာမချောဆိုသည့် စကားကို စံနမူထားကာ ကိုယ်တိုင်ရေး အထုပ္ပတ္တိ အက်ဆေးစာတမ်းအား အပတ်တကုတ် ရေးသားပြုစုခဲ့ရတော့၏။

❒ ❒ ❒





ကုမ္ပဏီပေါက်ဝတွင် တွေ့ရသည့် မယဉ်မင်းပိုင်နှင့် ခင်ပွန်းအား နန်းမြင့်ဘုံ မဖြစ်မနေ နှုတ်ဆက်ရတော့၏။

'ဟယ်… မမပိုင်'

'နန်းမြင့်လည်း ဒီမှာ လုပ်နေတာလား'

'ဟုတ်တယ်လေ မမပိုင်ရဲ့ ခြောက်လကျော်သွားပြီ'

'ဟုတ်လား၊ အလုပ်လုပ်နေတယ်ပဲ သိတာ၊ ဒါဆို မောင်လေးနဲ့ တွေ့မှာပေါ့'

'ကျွန်မက ရုံးထိုင်ပါ မမပိုင်'

'ကောင်းတာပေါ့ကွဲ့'

'ကိုဇော်ရဲပိုင်ဆီ လာကြတာလား'

'အင်းလေ… မတွေ့တာ ကြာနေလို့'

'လာပါလိမ့်မယ် ခွင့်ပြုပါဦး မမပိုင်'

'ကောင်းပါပြီကွယ်'

နန်းမြင့်ဘုံ ကုမ္ပဏီထဲဝင်လာရင်း သူတို့အိမ်မှာ ဘာလို့ သွားမတွေ့ကြတာလဲဟု တွေးမိ၏။

'အင်း… ဒါဆို အဲဒီလူ အဆောင်မှာနေတယ်ဆိုတာ သေချာသွားပြီပေါ့' ဘာပြဿနာမှန်း မသိသော်လည်း နှင်ချခံထားရတာကတော့ ကျိန်းသေနေပြီ ဖြစ်သည်။ မိဘ နှင်ချထားသည့် သားဆိုတော့ တော်တော်ဆိုးလို့ပဲ ဖြစ်မှာပေါ့။ သူ့အစ်ကိုလည်း ယောကျ်ား၊ ဇော်ရဲပိုင်လည်း ယောကျ်ား၊ သူသိသော ယောကျ်ားများက လူဆိုးတွေချည်းပါပဲလားဟုလည်း တွေးမိ၏။

လူဆိုးချင်းအတူတူ ဇော်ရဲပိုင်က ကျောင်းပြီးသွားသလို အလုပ်လည်း လုပ်နေသည်။ အတိတ်က ရှုပ်ထွေးသယောင် ရှိသော်လည်း အခုတော့ လူပီသနေ၏။

'အင်း… အစီရင်ခံစာ ဖတ်ကြည့်ပြီးမှပဲ ဆုံးဖြတ်လို့ရမှာပါလေ'

 www.burmeseclassic.com

နန်းမြင့်ဘုံ ကုမ္ပဏီထဲ ရောက်စမှာပင် ဇော်ရဲပိုင်နှင့် မသေက်ပိုင်တို့ ဆုံကြ၏။

'ဟော… မမတို့ ကိစ္စထူးရှိလို့လား၊ မေမေ နေမကောင်းဘူးလား'

'ကောင်းပါတယ်၊ မတွေ့တာကြာလို့ ပြီးတော့ ငါ့မောင်လည်း ကျောင်းပြီးပြီ မဟုတ်လား၊ အလုပ်နဲ့ အကိုင်နဲ့ လူကြီးတစ်ယောက်လည်း ဖြစ်နေပြီလေ၊ မင်းသာ ပြန်လာပြီး ဖေဖေ့ကို ကူမယ်ဆိုရင် ဖေဖေ အရမ်းအားတက်သွားမှာ'

'ဟုတ်တယ် ယောက်ဖ၊ အဖေ အသက်ကြီးနေပြီ နားသင့်နေပြီ'

'အင်း… ကျွန်တော်လည်း စဉ်းစားထားပါတယ်ဗျာ၊ ဘွဲ့ယူပြီးရင် ပြန်မလာလို့ပေါ့'

'အခုပြန်တော့ကော ဘာဖြစ်မှာမို့လို့လဲ မောင်လေးရယ်၊ မေမေ့ကို မသနားဘူးလား'

'ကျွန်တော် ပြန်လာမှာပါ မမ၊ အခုတော့ ကျွန်တော့်ရည်မှန်းချက်တစ်ခုကို လွတ်လွတ်လပ်လပ် လုပ်စရာရှိနေသေးလို့ပါ'

မမတို့ ဘယ်လိုတိုက်တွန်း တိုက်တွန်း ဇော်ရဲပိုင်က အသည်းအသန်ငြင်းသည်။ သူက တည်ငြိမ်သော ဘဝကို ထူထောင်ဖို့ နန်းမြင့်ဘုံ၏ အချစ်ကို ရယူပြီးမှ တစ်ခါတည်း ရွှေလက်တွဲ၍ နန်းသိမ်းပွဲခံရန် စိတ်ကူးထားသည် မဟုတ်လား။ ပညာစုံသည်နှင့် ကြင်ယာပါ တစ်ခါတည်း ခေါ်သွားဖို့က သူ့ရည်မှန်းချက် ဖြစ်နေသည်။

'ခေါင်းမာလှချည်လား မောင်လေးရယ်'

'တောင်းပန်ပါတယ် မမရယ်၊ ကျွန်တော်ကိုယ်တိုင် မေမေ့ဆီ ဖုန်းဆက်လိုက်ပါ့မယ်'

'ဘွဲ့ယူဖို့က ဘယ်လောက်လိုသေးလဲ'

'လေးငါးလလောက်ပဲ ထင်ပါတယ် အစ်ကို'





'ကောင်းပြီလေ၊ အဲဒီအခါကျရင်သာ ဆုံးဖြတ်ချက်မပြင်နဲ့'

'ဟုတ်ကဲ့ စိတ်ချပါ အစ်ကို'

မမတို့လင်မယား နှုတ်ဆက်ပြန်သွားကြတော့ ဇော်ရဲပိုင် ကျေနပ်စွာ ပြုံးရင်း လုပ်ငန်းခွင်သို့ ဝင်ခဲ့တော့၏။

❐ ❐ ❐

ကြင်နာတတ်သူလေး
ဒီစာဖတ်သူရွှေး


www.burmeseclassic.com

# အခန်း(၇)

ဒေင်ဥယျာဉ် နောက်ဖေးခြံစည်းရိုး ခွေးတိုးပေါက်မှ ခိုးကြောင်ခိုးဝှက် ဝင်လာသူမှာ အီတူးသာ ဖြစ်သည်။ ရည်ရွယ်ချက်က ပန်းသီးခိုးဖို့။ ဒီတော့ အီတူးအလွန်အမင်းတက်ကြွနေ၏။ ဒေင်ဥယျာဉ် ပန်းခြံစောင့်က အိမွန် ဖြစ်သည်။ အိမွန်က ပန်းသီးခိုးပေးမည်ဟုပြော၏။ ပန်းသီးက အပုပ်လား၊ ပိုထိုးလား ဒါမှမဟုတ် အိတ်စပို့ကွာလတီလား ဆိုတာ မကြာမီ သိရတော့မည်။

အားမာန်အပြည့်နှင့် ချီတက်လာပြီး ကုမ္ပဏီနားရောက်မှ သွေးပျက်ပြီး အဖျားတက်လာ၏။ အိမွန်သာ ငြင်းလိုက်လျှင် သူ့တစ်ကိုယ်လုံး ဖရိုဖရဲ ဖြစ်သွားမည်ကို သူသိနေ၏။

ရှင့်ကို မချစ်ဘူးဆိုသည့် စကားကြားရမှာ ကြောက်ပြီး တပ်ပျက်နေသည်။ မဝံ့မရဲစိတ်နှင့် ကုမ္ပဏီထဲ မဝင်ရဲဘဲ ဖြစ်နေ၏။ သို့နှင့် လက်ဖက်ရည်ဆိုင်ထဲဝင်ကာ စိတ်တည်ငြိမ်အောင် ကြိုးစားရသည်။

အချိန်တွေသာ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ခြေလှမ်းတွေ လှုပ်ရှားဖို့ အဆင်သင့် မဖြစ်သေး။ သူနာရီကို ကြည့်လိုက်သည်။ ကိုးနာရီဆယ့်ငါး ဖြစ်နေပြီ။ ကိုယ်ရေးကိုယ်တာကိစ္စထက် အလုပ်ကိစ္စက ပိုအရေးကြီးနေ၏။ ဒီတော့ မဖြစ်မနေဆိုင်ထဲမှ ထွက်လာရတော့သည်။





ကုမ္ပဏီထဲ တစ်လှမ်းချင်းဝင်လာခဲ့၏။ သူ့ ခေါင်းမမော့ရဲ၊ ဘော်ဘီက အီတူးလက်မောင်းကို ပိတ်ရိုက်နှုတ်ဆက်လိုက်သည်။

'ဟေ့ကောင်… မင်းကိစ္စကလည်း ဟိုလေးတကျော်ပါလား'

'ဘာလဲကွ'

'ဟင်… မင်း ဘာမှ မသိသေးဘူးလား'

'ဘာကိုသိရမှာလဲ'

'ကဲ… ဒါဆိုလည်း ကြော်ငြာဘုတ်ကိုသာ သွားဖတ်တော့ကွာ'

ဝေ့လည်လည်ပြောပြီး ထွက်သွားသည့် ဘော်ဘီ့ကို နားမလည်သလို ကြည့်ပြီး ကုမ္ပဏီထဲ ဝင်လာခဲ့၏။ ဝန်ထမ်းအများစုက စာရွက်ကိုယ်စီကိုင်ရင်း ပြုံးရွှင်ရယ်မောနေကြသည်။

'ဩော်… သူတို့တွေတော့ ပျော်နိုင်လိုက်ကြတာ ငါ့မှာသာ' ဟု တွေးရင်း ရုံးအတွင်းဝင်ခဲ့၏။ ကြော်ငြာသင်ပုန်းရှေ့တွင်လည်း လူတွေ အုံနေသည်။ လူအုပ်ထဲမှ သင်းသင်းသန့် တိုးထွက်လာ၏။ အူကြောင်ကြောင်နှင့် အီတူးကို တွေ့လိုက်တော့…

'ဟေ့… ဒီမှာ ကံထူးရှင်ကြီး လာပြီဟေ့'

သင်းသင်းသန့် အော်သံကြောင့် ဝန်ထမ်းအားလုံး ဝိုင်းလာကြသည်။

'ကွန်ဂရက်ကျူလေးရှင်း အီတူး'

ဘာလဲ ဘာတွေလဲ၊ သူ့ကို ဘာလို့ ဝိုင်းဂုဏ်ပြုနေကြတာလဲ၊ သူရာထူးတက်လို့လား။

'ဘာလို့ ချီးကျူးနေကြတာလဲ ကျွန်တော်ရာထူးတက်လို့လား'

အီတူးအမေးကြောင့် အားလုံးရယ်လိုက်ကြသည်။ စာရေးမလေးတစ်ယောက်က…

'ရော့… ရာထူးတိုး ကြော်ငြာစာ'

ကမ်းပေးလာသည့် စာရွက်ကို အီတူးလှမ်းယူကာ ဖတ်ကြည့်လိုက်၏။

 www.burmeseclassic.com

အီတူး

အီတူးက အိမွန်ကို ကုမ္ပဏီတစ်ခုလုံးသိအောင် ပွင့်ပွင့်လင်းလင်း ချစ်ရေးဆိုခဲ့တယ်နော်၊ အဖြေကို အိမွန် စဉ်းစားပြီးပါပြီ၊ နေ့စဉ်အတူတွဲပြီး အလုပ်ဆင်းခဲ့ကြရတဲ့ သုံးလတာကာလအတွင်း တရင်းတနှီးနေထိုင်ရင်း အနီးကပ်လေ့လာခွင့်လည်း ရခဲ့တယ်လေ၊ အီတူးက အိမွန်ကို စောင့်ရှောက်တာဝန်ယူပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ချစ်အဖြေပေးလိုက်ပါတယ်။

'အိမွန် အီတူးကို ချစ်ပါတယ်' ပရိုပိုစ်လုပ်တုန်းက ကုမ္ပဏီတစ်ခုလုံး သိသလို အဖြေပေးတဲ့ အခါမှာလည်း အားလုံးသိသင့်တယ်လို့ ယူဆတဲ့အတွက် ရွှေပေလွှာ ဖြန့်လိုက်ရတာပါ။

အိမွန်

အီတူး စာဖတ်ရင်း လက်တွေတဆတ်ဆတ်တုန်လာ၏။ သူ ရှက်ရွံ့စွာနှင့် အားလုံးကို လှည့်ပတ်ကြည့်လိုက်သည်။ အားလုံးက ပြုံးရွှင်စွာနှင့် လက်ဆွဲနှုတ်ဆက်ကြ၏။ အီတူး ဘယ်သူ့ကိုမှ သဲသဲကွဲကွဲ မမြင်၊ ပီတိမျက်ရည်တို့ ဝေ့ဝဲ၍ မြင်ကွင်းက ဝေသီနေ၏။ အီတူး ဒီအချိန်မှာ အတွေ့ချင်ဆုံးက အိမွန်သာ ဖြစ်သည်။

အီတူး ရုံးထဲမှ ပြေးထွက်လာခဲ့၏။ အချိန်ကလည်း ကိုးနာရီခွဲပြီမို့ ကုန်ကားဆီ ရောက်နေလောက်ပြီဟု တွေးကာ ပြေးလာခဲ့သည်။ ကားဆီရောက်တော့ ဇော်ရဲပိုင်ကိုသာ တွေ့ရသဖြင့် ရင်မောသွား၏။

'အိမွန်… အိမွန်ကော ဇော်ရဲပိုင်'

'ရောက်နေပြီ ပြောတာပဲ၊ ငါနဲ့တော့ မတွေ့သေးဘူး'

'ဟာကွာ… လူကို မောအောင် သိပ်လုပ်တာပဲ'

'ဟဲ… ဟဲ မောတာလား၊ လောတာလား အီတူး၊ မင်းတို့ နှစ်ယောက်ကတော့ တကယ်ပါပဲကွာ၊ လက်လန်တယ်'

ထိုစဉ် ဖုန်းမြည်လာ၍ ဇော်ရဲပိုင် ဖြုတ်ယူနားထောင်လိုက်၏။

'ဟဲလို… ဇော်ရဲပိုင်ပါ'





'× × × ×'

'ဟင်… ဘာဖြစ်လို့လဲ အိမွန်'

'× × × ×'

'သြော်… အေး ဟုတ်ပြီ၊ ပေါက်ပြီ ခုလာခဲ့မယ် ဒါပဲနော်'

အိမွန် နာမည်ကြားလိုက်ရ၍ အီတူး မျက်လုံးကြီးပြူးကာ အမောတကော မေး၏။

'ဘာတဲ့လဲ သူဘယ်မှာလဲ'

'စကားများမနေနဲ့ ကားပေါ်တက် လစ်စို့'

'မဟုတ်သေးဘူးလေ အိမွန်…'

'တက်စမ်းပါဆို'

မထိတ်သာ မလန့်သာနှင့် အီတူးကားပေါ်တက်ထိုင်၏။ ဇော်ရဲပိုင်က တရကြမ်းမောင်းထွက်ခဲ့သည်။

'အခု ဘယ်ကို သွားမလို့လဲ'

'အိမွန် စောင့်နေတဲ့ ဆီ'

'ဟင်'

ဦးတည်ချက်ကို သိရတော့ အီတူး ငြိမ်သွား၏။ လေကာမှန်မှ ရှေ့မြင်ကွင်းကို ပြူးပြဲကြည့်ကာ အိမွန် ဘယ်က စောင့်နေမလဲဟု ရှာနေတော့သည်။

'သျှင်ပါကူ[illegible]ရုံနားက မော်ဒန်လက်ဖက်ရည်ဆိုင်မှာ စောင့်နေတာတဲ့'

'ဘာလို့ အဲဒီကို သွားရတာလဲ'

'ရှက်လို့တဲ့ ဟေ့'

'အမလေး… ကွာ အဖြေပေးတာကို တစ်ရုံးလုံးသိအောင် မွှခဲ့ပြီးမှ ရှက်နေသေးသတဲ့လား'

'အေးလေ ခုဟာက မင်းကို ရှက်နေတာ'

'သြော်… ဒီလိုလား အဟဲ… ဟဲ'


www.burmeseclassic.com

အီတူးပါးစပ် နားရွက်တက်ချိတ်သွား၏။ ကားက မော်ဒန် လက်ဖက်ရည်ဆိုင်ထဲ ချိုးကွေ့ဝင်လာခဲ့သည်။ ခြောက်ဘီးလုံးမရပ်ရ သေးခင်မှာပင် အီတူး ခုန်ဆင်းသွား၏။ ကားတံခါးများ သေချာပိတ်ပြီး မှ ဇော်ရဲပိုင် လိုက်သွား၏။ ကျယ်ဝန်းသော ဟင်းလင်းပွင့်ဆိုင်ထဲ သူတို့ကို တွေ့အောင် မနည်းရှာရသည်။

တွေ့တော့ တွေ့၏။ အနှောင့်အယှက်ပေးရမှာ အားနာသဖြင့် မလှမ်းမကမ်းတွင် ထိုင်ကာ လက်ဖက်ရည်တစ်ခွက်နှင့် ငေးနေလိုက် သည်။ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် ချစ်သူနှစ်ဦးကတော့ ကမ္ဘာ ကြီးကိုပါ မေ့နေဟန်ရှိ၏။

ချစ်စခင်စ သဘာဝအတိုင်း မိုးမမြင် လေမမြင် ချစ်ပွဲဝင် လျက် ရှိသည်။ ကယုကယင်နှင့် ချစ်ခွန်းတို့တွင် စကားများ အပြန်အ လှန် ပြောကြားလျက် မမောနိုင်မပန်းနိုင် ဖြစ်နေကြသည်။

အီတူးတို့ စုံတွဲကို ကြည့်ရင်း ဇော်ရဲပိုင် မုဒိတာပွားနေမိ၏။ ထိုအခါ သူလည်း နန်းမြင့်ဘုံကို သတိရလာသည်။ ဘုံ့ထံသို့ ကိုယ် တိုင်ရေးအထုပ္ပတ္တိအက်ဆေးကို သူပေးခဲ့ပြီးပြီ။ ထိုအက်ဆေးကို ဖတ်၍ ဘယ်လို စဉ်းစားတုန့်ပြန်မည် ဆိုတာတော့ နန်းမြင့်ဘုံ အပေါ်မှာတည် နေခဲ့ပြီ။

နန်းမြင့်ဘုံထံမှ အဖြေက သူ့အိမ်အပြန်ကိစ္စကိုလည်း အဆုံးအ ဖြတ်ပေးမည်မို့ အတော်ပင် အရေးကြီးနေသည်။ သူ လိမ္မာနေပြီဆိုတာ အားလုံးကို သိစေချင်လှပြီလေ။ အီတူးတို့ စုံတွဲကို အချိန်ပေးထားတာ လည်း နာရီဝက်ကျော်ပြီဆိုတော့ တော်သင့်ပြီ။ လက်ဖက်ရည်ဖိုးရှင်း၍ သူတို့စားပွဲသို့ သွားကာ…

'ကဲ… အီတူးနဲ့ အိမ္မန် ဒီလောက်ဆို ကျေနပ်ကြတော့ အလုပ် က ရှိသေးတယ်လေ'

'အေးပါကွာ တို့တွေက တကူးတက ချိန်းတွေ့ရမယ့် စုံတွဲ တွေမှ မဟုတ်တာ'





'အေး… အဲလိုဆိုပြီး ကားပေါ်မှာ ငါမျက်စေ့နောင်အောင် တော့ မလုပ်နဲ့နော်'

သူ့အပြောကြောင့် အားလုံးတဟီးဟီး တဟားဟား ဖြစ်သွား ကြ၏။ ပျော်တပြုံးပြုံးနှင့်ပင် လုပ်ငန်းခွင် ဝင်ခဲ့ကြတော့သည်။

❒ ❒ ❒

ဝွေးသီးငပိချက်၊ သခွားသီးတို့စရာ၊ ငါးလေးအိုးကပ်ဟင်းတို့ နှင့် နန်းမြင့် ထမင်းစားနေသည်။ ရတီက ပုစွန်နှင့် မြင်းခွာရွက်သုပ်ပါ လာ၏။ နှစ်ယောက်အတူ ဟင်းတွေ ဖလှယ်ပြီး စားကြသည်။

'ရတီ… ဝက်သားစားလား'

'စားတယ် နန်းမြင့်၊ ဒါပေမဲ့ မချက်တာကြာပြီ'

'အေးနော်၊ ဝက်တုပ်ကွေး ပြီးတော့ ဝက်နားရွက်ပြာတဲ့ ဘာ တွေမှန်းကို မသိဘူး၊ လောလောဆယ် မစားတာဘဲ ကောင်းပါတယ်'

'နည်းပညာ ကမ္ဘာကြီးမှာ စားစရာကို မရှိတော့ပါဘူး နန်းမြင့် ရယ်၊ တစ်နေ့ကလည်း ပဲပင်ပေါက်စားလို့ လူရှစ်ယောက် အီကိုလိုင် ဗိုင်းရပ်(စ) ကူးစက်ခံရသတဲ့'

'အေးလေ… အသားစားတော့လည်း ဗိုင်းရပ်(စ)ကြောက်ရ၊ အသီးအရွက်စားတော့လည်း ပိုးသတ်ဆေးကော ဗိုင်းရပ်(စ)ပါ ကြောက်ရနဲ့ စားစရာကို မရှိတော့ဘူး၊ နောက်ဆို ကိုယ့်ဟာကိုယ် အော်ဂဲနစ်သီးနှံ စိုက်စားရမလို ဖြစ်နေပြီ'

'ဟုတ်တယ် နန်းမြင့်၊ အဲဒီထက်ဆိုးတဲ့ ကပ်ဘေးတစ်ခု ရှိ သေးတယ်'

'ဘာများလဲ ရတီ'

'အချစ်ဘေးလေ သူများမကြည့်နဲ့ တို့တွေနှစ်ယောက်လုံး အချစ်ဘေးဒုက္ခသည်တွေ ဖြစ်နေတာ မဟုတ်လား'

'ဟင်း… ဟင်း… ဟင်း ပြောရှော့မယ် ရတီရယ်'

 www.burmeseclassic.com

'ဒါနဲ့ ဇော်ရဲပိုင် အထုပ္ပတ္တိဖတ်ပြီး ဘယ်လိုသုံးသပ်မိလဲ'

'ရတီပြောတော့ ရတီသိထားတာတွေနဲ့ မလွဲဘူးဆို'

'အင်းလေ… ဒါကလည်း တို့နှစ်ယောက် ခင်မင်နေတာကို သိလို့ ရှေ့နောက်မလွဲရအောင် သေချာစဉ်းစားရေးထားသလားလို့'

'ဒါလည်း ဖြစ်နိုင်တာပဲ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ ရတီ'

'နန်းမြင့်က သူ့အစ်မ အိမ်နားမှာနေတာဆို သူ့ကို စိတ်ဝင်စားတာသေချာရင် သူ့အစ်မနဲ့ တိုက်ရိုက်ဆွေးနွေးလိုက်ပေါ့'

ရတီပေးသည့် အကြံကြောင့် နန်းမြင့် နှုတ်ဆိတ်အတွေးပွားသွားရသည်။ ဇော်ရဲပိုင်က သူ့ဘဝ ကောက်ကြောင်းကို စာစီစာကုံးလိုရေးပြီး ပေးလာခဲ့၏။ ထို ကိုယ်ရေးအကျဉ်းကို သူတို့နှစ်ယောက်ဖတ်ပြီး အတူတူ အဖြေထုတ်နေမိကြခြင်း ဖြစ်သည်။

'ကိုယ် တစ်ခုမေးချင်တယ် ရတီ'

'မေး'

'ရတီ သူ့အပေါ် တကယ် သံယောဇဉ်ကုန်သွားပြီလား ဟင်'

နန်းမြင့်အမေးကြောင့် ရတီ မျက်နှာပေါ်မှာ နာလိုခံခက်ခြင်းတို့ စွန်းထင်းသွား၏။ ပြီးတော့ စိမ်းကားသည့် မျက်ဝန်းနှင့် ပြတ်သားသော စကားကို ပြောသည်။

'ကိုယ့်ကို စိတ်မဝင်စားတော့တဲ့ ယောက်ျားတစ်ယောက်ကို ဖက်တွယ်ထားဖို့ စိတ်ကူးမရှိတာတော့ အမှန်ပဲ နန်းမြင့်'

မေးမိပြီးမှ နန်းမြင့် အားနာသွား၏။

'မြန်မာပြည်မှာ ယောက်ျားမရှားသလို ကိုယ်တို့လည်း ကိုရီးယားမတွေမှ မဟုတ်တာ ပြီးတော့ မိန်းမနှစ်ယောက် ဝိုင်းလုရလောက်အောင် အဲဒီကောင်က ထိုက်တန်နေလို့လား'

'ပွင့်လင်းလိုက်တာ ရတီရယ်'

'ဒါမှ ဓာတ်မရှုပ်မှာလေ၊ ကိုယ့်စိတ်ကိုယ် နိုင်ပါတယ်၊ နန်းမြင့်သာ သေချာစဉ်းစားဆုံးဖြတ်'





'အင်း… မိန်းမဘဝက ထိန်းသိမ်းစောင့်ရှောက် လိုက်နာရမယ့် ကျင့်ဝတ်တွေ များလိုက်တာကွာ၊ ကိုယ့်ကို လာကပ်တဲ့ သူတွေထဲက ယှဉ်ပြီးရွေးရအောင်လည်း လျှောက်လွှာတင်ထားတာက သူတစ်ယောက်တည်းရယ်'

'ဒါဆိုလည်း အစမ်းခန့် ခန့်ကြည့်လိုက်ပေါ့'

ရတီ့အပြောကြောင့် နှစ်ယောက်သား ရင်မောစွာ ရယ်ဖြစ်၏။ အင်း… နှလုံးသားရေးရာ ဝန်ကြီးဌာနရဲ့ အရေးပါတဲ့ ပြန်တမ်းဝင်အရာရှိဆိုတာ အစမ်းခန့်လို့ရော ဖြစ်ပါ့မလား စဉ်းစားရခက်လိုက်တာနော်။

❐ ❐ ❐

ရတီ ဘတ်(စ)ကားပေါ်မှ ဆင်းလာပြီး အိမ်ပြန်လမ်းအတိုင်း လျှောက်လာခဲ့သည်။ တောင်ဒဂုံက လမ်းမကြီးများတွင်သာ လူစည်ပြီး ရပ်ကွက်လမ်းထဲ ချိုးကွေ့လိုက်သည်နှင့် လူသွားလူလာ ရှင်းပြီး တိတ်ဆိတ်ခြင်းကိုသာ အမြဲကြုံရ၏။

အလင်းရောင် ကောင်းနေသေးသော်လည်း ရတီ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ ရပ်ကွက်လမ်းသွယ်ထဲ ချိုးကွေ့ဝင်ခဲ့၏။ ပထမဆုံးတွေ့ရသည့် လမ်းသွယ်ထိပ် အုတ်ခုံတွင် ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားသော လူတစ်ယောက် ထိုင်နေတာတွေ့သည်။ သို့နှင့် လမ်းဟိုဘက်ခြမ်းသို့ ကပ်လျှောက်ခဲ့၏။

အနားရောက်တော့ ထိုလူ ထရပ်လိုက်သဖြင့် ရတီ ရင်ထိတ်သွား၏။ စိတ်တင်းပြီး ခပ်တည်တည် ဆက်လျှောက်သည်။ ထိုလူ၏ လှုပ်ရှားမှုကို မျက်လုံးထောင့်ကပ်၍ မသိမသာကြည့်နေရသေးသည်။ အရေးပေါ်အဖြစ် ကြုံပါက အသုံးပြုရန် လက်နက်အဖြစ် ထီးနှင့်စတီးချိုင့်သာ ပါသည်မို့ အားငယ်မိ၏။ ခုနေ ဖေဖေဖြစ်ဖြစ် မောင်လေးဖြစ်ဖြစ် ထွက်လာလျှင် ကောင်းမည်ဟု တောင့်တနေမိသည်။

www.burmeseclassic.com

'ရတီ'

ထိုလူက လှမ်းခေါ်လိုက်သဖြင့် ရတီ ဆတ်ခနဲ တုန်သွားပြီး လှည့်ကြည့်လိုက်သည်။ ထိုလူ ဦးထုပ်ချွတ်၍ ပြုံးပြ၏။ ဘုရားရေ ဒါ နန်းမြင့်အစ်ကို ကိုမြင့်မိုး မဟုတ်လား၊ သူဘာလာလုပ်တာလဲ။

'မမှတ်မိဘူးလား နန်းမြင့်ဘုံရဲ့ အစ်ကို မြင့်မိုးပါ'

'သြော်… ဟုတ်ကဲ့ ဘယ်ကို လာတာလဲ'

'ရတီ့ကို လာစောင့်နေတာ'

'ရှင်'

တစ်ဖက်က ပေါ်ပေါ်ထင်ထင် တိုက်စစ်ဆင်လာသဖြင့် ရတီ မျက်လုံးဝိုင်းသွားရ၏။ တဆက်တည်း နန်းမြင့်၏ သတိပေးစကားများကို ကြားယောင်မိသည်။

'ပြန်လာတာ နောက်ကျတယ်နော်'

'ဟုတ်ကဲ့ အလုပ်များနေလို့ ဒါနဲ့ ဘာကိစ္စများလဲ'

'အဟင်း… ကိုယ် ရတီ့ကို စိတ်ဝင်စားမိတယ်လေ၊ ဒါကြောင့် ချစ်စကားပြောဖို့ လာစောင့်နေတာ'

ဟား… ပေါ်ပေါ်ကြီးပါလား၊ ဒီလိုလူရဲ့ စိတ်ဝင်စားမှုကို ခံရ၍ ကိုယ့်ကံကြမ္မာကို စိတ်ပျက်သွားမိသည်။ ပြတ်ပြတ်သားသား တုံ့ပြန်ရန် ဆုံးဖြတ်ပြီး…

'ဒါဆိုရင်တော့ ကျွန်မလည်း ရှင်းရှင်းပဲ ပြောလိုက်ပါ့မယ်၊ ရှင့်အကြောင်း နန်းမြင့်ဆီက တော်တော်များများ ကြားထားပါတယ်၊ ဒါကြောင့် ဒီကိစ္စကို စဉ်းစားဖို့ စိတ်ကူးလုံးဝ မရှိပါဘူး'

'အဟင်း… ကိုယ် လူဆိုးတစ်ယောက်ဆိုတာ မငြင်းပါဘူး၊ ဒါပေမဲ့ ဘယ်သူမှ တစ်သမတ်ထဲ သွားနေကြတာ မဟုတ်ပါဘူး ရတီ၊ ကိုယ် ရတီလက်ခံနိုင်လောက်တဲ့ အဆင့်ရအောင် ကြိုးစားမယ်၊ အဲဒီတော့မှ သေသေချာချာ ချစ်ခွင့်ပန်မယ်၊ အဲဒါကိုတော့ လေးလေး





နက်နက် မှတ်ထားပေးပါ၊ ဒါပါပဲ ခုလို လက်ခံစကားပြောပေးလို့ ကျေးဇူးတင်ပါတယ် သွားပြီနော်'

ပြောပြောဆိုဆို တကယ်ပြန်သွားသည့် မြင့်မိုးကို တအံ့တသြ ကြည့်ကာ ကျန်ခဲ့သူက ရတီသာဖြစ်၏။ ရည်းစားစကားကို စရုံသပ်ပြီး နောက်မှ အပြည့်အစုံပြောမည် ဆိုတော့ အံ့ဖွယ်လူသားပါလားဟုသာ မှတ်သားရတော့သည်။

နန်းမြင့်ပြောသည့် လူဆိုးကြီးက ခုတော့ သိုးရေခြုံတာလား၊ သိုးယောင်ဆောင်တာလား မကွဲပြားတော့။ ရတီလည်း စိတ်အနှောင့်အယှက်ဖြစ်စွာနှင့်သာ အိမ်ပြန်ခဲ့ရတော့သည်။

နောက်တစ်နေ့ ရုံးအရောက်မှာ ထိုကိစ္စကို နန်းမြင့်အား ဖောက်သည်ချရသည်။ နန်းမြင့်ကိုယ်တိုင် အံ့သြလျက် ယောကျ်ားတွေကို နားမလည်တော့ဘူးဟုသာ ညည်းညူတော့၏။

နန်းမြင့်မှာလည်း ပြဿနာများနှင့်သာ ဖြစ်သည်။ အိမ်နားက ဖုန်းကို ဘယ်လို နံပါတ်ရသည် မသိ။ ညက ဇော်ရဲပိုင် ဖုန်းဆက်သည်။ ဖုန်းအိမ်မှ လာခေါ်တော့ နန်းမြင့် အတော်အံ့သြရ၏။ ဘယ်သူ့ကိုမှ နံပါတ်ပေးမထားသောကြောင့် ဖုန်းမှားဆက်တာလား အတွေးနှင့် ပြေးသွားရသည်။ စကားပြောကြည့်တော့မှ ဇော်ရဲပိုင်မှန်း သိသွား၏။

'ဟင်… ရှင်… ဒီ နံပါတ် ဘယ်လိုရလဲ'

'သိပ်ခက်တာမှ မဟုတ်ဘဲ နန်းရယ်၊ ကျွန်တော့်မှာ ဆားပုလင်းနှင်းမောင်တွေ အများကြီးရယ် ဟဲ… ဟဲ'

'ထားပါ ဘာကိစ္စလဲ'

'ကျွန်တော့် ပါစင်နယ်ဖိုင်ထဲက ဒေတာတွေ ချက်(ခ)လုပ်ပြီး ပြီ ထင်ပါတယ် အဲဒါ အလုပ်ရမရ သိချင်လို့ပါ'

'ဒါဆို ရုံးချိန်အတွင်း ကုမ္ပဏီမှာပဲ စုံစမ်းပါ'

'အဲလိုတော့ မပြောပါနဲ့ နန်းရယ်၊ ကျွန်တော့် မေတ္တာကို ဘယ်လို သက်သေပြမှ နန်းယုံမှာလဲ'

 www.burmeseclassic.com

'ရှင် ရတို့အပေါ် လုပ်သွားတဲ့ လုပ်ပေါက်ကို သဘောမတူတာ အဲဒါကြောင့် မယုံတာ'

'သဘောထား မတိုက်ဆိုင်လို့ လမ်းခွဲကြတာ ချစ်သူဘဝမှာ အဆန်းတကြယ် ဖြစ်ရပ်မှ မဟုတ်တာဘဲ နန်းရယ်'

'ထားပါတော့လေ၊ ရှင့်ကိစ္စက အချိန်ယူရဦးမှာ ကဲ… ဒါပဲနော်'

ထိုမျှနှင့် ဖြတ်လိုက်၍သာ တော်တော့၏။ ဖုန်းအိမ်မှ စပ်စုမက မျက်လုံးကြီးပြူးလျက် နားစွင့်နေပြီ။ လော်တပ်ထားသော စပ်စုမက ဂျာနယ်လစ်ထက် ဆိုး၏။ ခုတောင် ကျသင့်ငွေတောင်းရင်း…

'ဘယ်သူလဲ မသိဘူး တစ်ခါမှ မဆက်ဖူးဘူးနော်'

'အလုပ်လျှောက်ထားတဲ့ သူငယ်ချင်းတစ်ယောက်ပါ'

အတင်းစကားဖြတ်၍ ပြေးထွက်လာရ၏။ P.C.O မဟုတ်သည့် ရပ်ကွက်ထဲက ဖုန်းအိမ်တွေမှာ ဒီလို ပြဿနာမျိုးတွေ ရှိတတ်သည်။ လွတ်လွတ်လပ်လပ် စကားပြောခွင့် မရ၊ ဖုန်းစောင့်သလို အချိန်သတ်မှတ်သလိုနှင့် စပ်စုနားစွင့်နေတတ်ကြ၏။ နန်းမြင့် မမပိုင်ကို ဖွင့်ပြောပြီး အကြံဉာဏ်တောင်းရ ကောင်းမလားဟုပင် တွေးမိသေး၏။

သို့သော် စကားစရခက်သည့်ကိစ္စမို့ အကောင်အထည် မဖော်ဖြစ်။ ခုမနက်လည်း ဂိတ်ဝက စောင့်နေ၍ ဆုံရသေးသည်။ ဂိတ်ဝမှ ကုမ္ပဏီဝင်ပေါက်ထိ အတူလိုက်လာရင်း…

'ကျွန်တော်ပြောတဲ့ ကျွန်တော့်ဘဝ ဇာတ်ကြောင်းမှာ ဘဝင်မကျစရာများ ရှိနေလို့လား နန်း'

'ရှင် ရတို့ကို ဖြတ်ခဲ့တုန်းက ပေးခဲ့တဲ့ အကြောင်းပြချက်က မရိုးသားဘူးလေ၊ ကျွန်မနာမည် သုံးတဲ့အပြင် မဟုတ်တာတွေ ဇာတ်လမ်းဆင်ပြောခဲ့တာလေ'





'ကျန်ခဲ့မယ့်သူ လက်ခံနိုင်လောက်တဲ့ အကြောင်းပြချက်ဖြစ်ဖို့ လိုနေလို့ပါ'

'ဒါ သစ္စာမဲ့တာပေါ့'

'ကျွန်တော်တို့ သစ္စာထားခဲ့ကြတာမှ မဟုတ်ဘဲ၊ ပြီးတော့ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ ကိစ္စမျိုးကျတော့ ကျွန်တော်တို့ ခွင့်လွှတ်ပေးနေရမှာလား၊ ရည်းစားဟောင်းဆိုတာ လူတိုင်းမှာ ရှိခဲ့ဘူးတဲ့ အမှတ်တံဆိပ်တစ်ခုပါ'

အကြောင်းပြချက်တွေက အကွက်စေ့နေသဖြင့် နန်းမြင့် ဘာပြန်ပြောရမှန်း မသိတော့…

'ကျွန်တော် အမှန်တကယ် မြတ်နိုးရမယ့်သူကို အခုမှ တွေ့လို့ ကြိုးစားတာ ကျွန်တော့်အပြစ်လား'

'အပြောကတော့ ရက်(ပ)ပါတစ်ယောက် သီချင်းဆိုနေသလိုပဲနော်'

'အကမှာလည်း ချူမိုင်မိုင် မဟုတ်ပါဘူး၊ အန်ဒါဂရောင်းဆွဲသလို ကျွမ်းပါတယ် နန်း'

'အဟင်း… ဟင်း ကောင်းပြီလေ၊ လက်ဖက်ကောင်းစားချင်ရင်…'

'ပလောင်ကောင်တက်နှေးမယ် ဆိုပြီး အချိန်ယူချင်သေးတယ်ပေါ့'

'မဟုတ်ပါဘူး လက်ဖက်မှာ ဓာတုဆိုးဆေးပါမပါ ဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးကြည့်ချင်လို့ပါ၊ အချိန်တော့ ယူရမှာပေါ့၊ ရှင့်ဘက်က မှန်ကန်ရင် စိတ်ရှည်ပြီး ခွဲကောင်းရမှာပေါ့'

'ကောင်းပါပြီ နန်း၊ နန်း စိတ်တိုင်းကျသာ စုံစမ်းကြည့်ပါတော့'

အားလျှော့စိတ်ပျက်သလို ပြောပြီး ကျန်ခဲ့သဖြင့် နန်းမြင့်ဘုံ စိတ်သက်သာရာ ရသွား၏။


www.burmeseclassic.com

အခုတော့ နန်းမြင့်ကော ရတီပါ တွေးစရာတွေ များနေကြတော့သည်။

❒ ❒ ❒

အီတူးနှင့် အိမွန်တို့ကတော့ အချစ်ဇာတ်လမ်းကို အနှောင့်အယှက်မရှိ ကပြခွင့်ရနေကြ၏။ နေ့စဉ်လို ကားတစ်စီးတည်းတွင် တပူးတွဲတွဲ နေထိုင်ပြောဆိုခွင့်လည်း ရနေကြသည်။

တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ခွင့်ရနေသဖြင့် ကြည်နူးပျော်ရွှင်နေတော့၏။ သူတို့ကို ကြည့်ပြီး ဇော်ရဲပိုင် မချင့်မရဲဖြစ်နေရသည်။

ပစ္စည်းဖြန့်ခရီးစဉ် တစ်ထောက်နားပြီး ထမင်းစားကြစဉ် မိုးမမြင်လေမမြင် ဖြစ်နေသည့် အီတူးတို့ အပြန်အလှန် ဟင်းထည့်ပေးကာ ကြည်နူးနေကြ၏။

ထိုအခိုက် ဦးလေးကြီးတစ်ယောက် အနားသို့ လာရပ်၏။ ကြည်နူးနေသူများ သတိမပြုမိကြ၊ ထိုလူက လမ်းလျှောက်မားကက်တင်း(န်)သမားတို့ လွယ်လေ့ရှိသည့် ဘေးလွယ်အိတ်မည်းကြီးနှင့် ဖြစ်သည်။

'ဒီမယ် မောင်ရင်'

အိမွန် ထမင်းငုံ့စားနေခိုက် အီတူးက မော့ကြည့်ပြီး အထာနပ်နေဟန်နှင့်···

'ကျွန်တော်တို့လည်း အရောင်းသမားတွေပဲ ဦးလေး၊ ဟိုကားနဲ့လာတာ ဦးလေးထက်တောင် ပစ္စည်းစုံသေးတယ်၊ ဘာမှ မယူသေးဘူး'

'မဟုတ်သေးပါဘူးကွာ'

'တခြားဝိုင်းသွားရောင်းပါ ဦးလေးရာ၊ ဒီမှာ ထမင်းစားနေတယ်လေ'





အိမွန် မော့ကြည့်ပြီး ထိုလူကြီးကို တွေ့လိုက်တော့ ပါးစပ်ထဲက ထမင်းလုတ်ပြုတ်ကျမတတ် ဖြစ်သွား၏။

'အ··· အ··· အဖေ'

အိမွန်ထံမှ ခေါ်သံကြားတာတောင် အီတူး အထာမနပ်၊ အိမွန်ကိုကြည့်ရင်း မျက်စမျက်နနှင့် မေးနေသေး၏။ ထိုလူက ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

'ဘယ်··· ဘယ်ကို လာတာလဲ အဖေ'

ဒီတစ်ကြိမ်မှာတော့ ထိုလူ ဘယ်သူလဲ ဆိုတာ အီတူးသိသွားသလို ပြဿနာအတိမ်အနက်ကိုလည်း မှန်းဆသွားမိပြီး တစ်ကိုယ်လုံးနတ်ပူးသလို တုန်နေတော့၏။

'စားသောက်ဆိုင်ထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေလိုက်ကြတာ လူမြင်လို့တောင် မကောင်းဘူး'

'ရှင်··· မဟုတ်··· မဟုတ်ဘူး ဖေဖေ၊ ဒါ လုပ်ဖော်ကိုင်ဖက်တွေပါ၊ နေ့ခင်းထမင်းစားနားကြတာပါ ဖေဖေ'

'အိမွန်··· ဒီဆိုင်မှာ ငါထိုင်နေတာ ကြာလှပြီ၊ နင်တို့ဝင်လာတာက စပြီး အခုချိန်ထိ စောင့်ကြည့်ခဲ့တာ သိရဲ့လား'

အီတူးတို့ စုံတွဲအပြင် ဇော်ရဲပိုင်ပါ ဘာမှ ပြန်မပြောနိုင်ကြတော့။

'သုံးယောက်ဝင်လာတဲ့ အထဲမှာ နင်တို့နှစ်ယောက်ရဲ့ အပြုအမူတွေက ဘယ်လို ပတ်သက်သလဲဆိုတာ မြင်တဲ့သူတိုင်း သိတယ်၊ ကဲ··· အမှန်အတိုင်း ပြော'

အီတူးက စစ်ကူတောင်းသလို ဇော်ရဲပိုင်အား လှမ်းကြည့်၏။ ဇော်ရဲပိုင် မသိချင်ယောင်ဆောင်ပြီး ဆီချက်ခေါက်ဆွဲကို တစ်မျှင်မှ မကျန်အောင် ဂရုတစိုက် စားနေလိုက်၏။

အီတူးထံမှ ဘာသံမှ ထွက်မလာ၊ အိမွန်သာ ဦးဆောင်၍ တတွတ်တွတ်နှင့် ရှင်းပြနေလေ၏။

 www.burmeseclassic.com

'ဟုတ်… ဟုတ်ပါတယ် ဖေဖေ၊ သမီးတို့နှစ်ယောက် ရည်ငံ နေကြတာပါ'

'ငါထင်ရင် လွဲခဲ့သားပဲ၊ ပြောစမ်း မိသားစုအခြေအနေ'

'တောင်ဥက္ကလာမှာ နေကြပါတယ် ဖေဖေ၊ မောင်နှမသုံး ယောက်မှာ အငယ်ဆုံးပါ၊ မိဘတွေက အိမ်ဆိုင်ဖွင့်ထားပါတယ်၊ အိမ်ပိုင်နဲ့ မရှိမရှားပါပဲ'

'နင့်အကောင်က ရုတ်တရက် အသွားတာလား'

'ရှင်… အဲ… အီတူး စကားပြောလိုက်ဦးလေ'

'ဘာ… ဘာပြောရမှာလဲ'

အီတူးက အိမ္ဗန်ကို ကြောင်တောင်တောင်နဲ့ မေး၏။ အိမ္ဗန် အဖေက ဘုတောသည်။

'ငါမေးတာပဲ ဖြေ'

'ခင်ဗျာ ဟုတ်ကဲ့'

'မင်းတို့ လက်ထပ်ဖို့ အစီအစဉ်ဆွဲထားပြီးပြီလား'

'ဟုတ်… ဟုတ်ကဲ့၊ မိဘတွေကိုတော့ အသိမပေးရသေးပါ ဘူး၊ ကျွန်တော်တို့ တစ်နှစ်အချိန်ယူပြီး ပိုက်ဆံစုကြဦးမှာပါ ခင်ဗျာ'

'အိမ္ဗန်က တစ်ဦးတည်းသော သမီးနော်'

'ဟုတ်ကဲ့ သိပါတယ် ခင်ဗျာ၊ ကျွန်တော့်မိဘတွေကလည်း မချမ်းသာပေမယ့် မင်္ဂလာဆောင်ကတော့ ကောင်းကောင်းတာဝန်ယူနိုင် ပါတယ် ခင်ဗျာ'

'ငါ့သမီး အလုပ်ဝင်တာ တစ်နှစ်မပြည့်သေးဘူး ဆိုတော့ မင်းတို့တွေ့ကြတာ ကြာပြီပေါ့'

'အိမ္ဗန် အလုပ်ဝင်ပြီးမှ တွေ့ကြတာပါ ခင်ဗျာ'

'ဟင်… မြန်လှချည်လား'

'အဟဲ… ဟုတ်ကဲ့ အားလုံး ခပ်မြန်မြန်ပါပဲ'

'ဘာကွ'





'အဲ… ဟိုဒင်း အခြေအနေအရ နည်းနည်းမြန်သွားတယ်လို့ ပြောတာပါ'

'နာမည်က ဘယ်သူ'

'အီတူး ပါ ခင်ဗျ'

'ဟွန်း… လူနာမည်လည်း မဟုတ်ဘူး'

'ဗျာ'

အီတူး၏ ယောက္ခမနှင့် အင်တာဗျူးကို နားထောင်ရင်း ဇော်ရဲ ပိုင် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်နေရ၏။

'ထားလိုက်ပါ၊ မင်းရဲ့ ရုပ်နဲ့ နာမည်ကို ငါအသေမှတ်ထား လိုက်ပြီ၊ ငါ့သမီး ထူးခြားဖြစ်စဉ် တစ်ခုခုကြုံလို့ကတော့ မင်းကို လာရှာပြီး သတ်မှာနော်'

'ခင်ဗျာ… ဟုတ်… ဟုတ်ကဲ့… ဟုတ်ကဲ့ပါ'

'ကိုင်း… ဒါဆို ငါသွားမယ်၊ အိမ္ဗန် အိမ်ပြန်နောက်မကျစေနဲ့ နော်'

'ရှင်… ဟုတ်… ဟုတ်ကဲ့ ဖေဖေ'

ထိုပုဂ္ဂိုလ်က အီတူးနှင့် ဇော်ရဲပိုင်ကို ဘုကြည့်ကြည့်ကာ စောင်းငန်းစောင်းငန်းနှင့် ထွက်သွား၏။ အီတူးနှင့် အိမ္ဗန်တို့၏ သက် ပြင်းချသံက စားပွဲပေါ်က ပန်းကန်ခွက်ယောက်များကိုပင် လွင့်စင်သွားမ တတ်။ ဇော်ရဲပိုင် ပြုံးရာမှ ဟားတိုက်ရယ်ချလိုက်၏။

အီတူးလည်း ချွေးသုတ်နေရာမှ တသိမ့်သိမ့်ရယ်တော့၏။ အိမ္ဗန်က မျက်စောင်းထိုးသည်။

'ဟွန်း… စောစောတုန်းကတော့ တောက်တဲ့လှည်းနင်း ဖြစ် နေပြီးတော့'

'ဟား… ဟား… ဟား အိမ္ဗန်ကလည်းကွာ ယောက္ခမနဲ့ ပထမဆုံးအကြိမ် ပက်ပင်းဆုံရတာလေ၊ ပြီးတော့ ပန်းခြံမှာမိတာ မဟုတ်ပေမယ့် သိပ်မထူးဘူးလေ၊ ဖြုံတာပေါ့ဟ အိမ္ဗန်ရ'


www.burmeseclassic.com

'အဲဒါ အသာထား၊ မင်းလုပ်ပေါက်က ယောက္ခမကိုများ ဆိုင်ထဲဝင်ပြီး ဈေးရောင်းတဲ့ မားကက်တင်း(န်)သမားလို ပြောဆိုရန် တွေ့လိုက်သေးတယ်ကွာ၊ တကယ့်ကောင်ပဲ'

'အင်းလေ နည်းနည်းပါးပါး လူကဲခတ်ပါဦးလား'

'အိမွန်ကလည်းကွာ ခုမှ တွေ့ဖူးတဲ့လူကို ယောက္ခမလို့ ဘယ်သူက သိမှာလဲ'

'ကဲပါ… မင်းလည်း မမှားဘူး၊ အိမွန်လည်း မမှားဘူး၊ မှားတာက အိမွန်ရဲ့ အဖေ ဟုတ်ပြီလား'

အီတူးနှင့်အိမွန်တို့ လုပ်လိုက်မှ ကြုံလိုက်မှဖြင့် တကယ့်ကို အံ့ဖွယ်သုတများသာ ဖြစ်တော့သည်။

❒ ❒ ❒



## အခန်း(၈)

လူနှင့်အရာဝတ္ထု (သို့) အသုံးအဆောင်ပစ္စည်း ဘယ်ဟာက ပိုပြီး တန်ဘိုးရှိပါသနည်း။ လောကကြီးအတွင်း အသုံးအဆောင်ပစ္စည်းနှင့် အဖိုးထိုက်ရတနာများသာမက လူကိုပါ အရောင်းအဝယ် လုပ်လို့ရသည်။ ထို့ကြောင့်သာ လူကုန်ကူးမှုနှင့် လူကုန်သည်များရှိနေခြင်း ဖြစ်၏။ သို့သော် သက်ရှိလူတစ်ယောက်နှင့် မံမီရုပ်အလောင်းတစ်ခု ယှဉ်ပြီး လေလံတင်လျှင် ဘယ်ဟာက ဈေးပိုရမည် ထင်ပါသလဲ။

တစ်လောလေးကပင် အိမ်က ရှေးဟောင်းဘီရိုကြီးတစ်လုံးကို မေမေ ထုတ်ရောင်းလိုက်သည်။ အစ်ကိုမိုးမြင့်က အလုပ်လုပ်ချင်သည်ဟု ပြောသဖြင့် အရင်းအနှီးရအောင် ရောင်းရခြင်း ဖြစ်သည်။ ကနုတ်များ ပွတ်လုံးတိုင်များနှင့် ကြည့်မှန်ကော အံဆွဲများပါ ပါသည့် ခြင်္သေ့ခြေထောက်လေးချောင်းနှင့် ဘီရိုကြီးက ဆယ့်ငါးသိန်းရ၏။

တန်ဘိုးရှိသည့် အသုံးအဆောင်ပစ္စည်းကို ရောင်း၍ တန်ဖိုးမဲ့လူတစ်ယောက်ကို ပံ့ပိုးပေးဖို့ စီစဉ်ရခြင်းပင် ဖြစ်သည်။ အစ်ကိုက သင်တန်းပဲတက်တော့မလိုလို ပစ္စည်းအဟောင်း အရောင်းအဝယ်ပဲ လုပ်တော့မလိုလိုနှင့် ငွေဆယ်သိန်းကို အရင်းလုပ်၏။

ဒါ ရတိုကို အစ်ကိုသဘောကျသွားပြီးမှ အလုပ်လုပ်မည်ဟူသော စကားထွက်လာဖြင်း ဖြစ်သည်။ ဟုတ်တာ မဟုတ်တာ အပထား အမေနှင့်အစ်ကို စိတ်ချမ်းသာလျှင် ပြီးရောဟုသာ သဘောထားခဲ့တော့၏။


www.burmeseclassic.com

ရုံးအဆင်း ကားမှတ်တိုင်သို့ လျှောက်လာရင်း နန်းမြင့်အတွေးတွေ ပင်လယ်ဝေနေခြင်း ဖြစ်သည်။ ဒီနေ့ ရတီ ခွင့်ယူထားသဖြင့် နန်းမြင့် တစ်နေကုန် ပျင်းနေခဲ့ရ၏။ မှတ်တိုင်ရောက်တော့ ဇော်ရဲပိုင်ကို တွေ့ရသဖြင့် အံ့သြသွားသည်။

'ဘယ်လဲ'

'အစ်မဆီ သွားမလို့'

အစ်မဆီ သွားမလို့ဆိုတော့ သူနှင့်အတူ ကားစီးမည့်သဘော၊ ဒါတမင် အကွက်ဆင်တာလား၊ သွေးရိုးသားရိုး ကိစ္စရှိလို့ပဲလား ဆိုတာတော့ ကာယကံရှင်မှသာ သိပေလိမ့်မည်။

'နန်း… ကျွန်တော့်အတွက် ပြောစရာ တစ်ခုခု ရှိနေပြီလားဟင်'

'ကျွန်မ စဉ်းစားတုန်းပါပဲ'

'အလုပ်ခွင်မှာ ကျွန်တော်နဲ့ ပတ်သက်ပြီး မကောင်းတာတွေများ ကြားနေရလို့လား'

'မကောင်းတာရော ကောင်းတာပါ ဘာမှ မကြားမိပါဘူး'

'ဟုတ်ပါပြီလေ၊ နန်း စိတ်တိုင်းကျသာ စဉ်းစားဆုံးဖြတ်ပါ ကျွန်တော် မလောပါဘူး'

'ကျေးဇူးပဲ'

ထိုမျှလောက် ပြောပြီး ကားလာသဖြင့် ကားပေါ်တက်လိုက်ကြသည်။ ကံအားလျော်စွာ နှစ်မှတ်တိုင်လောက် အရောက်မှာပင် ထိုင်စရာရ၏။ ဇော်ရဲပိုင်ကတော့ တိုးရင်းဝှေ့ရင်း ကားနောက်ပိုင်းသို့ ရောက်သွားသည်။ ကားပေါ်မှာ စကားမပြောရတော့သဖြင့် စိတ်သက်သာရာ ရခဲ့၏။

သို့သော် မှတ်တိုင်အဆင်းမှာတော့ ဇော်ရဲပိုင် တောက်လျှောက်ကပ်လိုက်လာပြန်သည်။ ကိုမြင့်မိုးနှင့် တွေ့လျှင် ဇော်ရဲပိုင် ဒုက္ခရောက်သွားမည်မို့ အတူမလိုက်ရန်ပြောဖို့ ဟန်ပြင်ခိုက်…





'ဟယ်… မောင်လေး'

'မမ… အတော်ပဲ၊ခုမှ ဆေးရုံက ပြန်လာတာလား ယောက်ဖရော'

'မင့်အစ်ကို ဂျူတီကျတယ်လေ ဘယ်လာတာလဲ'

'ဟောဗျာ… မမဆီပေါ့'

'အဟင်း… အတူတူ အလုပ်ဆင်းလာကြတာလား'

'ဟုတ်ကဲ့ မမပိုင်'

တော်ပါသေးရဲ့ လမ်းထိပ်မှာတင် သူ့အစ်မနဲ့ တွေ့လို့ပေါ့၊ သုံးယောက်ဆိုတော့ ကိုမြင့်မိုးနှင့်တွေ့တောင် ပြဿနာမရှိတော့ဘူးလေ။ သူတို့ မောင်နှမနှစ်ယောက် စကားပြောတာကိုပဲ မသိမသာနားစွင့်လိုက်လာခဲ့၏။

'မေမေ နေကောင်းလား'

'အင်း… အိမ်ကို သွားဆိုတာ မသွားဘူးမို့လား၊ မင်းဆီ မေမေလိုက်လာလိမ့်မယ်၊ မိဘက ဒီလောက် ပြန်ခေါ်နေတဲ့ဟာကို'

'ဖေဖေ ခေါ်မှာမဟုတ်ပါဘူး မမရာ၊ ကျွန်တော် သိပါတယ်'

စကားအသွားအလာတွေ အရ ဇော်ရဲပိုင် လူပျိုဖြစ်ကြောင်းနှင့် သူ့မိဘတွေ အိမ်ကို ပြန်ခေါ်နေပြီ ဖြစ်ကြောင်းတော့ အတိအကျသိရ၏။ ဇော်ရဲပိုင် ရေးပေးသော သူ့အကြောင်း အက်ဆေးတွင်လည်း ထိုကိစ္စပါသည်။ ဒါဆို အားလုံးအမှန်တွေ ဖြစ်လောက်သည်ဟု တွက်ဆမိသည်။

'ဖေဖေအကြောင်း မင်းလည်း သိသားနဲ့ကွယ်'

'ကဲပါ… မမမရယ်၊ ဘွဲ့ယူပြီးရင် သေချာပေါက်ပြန်မှာပါ စိတ်ချ'

ပြောရင်းဆိုရင်း နန်းမြင့်တို့ အိမ်ရှေ့ရောက်လာသည်။ အိမ်ရှေ့ရပ်ရင်း နှုတ်ဆက်စကားပြောကြရ၏။

'ကဲ… မမပိုင်တို့ သွားကြတော့နော်'

 www.burmeseclassic.com

'အေး… အေး နန်းမြင့်ရေ သွားပြီနော်'

'ဟုတ်ကဲ့'

အခွင့်မသာတော့သဖြင့် ဇော်ရဲပိုင် ပြုံးပြနှုတ်ဆက်ရုံသာ တတ်နိုင်တော့၏။ ဇော်ရဲပိုင် သူ့အစ်မနှင့် လိုက်သွားသည်။ ဖက်လည်ပြီး ကြည့်သည့်အကြည့်က သူ့ထံ ကျန်ခဲ့၏။

အိမ်တွင် အနားယူထိုင်မိကြသောအခါ မမက အအေးဖျော် တိုက်၏။

'နေပါဦး မင်းနဲ့ နန်းမြင့် ဘယ်လိုပတ်သက်နေပြီလဲ'

'အဟင်း… သူ အဖြေမပေးသေးဘူး မမ၊ ကျွန်တော့်ဘဝကို ရှင်းရှင်းလင်းလင်း မသိရလို့တဲ့'

'သူ့အစ်ကို ထောင်က ထွက်လာတာ မင်းသိပါတယ်နော်'

'ဟုတ်ကဲ့'

'မိန်းမ ဒီလောက် ရှားသလားကွယ်'

'ကျွန်တော် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့တဲ့ နှစ်နှစ်နီးပါး ကာလတွေမှာ ကျွန်တော် အေးအေးဆေးဆေး နေခဲ့ပါတယ် မမ၊ နန်းမြင့်ဟာ ကျွန်တော့်ဘဝအတွက် လမင်းပါ'

'သူတစ်ယောက်တည်း ဆိုရင်တော့ တကယ် အဘိုးတန်တဲ့ မိန်းကလေးပါ'

'ကျွန်တော်လည်း သူ့ကိုပဲ တာဝန်ယူမှာပါ'

'မတော်ချင်လို့မှ မရဘဲကွယ်၊ သူ့အမေနဲ့ သူ့အစ်ကိုဆိုတာ သေတဲ့အထိ ပတ်သက်သွားရမှာလေ'

'ကိုယ့်ဘဝ ကိုယ်လျှောက်ကြမှာပဲ မမရယ်'

'ဆက်နွယ်မှုကို ဖြတ်တောက်လို့မှ မရဘဲကွယ်'

'အဟင်း… ကျွန်တော်တို့ ဆွေးနွေးတာ အဆင့်ကျော်နေပြီ ထင်တယ်၊ နန်းမြင့် ကျွန်တော့်ဘဝထဲ ဝင်မလာသေးပါဘူး'

'အိမ်ကို ပြန်ပြီး မိဘတွေ စိတ်ချမ်းသာအောင် နေထိုင်ဖို့လည်း စိတ်ကူးပါဦးကွယ်'





'ကောင်းပါပြီ မမ'

'ဒါနဲ့ လာမယ့်လ ပထမပတ် သောကြာနေ့ ဖေဖေ အသက် ခြောက်ဆယ်ပြည့်မွေးနေ့နော်၊ မိသားစု စုံစုံလင်လင်နဲ့ ညစာစားပွဲကို တော့ မပျက်မကွက်တက်ဖို့ လိုမယ် မောင်လေး'

'ဒီနှစ် ဘယ်ဆိုင်မှာ လုပ်မှာလဲ'

'ရွှေဘဲနဲ့ ရွှေရှမ်းကန် တစ်ခုခုပေါ့၊ ရက်နီးရင် ဖုန်းဆက်လေ'

'ဟုတ်ကဲ့ မမ၊ ကဲ… ပြန်မယ်နော် မမ'

မမကို နှုတ်ဆက်ပြီး ဇော်ရဲပိုင် ထွက်လာခဲ့၏။ နန်းမြင့် အိမ်ရှေ့အရောက် ဖြည်းညင်းစွာ လျှောက်လှမ်းအကဲခတ်သော်လည်း အရိပ်အယောင်မျှ မတွေ့ရ။ ရင်မောစိတ်မောစွာဖြင့် အိမ်ပြန်လမ်းသို့ အထီးကျန် လှမ်းခဲ့ရ၏။

လမ်းထိပ်တွင် ဘယ်ကားစီးလျှင် အဆောင်သို့ အဆင်ပြေပြေ ရောက်မလဲဆိုတာ တွေးပြီး ဟိုဒီကြည့်ရင်း တွေဝေနေသည်။ ထိုအခိုက် သူ့အနား လူတစ်ယောက် ချဉ်းကပ်လာပြီး ပခုံးကို တင်းတင်းကြပ်ကြပ် ဖက်လာတာ ခံလိုက်ရသည်။ လှည့်ကြည့်တော့ နန်းမြင့်အစ်ကို ဖြစ်နေ တာ သိရ၏။

'သိပ်ရုပ်ပျက်ဆင်းပျက် မဖြစ်စေချင်ဘူးကွာ၊ ဆိုင်ထိုင်ရင်း စကားပြောရအောင်'

ဇော်ရဲပိုင် ငြင်းဆန်၍ မရဘဲ ကိုမြင့်မိုး ချုပ်နှောင်ခေါ်ဆိုရာ နောက်သို့ လိုက်ပါသွားရ၏။ လက်ဖက်ရည်ဆိုင်ထဲ ရောက်လာ နေရာ ယူပြီးနောက်…

'မင်းကို ငါ့ညီမဘေးမှာ ထပ်ပေါ်မလာဖို့ ငါသတိပေးထား တယ်နော်'

'ကျုပ်အစ်မဆီ ကျုပ်လာတာလေ၊ ခင်ဗျားညီမနဲ့ ကားပေါ်မှာ ဆုံတာ တကူးတက လိုက်ကပ်နေတာ မဟုတ်ဘူး ကိုယ့်ကိစ္စနဲ့ ကိုယ်'

ဇော်ရဲပိုင်၏ ခပ်ထန်ထန် အမူအရာနှင့် ပြတ်သားသည့်


www.burmeseclassic.com

အပြောကြောင့် မြင့်မိုး ငြိမ်သွားသည်။ ဇော်ရဲပိုင်လည်း အချဉ်မှမဟုတ်တာ၊ ဒီလို လူမျိုးကို ဘယ်လိုဆက်ဆံရမယ် ဆိုတာလောက်တော့ ကောင်းကောင်းသိ၏။

'သူနာပြု မေသက်ပိုင်က မင်းအစ်မလား'

'ဟုတ်တယ်'

စကားပြတ်ပြီး လက်ဖက်ရည် လှမ်းမှာလိုက်၏။ ဇော်ရဲပိုင်က ခပ်တည်တည်နှင့် မာရေကျောရေ ပြန်ရှိုးပေးနေ၏။ ဒီတော့လည်း မြင့်မိုးက လက်ဖက်ရည်သောက်လိုက် ရေနွေးငှဲ့လိုက်နှင့် အလုပ်ရှုပ်ချင်ယောင်ဆောင်ပြီး မျက်လုံးချင်းမဆုံအောင် ရှောင်၏။ ဒီလို ရုပ်ကွက်လူမိုက် အထာက ဒါပဲဖြစ်သည်။ ကြောက်ပြနေလျှင် ပိုဆိုး၏။

'ညီမလေးနဲ့ တစ်ဖွဲ့တည်းပဲလား'

'မဟုတ်ပါဘူး၊ ကျုပ်တို့က အရပ်လှည့်ပြီး ပစ္စည်းပို့ရတာ'

'အင်း… ဒါပေမဲ့ မင်းတို့ အနေအထားကို ငါသဘောပေါက်တယ်၊ မျက်လုံးတွေကို ကြည့်လိုက်ရင် အဓိပ္ပာယ်သိနေတာပဲ'

မြင့်မိုး လည်ပုံတော့ ရ၏။ အခြေအနေကိုလည်း တွက်ဆနိုင်စွမ်း ရှိပုံရသည်။

'အဲဒီတော့…'

'အဲဒီတော့ မင်းအကြောင်း ပြောပြ'

ဇော်ရဲပိုင် ညစ်သွား၏။ ခုတလော သူ့အကြောင်း သိချင်သူတွေ များနေပါလားဟုလည်း တွေးမိသည်။ ဒီလူ့အပေါ်တော့ သိပ်အလေးအနက်လည်း မရှိသဖြင့် ပြီးပြီးရော သဘောမျိုး ပြောပြလိုက်သည်။

'ကျောင်းပြီးပြီ၊ ဘွဲ့မယူရသေးဘူး၊ အလုပ်ရှိတယ် ဘောနပ်ပါ တည့်တွက်ရင် တစ်သိန်းခွဲလောက် ရတယ်၊ မောင်နှမနှစ်ယောက်ပဲရှိတာ မိဘတွေရဲ့ အခြေအနေလည်း မဆိုးပါဘူး'

'သာမန်အဆင့်ပဲပေါ့ ဟုတ်လား'





'ဟုတ်တယ်'

'အေးလေ… ငါ့ညီမလည်း အရွယ်ရောက်နေပါပြီ၊ အရပ်ထဲက အကြောင်းသိတွေနဲ့ စာရင်တော့ မင်းက မဆိုးပါဘူး၊ ဒါပေမဲ့ မင်းအကြောင်း ငါစုံစမ်းဦးမှာနော်'

'ကြိုက်သလိုသာ လုပ်ဗျာ၊ ကဲ… အချိန်မရဘူး ကျုပ်ပြန်မယ်'

ဇော်ရဲပိုင်က တမင်ကလာ လက်ဖက်ရည်ဖိုးပင် မရှင်းဘဲ ထထွက်လာခဲ့၏။ မြင့်မိုး အထွန့်မတက် ပြဿနာမရှာဘဲ ကျန်ရစ်ခဲ့သည်။

❐ ❐ ❐

ရုံးအားရက်တစ်ရက်မှာတော့ နန်းမြင့်ဈေးသွားရင်း မမပိုင်နှင့်ဆုံသည်။ အတူတူ ဈေးဝယ်ပြီးနောက် နန်းမြင့်က မုန့်ဟင်းခါး ဝယ်ကျွေးသည်။ အိမ်အပြန်လမ်းတွင် မမပိုင်က လက်ဖက်ရည်သောက်ရန်ပြောပြီး ဆိုင်ထဲဆွဲခေါ်သည်။ မမပိုင် မေးမြန်းစုံစမ်းတော့မည်ဆိုတာ သိလိုက်ပြီ။

သူလည်း ဇော်ရဲပိုင်အကြောင်း ဒီထက် ပိုသိချင်နေသဖြင့် မငြင်းတော့ဘဲ အတူဆိုင်ထိုင်လိုက်သည်။

'နန်းမြင့်တို့ အလုပ်က လခဘယ်လောက်ရလဲ'

'ခုတော့ ခုနစ်သောင်းပါ မမပိုင်၊ ဝင်ကာစက ငါးသောင်းပဲရတာ'

'ဪ… ဟုတ်လား၊ လောက်ငတဲ့ငွေ မဟုတ်ပေမယ့် မဆိုးဘူးပဲ ပြောရမှာပေါ့'

'ဟုတ်ကဲ့ ဈေးထဲက အမေ့အထည်ဆိုင်ရယ် နန်းမြင့်လခရယ်ပေါင်းရင် အရင်ကထက်တော့ အဆင်ပြေပါတယ်'

'လူတိုင်း အဆင်ပြေဖို့ပဲ ဦးစားပေးနေရတာပါကွယ်'

 www.burmeseclassic.com

ကိုယ်စီ လက်ဖက်ရည်သောက်ရင်း စကားပြတ်သွားကြ၏။ ရင်ထဲမှာတော့ မေးခွန်းတွေ ကိုယ်စီ ပြင်ဆင်ထားခဲ့ကြပြီ။

'ဒါနဲ့ နန်းမြင့် မောင်လေးကို အဖြေပေးလိုက်ပြီလား'

'ရှင်… အဲ… ဟို… ဟိုလေ ဘာမှ မပြောဖြစ်သေးပါဘူး မမပိုင်'

ဇော်ရဲပိုင်ကို ကိုမြင့်မိုးခေါ်ရစ်သလို ဇော်ရဲပိုင်ကလည်း သူ့အစ်မကို ဖွင့်ပြောထားပုံရ၏။ အမိက ကာယကံရှင်နှစ်ယောက် ပွင့်လင်းမှု မရှိသေးသော်လည်း ဝန်းကျင်နှင့် ဆွေမျိုးများက ဝင်ရောက်ပတ်သက်နေကြပြီ။ အခြေအနေတွေက ပြောင်းပြန်ဖြစ်နေပြီ ထင်၏။

'နန်းမြင့်ကိုတော့ တော်တော်သဘောကျနေတာ'

'ရှင်! ဟုတ်ကဲ့… အဟင်း'

'မမလည်း နန်းမြင့်ကို သဘောကျပါတယ်၊ ဒါပေမဲ့ နန်းမြင့်က မောင်နှမကံ မကောင်းဘူးနော်'

'အဲဒါလည်း ဟုတ်ပါတယ် မမပိုင်၊ နန်းမြင့်လည်း နောင်ရေးကို ကြိုတွက်မိတယ်၊ အဲဒါကြောင့် ဒီနေ့ထိ ဘယ်ယောက်ျားလေးနဲ့မှ မပတ်သက်ခဲ့တာ'

'မမပိုင် သဘောပေါက်ပါတယ် ညီမ၊ ဟိုတုန်းက မောင်လေး ကဲခဲ့တယ်ဆိုပေမယ့် အခုတော့ သိပ်ကို ဣန္ဒြေရနေတယ်၊ နန်းမြင့်သာ တုန့်ပြန်ရင် သူ့ဘဝ တည်ငြိမ်သွားပြီလို့ ဆိုရမလောက်ပဲ'

ဒီတော့လည်း ဇော်ရဲပိုင်ကို သနားသွားရပြန်သည်။ ကုမ္ပဏီမှာလည်း နန်းမြင့် မြင်နေကြားနေရသည် မဟုတ်လား။ ဘော်ဘီတို့ အီတူးတို့ ထံမှလည်း သတင်းတွေရနေသည်။ ဇော်ရဲပိုင် အနေအထိုင် တည်ငြိမ်ပုံတွေ သိနေရ၏။ ရတီကို အကြောင်းမဲ့ ဖြတ်ပစ်တာက လွဲလို့ပေါ့။

'မမတို့ကတော့ ဖျက်တာတို့ သဘောမတူတာတို့ မရှိပါဘူး၊ ကိုယ့်ဘဝ ကိုယ်လျှောက်ကြရမှာ မဟုတ်လား၊ သင့်တော်တယ် ထင်





ရင် လက်တွဲပေါ့၊ မောင်နှမသံယောဇဉ် ဘယ်လိုပဲ ရှိရှိ ကိုယ့်ပြဿနာ ကိုယ်ပဲ ရှင်းရမှာလေ'

'ဟုတ်ပါတယ် မမပိုင်'

'ယောက္ခမကို တင်ကျွေးထားနိုင်ပေမယ့် ယောက်ဖကို တာဝန်ယူဖို့တော့ ခက်တယ် မဟုတ်လား'

'အဲဒါတွေ နန်းမြင့် သဘောပေါက်လို့ နန်းမြင့် သေချာစဉ်းစားနေတာပါ'

'ကောင်းပါတယ်၊ မဆုံးဖြတ်ခင် စဉ်းစားချင့်ချိန်တာ အကောင်းဆုံးပဲ'

'ဟုတ်ကဲ့'

'ကဲ… သွားကြရအောင် ချက်ရပြုတ်ရ ဦးမှာနဲ့'

ဇော်ရဲပိုင်အကြောင်း သောင်းပြောင်းထွေလာ ကဏ္ဍက ဒီမှာပဲ အဆုံးသတ်သွားသည်။ ရရှိထားသည့် အချက်အလက်များနှင့် အစ်မဖြစ်သူကို ဖွင့်ပြောထားခြင်းက ဇော်ရဲပိုင်ဘက်မှ သေချာရေရာမှုကို သိသာနေစေ၏။ တစ်ဖန် ရည်းစားဖြစ်ခဲ့ဘူးသူ ရတီကိုယ်တိုင်က နစ်နာမှု တစ်စုံတစ်ရာ မရှိခဲ့ပါဟု ဝန်ခံထားသေးသည်။ ဇော်ရဲပိုင်ကို ခေါင်းညိတ်လိုက်လျှင် ကောင်းမည်ထင်၏။ ထိုသို့ တွေးလိုက်တော့ နန်းမြင့်တစ်ကိုယ်လုံး နွေးထွေးကာ ရှိန်းမြမြ ဖြစ်သွားသည်။

'အင်း… ဒါဟာ အချစ်ပဲ ထင်ပါရဲ့'။

❐ ❐ ❐

ဇော်ရဲပိုင်တို့အုပ်စု မားကက်တင်း(န်) မထွက်နိုင်ကြ၊ သူတို့ကား ပျက်နေ၍ ဖြစ်သည်။ အီတူးတို့ စုံတွဲကတော့ ဖြစ်နေသမျှ အခြေအနေပေါင်းစုံတွင် လိုက်လျောညီထွေ ပျော်နေကြ၏။

မက္ကင်းနစ်တွေ ကားပြင်တာ ထိုင်ကြည့်ရင်း ဇော်ရဲပိုင် ပျင်းလာ၏။ သို့နှင့် လိုအပ်သော ကုန်စည်ထပ်ဖြည့်ထားရန် ရုံးထဲသို့


www.burmeseclassic.com

ဇော်ရဲပိုင် ဝင်လာ၏။ ကံဆိုးချင်တော့ နန်းမြင့်နှင့်ရတီတို့ ထမင်းစားနေတာနှင့် တိုးသည်။ သူ့ကို မြင်ပြီး ရတီက လှမ်းခေါ်၏။

'ဟေး… ဇော်ရဲပိုင် လာပါဦးဟ မတွေ့တာကြာလို့'

နန်းမြင့် အထိတ်တလန့်နှင့် လှည့်ကြည့်၏။ ရတီက မျက်စေ့မှိတ်ပြသည်။ လှမ်းခေါ်နေမှတော့ ရှောင်ထွက်သွားဖို့ မကောင်းတော့သည်နှင့် ဇော်ရဲပိုင် မျက်နှာပူစွာ ဝင်ထိုင်ရတော့သည်။

'စားပြီးပြီလား'

'ဟင့်အင်း… ကားပျက်နေတာ ပြင်ပြီးမှပဲ ထွက်စားတော့မယ်'

'သတင်းတွေကြားတယ် အိမ်ပေါ်ပြန်တက်တော့မယ်ဆို'

'အင်း… ဒါပေမဲ့ လိုပါသေးတယ်'

'ဘာလဲ အိမ်က သဘောတူထားတဲ့သူကို မကြိုက်လို့ ပြန်မတက်ရဲတာလား'

'ဟာ… ရတီကလဲ'

သူ့ကို ခေါ်ပြီး ပေါ်တင်ချွတ်နေပြီ ဆိုတာ သိ၍ ဇော်ရဲပိုင် အငွေ့ပျံကာ ပျောက်ကွယ်သွားချင်နေမိသည်။

'ထမင်းစားပါဦး'

'ရပါတယ် စားကြပါ'

နန်းမြင့်က နားထောင်သမား သက်သက်၊ ရတီကသာ အညှိုးနှင့် လိုက်ဖွနေသလို ရှိ၏။

'လာမယ့် ဗုဒ္ဓဟူးနေ့ ဘာနေ့လဲ မှတ်မိသေးလား'

ရတီ သူ့ကို အသေသတ်ချင်နေပုံရ၏။ သူမေးသောနေ့သည် သူမ၏ မွေးနေ့ဖြစ်တာ ဇော်ရဲပိုင် မမေ့သေးပါ။

'အင်း… မှတ်မိပါတယ်'

'အဟင်း… ဟင်း အိမ်က သဘောတူထားတဲ့သူ ကြည်ဖြူမယ်ဆိုရင် လက်ဆောင်လေး ဘာလေး ပေးဦးလေ၊ ဘာမှ မသက်ဆိုင်ဘူး ဆိုပေမယ့် ဘော်ဒါအကန့်တော့ ရှိသေးတယ်မို့လား'





တရားခွင်မှ ဆွဲချတစ်ယောက်၏ မေးခွန်းမျိုးနှင့် ရတီနှိပ်စက်နေ၏။ နန်းမြင့်ရှေ့တွင် ဇော်ရဲပိုင် ခေါင်းမဖော်ဝံ့။ တစ်ဖက်သတ်ခံနေရသဖြင့် အရွဲ့တိုက်လိုစိတ်ပေါ်လာပြီး…

'ဒီတစ်ခါ ရတီ့မွေးနေ့မှာ တစ်သက်လုံး အမှတ်တရဖြစ်စေမယ့် မွေးနေ့လက်ဆောင် ဝယ်ပေးမှာပါ'

ရတီ့မျက်ခုံးများ မြင့်တက်သွား၏။

'ဟုတ်ရဲ့လား၊ မိဘတွေ ပေးစားမယ့်သူနဲ့ တိုင်ပင်ကြည့်ဦးနော်၊ တော်ကြာ ရန်ဖြစ်ကုန်ရင် မကောင်းဘူး'

နန်းမြင့်လည်း ဘာမှဝင်မပြောသာ၊ ထမင်းကိုသာ တွင်တွင်ငုံ့စားနေရ၏။ စိတ်ထဲမှာတော့ တော်ပါတော့ ရတီရယ်ဟု တောင်းပန်နေမိသည်။

'သူက သဘောထားကြီးပါတယ်ဟ၊ ဒီလောက်ကတော့ လူမှုရေးဆိုပြီး နားလည်ပေးမှာပါ'

'အလို… တယ်ဟုတ်ပါလား၊ ဒါဆိုလည်း ဝမ်းသာပါတယ်ရှင်'

'အဟင်း… ရပါတယ်၊ ကဲ… ကိုယ် ကျူစီနဲ့ တွေ့ရဦးမှာ သွားမယ်နော်'

ဇော်ရဲပိုင်က ခြုံငုံနှုတ်ဆက် ထွက်သွား၏။ အားနာနေသဖြင့် နန်းမြင့် ပြုံးပြမိသလား၊ ခေါင်းညိတ်မိသလားပင် မသိတော့၊ ရတီက·

'နန်းမြင့် ဘယ်လိုဖြစ်တာလဲ ကိုယ် ဒီလောက် ဖွဲ့နေတာ တစ်ချက်လေးတောင် ဝင်ကစ်ဖော်မရဘူး'

'အဟင်း… အားနာလို့ပါ ရတီရာ'

'ဟင်… အားနာလို့'

'ဟုတ်တယ် ကိုယ်တို့ချင်း ဘာမှ ဖြစ်သေးတာ မဟုတ်ဘူး၊ ကိုယ့်အစ်ကိုကလည်း ခေါ်ပြီး ရစ်သေးတယ်လေ'

'ဟယ်… ဟုတ်လား'


www.burmeseclassic.com

'အင်း… သက်ဆိုင်လို့ အပြောအဆို ခံနေရတယ် ဆိုရင်တော့ တစ်မျိုးပေါ့'

ရတီ နှုတ်ဆိတ်သွား၏။ နန်းမြင့်စိတ်ကိုလည်း မြင်မိသလိုလို ရှိလိုက်သည်။ သူ့အနေနှင့် လွတ်သည့်ငါး ကြီးနေရန် ဆန္ဒမရှိတာ သေချာသဖြင့် နန်းမြင့်ကို လွှတ်ပေးထားဖို့ ဆုံးဖြတ်လိုက်သည်။

❒ ❒ ❒

လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ခရီးသည်တင် ဘတ်(စ)ကား အရေအတွက် တိုးတက်များပြားလာတာတော့ သေချာသည်။ အဖေတို့ခေတ်က ယာဉ်လိုင်းနံပါတ် ၃၁လောက် အထိသာရှိ၏။ ခုတော့ ၁၅၇ကော၊ ၂၀၃ကော၊ ၂၁၆ကော ဘာတွေမှန်းကို မသိလောက်အောင် ယာဉ်လိုင်းတွေ ဖောင်းပွများပြားနေ၏။

ဘယ်လောက်ပဲများများ တိုးပွားလာသည့် မြို့နေလူဦးရေနှင့် ကားအချိုးအစားက မညီမျှသေး။ ရုံးတက်ရုံးဆင်း၊ ကျောင်းသွား ကျောင်းပြန် အချိန်တွေမှာ ကျပ်မြဲကျပ်ဆဲသာ ဖြစ်သည်။

လူစေ့ခုံစေ့သာ တင်သည်ဆိုသည့် အထူးယာဉ်လိုင်းများတွင် မတ်တပ်ရပ်ခရီးသည်တွေ တိုးပွားနေတာက သက်သေပြနေ၏။ တိုးတက်သည့် တိုင်းပြည်တွေကလို မြေအောက်ရထားတွေ ဘာတွေ ရှိလာလျှင် ကောင်းမည်ဟု တွေးမိ၏။

ခုတော့ ဆင်းရမည့်မှတ်တိုင် မရောက်ခင် ကြိုကာတိုးထွက်လာတာတောင် မှတ်တိုင်ရောက်သည်အထိ အပေါက်ဝမရောက်သေး။ ချွေးဒီးဒီးကျအောင် ပင်ပန်းကြီးစွာ တိုးဝှေ့မှ ကားပေါ်က ဆင်းလို့ရ၏။ အရွယ်ကောင်း ဘတ်(စ)ကားစီး မိန်းကလေးတွေ အလှပျက်နေရတာ နေ့စဉ်လို ဖြစ်နေသည်။

ရတီတစ်ယောက် ကားအောက်သို့ ရောက်သည်နှင့် ဆံပင်ကို သပ်တင် ပြုပြင်ရသည်။ ကျွတ်လုလုထဘီကို ချပ်ချပ်ရပ်ရပ် ပြင်ဝတ်





၍ အင်္ကျီကို ဆွဲဆန့်ရသည်။ ခြင်းထဲက ပစ္စည်းတွေ စုံမစုံ စစ်ရသည်။ အားလုံးပြီးမှ အိမ်ပြန်ခရီးအတွက် ခြေလှမ်းစလို့ ရတော့၏။

ရပ်ကွက်လမ်းသွယ်ထဲ ဝင်လာသည်နှင့် ကားပေါ်က အဖြစ်နှင့် တခြားစီ ဖြစ်သွားတော့သည်။ ချွေးနံ့ အပေါ်စားရေမွှေးနံ့ မဆင်မခြင် လေလည်သည့်အနံ့ပေါင်းစုံမှ ကင်းလွတ်ခွင့်ရသလို ဆူပူကြိမ်းမောင်း ညည်းညူသံများကိုလည်း လုံးဝမကြားရတော့။

ဆတ်ကော့လတ်ကော့ ဆော့ကစားနေသည့် လေပြည်၏ ကျီစယ်မှုကို ခံယူရင်း ပန်းခဲ့သမျှ လန်းသွားရ၏။

လျှောက်လာရင်း ရှေ့မြင်ကွင်းကို ကြည့်မိတော့ ရင်တုန်ဘဝင်ခုန် သွားရ၏။ လမ်းသွယ်ထိပ် အုတ်ခုံမှာ လူတစ်ယောက် ထုံးစံအတိုင်း ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းထား၏။ ဒါ ဟိုလူပဲပေါ့။ ဘုရား… ဘုရား၊ ဘာတွေများ ပြောဦးမှာပါလိမ့်၊ ဟိုတစ်ခါ စရုံပေးသွားတာ ဆိုတော့ ဒီတစ်ခါ အကျေချေမလို့လား မသိဟု တွေးရင်း အထိတ်တလန့် ဖြစ်နေမိသည်။

'ရတီ မြင်ရတွေ့ရတာ စိတ်ချမ်းသာလိုက်တာကွာ၊ ရင်ထဲကို လန်းသွားတာပဲ'

'ဩော်… ကိုမြင့်မိုး'

'ဟုတ်တယ် ရတီ၊ မှတ်မိလို့ တော်ပါသေးရဲ့ ကိုယ်လာစောင့်နေတာ'

'ဘာများ ပြောစရာရှိသေးလို့လဲ'

'ကိုယ် အလုပ်လုပ်နေပြီ ရတီ၊ စားသောက်ဆိုင်ကြီး တစ်ခုမှာ စားပွဲထိုး ဝင်လုပ်နေတယ်၊ ပြီးတော့ ဆိုင်မှာက ခြောက်လတစ်ကြိမ် လူရွေးပြီး စားဖိုမှူးသင်တန်းပေးတယ်လေ၊ အဲဒီအထဲ ကိုယ်ပါအောင် ကြိုးစားနေတာ ရတီရဲ့၊ စားဖိုမှူးဖြစ်သွားရင် အတော်အဆင်ပြေသွားမှာ'

ဟား… ပြဿနာပါပဲလား၊ ရတီ ဘာပြန်ပြောရင် ကောင်းမလဲ၊ အပြေးအလွှား စဉ်းစားရ၏။


www.burmeseclassic.com

'ကောင်းပါတယ် အမေနဲ့ ညီမကို ပြန်စောင့်ရှောက်ခွင့်ရတာပေါ့'

'အဲဒါကလည်း တစ်ပိုင်းပါ၊ ကိုယ်အခုလို အလုပ်လုပ်ဖြစ်သွားတာ ရတီ့ကြောင့်'

'ရှင်'

'ဟုတ်တယ် ဘဝကို တည်တည်တန့်တန့် ဖြတ်သန်းချင်လို့ပါ၊ ရတီ ဖေးမကူညီပါနော်'

'ဟား… ခက်တော့တာပဲ ကိုမြင့်မိုးရယ်၊ အဲဒါတွေ ရတီ စိတ်မဝင်စားဘူး၊ ရတီ့အတွက် မရည်ရွယ်ပါနဲ့ မိသားစုအတွက်ပဲ စဉ်းစားပါ'

'ရတီ လက်ခံဖို့ ခက်နေမယ်ဆိုတာ ကိုယ်သိပါတယ်၊ ကိုယ် စိတ်မပျက်ပါဘူး၊ ရတီ လက်ခံလာတဲ့အထိ ကိုယ်ကြိုးစားသွားမှာပါ'

ရတီ တော်တော်စိတ်လေသွားရ၏။ တောက်တဲ့လား ပင့်ကူလူသားလားတော့ မသိ။ အသေအလဲ တွယ်ကပ်နေတာတော့ သေချာနေပြီ။

'ပင်ပန်းပါတယ်ရှင်'

'အဲလို အပင်ပန်းခံရတာကို အရသာတွေ့နေတာ ရတီရဲ့ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်မနေနဲ့၊ ကိုယ့်ဘက်က အဆင်သင့်ဖြစ်မှလာမှာ သိလား၊ သွားမယ်နော်'

အနှောင့်အယှက်ပေးသည်လည်း မဆိုသာ ဇွတ်တရွတ် အပြုအမူလည်း အလျှဉ်းမရှိဘဲ ပြောချင်ရာပြောပြီး တစ်ဖက်သတ် အနိုင်ယူ ထွက်ခွာသွားသည့် မြင့်မိုးကို လှမ်းကြည့်ရင်း ရတီတစ်ယောက် အမောဖောက်၍ ကျန်ခဲ့၏။

❒ ❒ ❒



## အခန်း(၉)

အချစ်ကို ပေါ့ပေါ့တန်တန် သဘောထားခဲ့စဉ်က ဝင်လာမစဲ တသဲသဲ ရှိသလောက် အလေးအနက်ထားပြီး ဘဝအတွက် စဉ်းစား ရွေးချယ်မိသော အခါကျမှ အချစ်က သူ့ကို တစိမ်းပြင်ပြင် ဆက်ဆံချင်နေသည်။

ထို့အတွက် အတုံ့အလှည့်သဘော ဝဋ်ကြွေးဟုသာ သူယုံကြည်ထားလိုက်တော့၏။ ခက်ခက်ခဲခဲ ကြိုးစားရမှ တန်ဘိုးထားတတ်သူထဲတွင် သူပါဝင်နေပြီ ထင်၏။ နန်းမြင့် အေးတိအေးစက် ဆက်ဆံလေ အငမ်းမရစိတ်နှင့် တန်ဘိုးထားပြီး လိုချင်တပ်မက်လာလေလေ ဖြစ်နေရသည်။

ပြီးတော့လည်း ကိုယ်ချစ်ခွင့်ပန်ထားသူနားမှာ ရည်းစား ဟောင်းက ရှိနေပြန်သည်။ ရတီက နန်းမြင့်အား ဘာတွေပြောထားမှန်း မသိ။ အချစ်ခုံရုံးတွင် ရုံးတင်စစ်ဆေးခြင်း ခံရသူ ဇော်ရဲပိုင်အတွက် ရတီ့နှုတ်ထွက်စကားသည် လိုပြသက်သေ၏ ထွက်ချက်ကဲ့သို့ အရာရောက်နေ၏။ သူ မိမိအပေါ် အမြင်ကတ်လျှင် ကတ်သလောက် သူဒုက္ခရောက်နိုင်မှန်း ဇော်ရဲပိုင် သိသည်။

သို့သော် ဒီတစ်ကြိမ်မှာတော့ သူ့နှလုံးသားသည် နန်းမြင့်ဘုံနှင့် မဟုတ်လျှင် ဓာတ်လိုက်တော့မှာ မဟုတ်။


www.burmeseclassic.com

ဒီနေ့ ဗုဒ္ဓဟူးနေ့ ဖြစ်၏။ တိတိကျကျဆိုရလျှင် ရတီဆိုသော မိန်းကလေး၏ အသက်နှစ်ဆယ့်တစ်နှစ်မြောက်မွေးနေ့ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ ရတီက ရက်ရက်စက်စက် တောင်းဆိုထားသဖြင့် မွေးနေ့ လက်ဆောင်ပေးရန် ပစ္စည်းသုံးမျိုးကို ပြတ်ပြတ်သားသား ရွေးချယ် ဝယ်ယူခဲ့သည်။

ထိုပစ္စည်းများကို ဘူးထဲထည့်ကာ လှလှပပ ပက်ကင်ထုပ်၍ ဖဲပြားအစိမ်းရောင်နှင့် ချည်ကာ ယူလာခဲ့၏။ ကားပေါ်မှ ဆင်းပြီး ကုမ္ပဏီသို့အလာ ရှေ့တွင် ခပ်သုတ်သုတ် လျှောက်နေသည့် နန်းမြင့်ဘုံ ကို လှမ်းတွေ့၍ ပြေးလိုက်ခဲ့၏။

'နန်း… ဟူး…'

'ဟော… ရှင်ပါလား ဘာလို့ ပြေးလိုက်လာတာလဲ လှမ်းခေါ် လိုက်ပြီးရော'

'နန်း ဣန္ဒြေပျက်သွားမှာပေါ့'

'ဟွန်း… အပိုတွေ'

'အဟင်း… ဒါနဲ့ ကျွန်တော် စောင့်နေဆဲပဲနော်'

'မမေ့မလျော့ မှတ်သား စဉ်းစားဆဲပါရှင်'

'ဖွင့်ပြပါများလို့ CD တောင် ထစ်ချင်နေပြီ'

'ထစ်နေရင်လည်း အသစ်ဝယ်လိုက်ပေါ့ရှင်'

'သြော်… ဒါနဲ့ ဒီနေ့ ရတီ့မွေးနေ့နော်'

'ဟုတ်တယ်လေ'

'ခင်ဗျားနဲ့သလို တောင်းဆိုထားတဲ့အတွက် ကျွန်တော် လက်ဆောင် တစ်ခု မဖြစ်မနေ ယူလာပါတယ်၊ အဲဒါ နန်းက တစ်ဆင့်ပေးလိုက်ပါ ရစေ'

'ကိုယ်တိုင်လာပေးပါလား ရှင်'

'နန်းက တစ်ဆင့်ပေးမှ ပိုပြီး အဓိပ္ပာယ်ပြည့်စုံမှာမို့ပါ'

ဇော်ရဲပိုင်က ပက်ကင်ထုပ်ကို အတင်းလက်ထဲထည့်ပေးပြီး





ကားများစီတန်းရပ်ထားသည့် ပါကင်သို့ လှည့်ထွက်လာခဲ့တော့သည်။ သူ့ကားနားတွင် ဆယ့်နှစ်ရာသီ တွတ်ထိုး၍ မဝနိုင်သော အီတူးတို့ စုံတွဲကို တွေ့ရ၏။ အားလုံးအဆင်သင့် ဖြစ်နေပြီမို့ လုပ်ငန်းခွင်ဝင်ရန် ကားမောင်းထွက်ခဲ့တော့သည်။

အီတူးရော အိမွန်ပါ မှိုရသလို မျက်နှာများနှင့်မို့ ထူးခြားနေ သဖြင့် ဇော်ရဲပိုင် မနေနိုင် မထိုင်နိုင် စပ်စုကြည့်လိုက်၏။

'နေစမ်းပါဦး မင်းတို့ ဘာဖြစ်နေကြတာတုန်း၊ ရုပ်ကိုက စပ်ဖြဲဖြဲနဲ့'

'ဟဲ… ဟဲ… ဟဲ ငါက အခုလာမယ့် ဆန်းဒေးမှာ ဂုဏ်သ ရေရှိ ညည့်ခံပွဲတစ်ခု တက်ရောက်ချီးမြှင့်ပေးရမှာကွ ဟဲဟဲ'

'ဘာလဲ အိမ်ဖြူတော် မြက်ခင်းပြင်ညည့်ခံပွဲမှာ အိုဘားမားနဲ့ သွားတွေ့မလို့လား အီတူး'

'အိုဘားမားလောက်များကွာ'

မျက်နှာပေးက ဖြတ်ရိုက်ချင်စရာကောင်းအောင် မာန်ဝင့်နေ သဖြင့် အမြင်ကပ်သွားပြီး…

'သြော်… သိပြီ သိပြီ အိုစမာဘင်လာဒင်နောက် လိုက်သွား မလို့ပေါ့ ဟုတ်လား'

'အေး… ဟုတ်တယ်၊ ဘာတွေ လာပွေးနေမှန်း မသိဘူး၊ နိမိတ်မရှိ နမာမရှိ'

'ကဲပါ… အီတူးရယ်၊ ရှင်းရှင်းပဲ ကြွားလိုက်စမ်းပါ'

အိမွန်ကပါ မျက်နှာမော်၍ တိုက်တွန်းနေသဖြင့် အီတူး ဟန် လုပ်၍ ချောင်းဆိုးရင်း…

'အဟမ်း… ဟမ်း… ဂလိုကွ အိမွန်ရဲ့ မာတာနဲ့ပီတုက သူတို့ရဲ့ အကောင်းစားသမက်လေးကို တရားဝင် အသိမှတ်ပြု ဖိတ်ခေါ် တဲ့ပွဲကို တက်ရောက်ပါလို့ ဖိတ်ကြားထားတာကွ… အဟမ်း… သိပြီလား'


www.burmeseclassic.com

'ဟုတ်တယ် မှန်တယ်၊ ကိုကိုနဲ့ အိမ့္ဗန်မိဘတွေ တွေ့မယ့်ပွဲ သမက်လောင်းကို ဆွေမျိုးစုံညီ အကဲခတ်မယ့်ပွဲလေ'

'သြော်… ဂလိုကိုး ဒါကြောင့် နှစ်ယောက်လုံး သွားတိုက်ဆေးကြော်ငြာထဲက ပါးစပ်တွေလို သွားဖြဲနေကြတာပေါ့ ဟုတ်လား'

'ဒါပေါ့ကွာ ဒါပေါ့'

'ကောင်းပါတယ်ကွာ မြန်မြန်အသိအမှတ်ပြုပြီး မြန်မြန်သာ လက်ထပ်လိုက်ကြပါတော့ကွာ၊ ဒါမှ ငါလည်း နားညည်းတာ မျက်စေ့နောက်တာ သက်သာမှာ'

'ဟဲ… ဟဲ မင်းမနာလို ဖြစ်နေတာတော့ မဟုတ်ပါဘူးနော်'

'ဖြစ်စရာလားကွာ ဒါနဲ့ နေပါဦး…'

ဇော်ရဲပိုင်က စကားခဏဖြတ်ပြီး အိတူး၏ ဂုတ်ကို အသာဖြစ်ညှစ်ကြည့်သည်။ ခေါင်းကိုလည်း ပွတ်သပ်စမ်းသည်။ ပြီးမှ…

'အိမ့္ဗန်… ညီမလေး စိတ်ချပါ၊ ငါ့ကောင်ကြီးက ခိုင်းကောင်းမှာပါ၊ ချီလည်း ထွက်ကာစပဲ ရှိသေးတယ်'

ဇော်ရဲပိုင်အား အိတူး၏ မေတ္တာပို့သံက ကားပေါ်တွင် ညံသွားသည်။

❒ ❒ ❒

'သူကိုယ်တိုင် ဘာလို့ မပေးတာတဲ့လဲ နန်း'

'ပြောတတ်ပါဘူးဟယ် အိတူးနဲ့ အိမ့္ဗန်တို့ စောင့်နေကြတော့ အချိန်မရတော့လို့နဲ့ တူပါတယ်'

'အင်းပေါ့လေ ဘော်ဒါအကန့်ပဲဟာ လူကြုံနဲ့ပဲ ပေးမှာပေါ့'

နန်းမြင့်မှာ ဇော်ရဲပိုင် ပြောသွားသလို နန်းနဲ့ တစ်ဆင့်ပေးမှ ပိုပြီး အဓိပ္ပာယ်ပြည့်စုံမှာ ဆိုသည့်စကားကို မဟာရဲ။ ရတီက စိတ်လိုလက်ရနှင့် ဖဲကြိုးကို ဖြည်ကာ ပါကင်စက္ကူကို ဖွင့်နေ၏။

'သြော်… ဖဲပြားတောင် အစိမ်းရောင်လေးနဲ့ဟဲ့ နန်းမြင့်ရဲ့'





ရတီ့အပြောကြောင့် နန်းမြင့် မချိပြုံး ပြုံးလိုက်ရသည်။ ရတီက ပက်ကင်ကိုဖြည်ပြီး ဘူးအဖုံးကို ဖွင့်လိုက်၏။ မြင်လိုက်ရသော ပစ္စည်းသုံးမျိုးကြောင့် ပါးစပ်ဟပြဲ ဖြစ်သွားကြသည်။ ကြည့်လေကော်ရက်ရှင်ပင်(န်) တစ်ချောင်း၊ ခဲဖျက်တစ်ခုနှင့် ဘောဖျက်တစ်ခု။

နန်းမြင့် အတော်အားတုံ့အားနာ ဖြစ်သွားသလို ရတီလည်း မျက်နှာပျက်သွား၏။ ပြီးတော့ ပစ္စည်းတစ်ခုချင်း ကောက်ယူကြည့်ကာ

'အဟင်း… ဘဝစာမျက်နှာတွေပေါ်က သူနဲ့ ရတီပတ်သက်ခဲ့မှုတွေကို ပစ္စည်းစုံသုံးပြီး ဖျက်သိမ်းပေးဖို့ ပို့လိုက်တဲ့ လက်ဆောင်တွေပေါ့လေ'

နန်းမြင့် ဘာမှ တုန့်ပြန်မပြောမိ…

'ဟိုးတစ်ခေါက်က ရတီ သူ့ကို ခေါ်ပြီး ချွတ်လိုက်တာကို တေးမှတ်ပြီး တုန့်ပြန်လိုက်တဲ့ သဘောပဲ၊ ဟင်း… ဟင်း ဒါတွေ မလိုအပ်တော့တာကို သူမသိလို့ပါကွာ၊ ဒါတွေသုံးပြီး ဖျက်မှပျက်မယ် ဆိုရင်တောင် ဖျက်ရာတွေ အစွန်းအထင်းတွေ ကျန်ရစ်ခဲ့ဦးမှာလေ၊ တို့တွေရဲ့ ပတ်သက်ခဲ့မှုက ကျောက်ထက်အက္ခရာ တင်ထားတာလည်း မဟုတ်၊ ဘောပင်(န်)တွေ မြေဖြူတွေနဲ့ ရေးထားတာလည်း မဟုတ်ပါဘူး'

အဝေးသို့ ငေးရင်း တွေးတွေးဆဆ ပြောနေသည့် ရတီ့ဟန်က နာကျည်းမှု ကင်းပြီး လေးလေးနက်နက် ရှိနေ၏။

'တကယ်တော့ အနာရွတ်လည်း မကျန်၊ ဖျက်ရာလည်း မကျန်ခဲ့ဘဲ လုံးဝပြီးပျောက် သန့်စင်ခဲ့တာ ကြာပဲကြာလှပေါ့ဟာ'

'ဒီကောင် တော်တော်ဆိုးတာပဲ ကိုယ့်ကို ခုတုံးလုပ်သွားပြန်ပြီ'

'အဲလို ဟုတ်မယ် မထင်ပါဘူး နန်းမြင့်ရယ်၊ သူနဲ့ ရတီ သိပ်ကို ရှင်းလင်းပြတ်သားနေတယ် ဆိုတာ နန်းမြင့်ကိုပါ သိစေချင်တဲ့ သဘောနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်တာပါ'

www.burmeseclassic.com

ရတီနားလည်မှုရှိ၍ တော်သေး၏ဟုသာ နန်းမြင့် ယူဆသက်ပြင်းချလိုက်တော့၏။

'ကောင်းတယ် အခုမှ စိတ်ရှင်းသွားတော့တာ၊ အတော်ပဲ ကိုယ့်တူမလေးရဲ့ ဆရာမကို ဒါတွေ လှူလိုက်မယ်၊ ကျောင်းမှာ ဒါတွေက သိပ်အသုံးတည့်တာ'

ရတီက အမှန်တကယ် လွတ်လပ်ပေါ့ပါးသွားဟန်နှင့် ပြော၏။ နန်းမြင့်လည်း ခုမှပဲ စိတ်သက်သာရာ ရသွားခဲ့သည်။ ရတီက သူရသည့် မွေးနေ့လက်ဆောင် ပစ္စည်းသုံးမျိုးကို အသေအချာသိမ်းလိုက်ပြီး အလုပ်လုပ်ရန် စတင်ပြင်ဆင်လိုက်တော့၏။

❐ ❐ ❐

လှလှပပ ပြင်ဆင်ထားသည့် နန်းမြင့်ဘုံမှာ ဘွဲ့ဝတ်စုံနှင့် ကျက်သရေရှိနေသည်။ အိမ်ရှေ့ ကားထိုးရပ်လိုက်သည်နှင့် ခြံတံခါးတွင် ချိတ်ဆွဲထားသည့် ပန်းခြင်းကြီးကို တွေ့ရ၏။

လှပပြီး တန်ဘိုးကြီးမည့် ပန်းများဖြစ်မှန်း မြင်ရုံနှင့် သိသာနေသည်။ ဘွဲ့ယူပြီး အိမ်သို့ ပြန်လာစဉ် ဤပန်းခြင်းကို တွေ့ရခြင်းဖြစ်၏။ ဘယ်သူများ လာပို့သွားလေသလဲ တွေးရင်း ပန်းခြင်းကို ဖြုတ်ယူလိုက်သည်။

ကဒ်ပြားလေးနှင့် ပေးပို့သူ၏ နာမည်ရေးထားတာ တွေ့ရ၏။ ဇော်ရဲပိုင်တဲ့၊ ဟယ်... သူ... သူလာသွားတယ်ပေါ့၊ ဒီနေ့ နန်းမြင့် ဘွဲ့ယူမယ်ဆိုတာသိလို့ မမေ့မလျော့ လာရောက်ဂုဏ်ပြု သွားသည်ပေါ့။ နန်းမြင့် ဘေးဘီသို့ လှည့်ပတ်ရှာကြည့်လိုက်သည်။ ဘယ်နေရာမှာမှ မတွေ့။

'ဘယ်သူ လာပို့သွားတာလဲ သမီး'

'သူငယ်ချင်းတွေစုပြီး ပို့ပေးလိုက်ကြတာပါ မေမေ'

အစ်ကိုက ကားခရှင်းနေသည်မို့ ပန်းခြင်းဆွဲပြီး အိမ်ထဲဝင်လာ





ကြ၏။ နန်းမြင့် ရင်ခုန်လှိုက်မော ကြည်နူးနေရပြီ။ ဇော်ရဲပိုင် သူ့အပေါ် တကယ် ဂရုစိုက်ရှာပါလားဟုလည်း ပီတိဖြစ်ရသည်။

သူ့အခန်းထဲ ပန်းခြင်းကို ယူလာခဲ့ပြီး တစိမ့်စိမ့်ကြည့်ကာ တရှိုက်မက်မက် နမ်းလိုက်သေး၏။ ပြီးတော့ မှန်ထဲမှ ဘွဲ့ဝတ်စုံနှင့် မိန်းမကို သေချာလှည့်ပတ် ကြည့်ရှုလိုက်သေးသည်။

ဒီနေ့က သူ့အတွက် မင်္ဂလာနေ့ ဖြစ်သည်။ ဘွဲ့ယူပြီးသွား၍ လခတစ်ပြားမှ ထပ်တိုးမလာသော်လည်း အရပ်ထဲမှာ ဂုဏ်တက်ခဲ့သည်။ အမေဆိုလည်း ခေါင်းတမော့မော့နှင့် ဝံ့ကြွားနိုင်ခဲ့၏။ ဘွဲ့ဝတ်စုံ မချွတ်သေးဘဲ နာရီဝက်လောက်နေပြီးမှ အဝတ်အစားလဲ ဖြစ်သည်။

'မေမေ... ထမင်းပဲရှိတယ်၊ ဟင်းမှလည်း ချက်မထားဘူး'

'ပူမနေပါနဲ့အေ၊ ညည်းအစ်ကို တရုတ်ဆိုင်က ဟင်းသွားဝယ်မယ် ဆိုပြီး ထွက်သွားလေရဲ့၊ ဂုဏ်ပြုညစာစားပွဲ လုပ်ပေးမလို့တဲ့'

'အဟင်း... သမီးကို ဂုဏ်ပြုမှာလား သူ့ဟာသူ ဂုဏ်ပြုပြီး သောက်လာမှာလား မသိပါဘူး မေမေရယ်'

'ဘာပဲပြောပြောအေ့ ငါ့သားလည်း အလုပ်လုပ်နေပါပြီ၊ အရင်လို လက်မဖြန့်တော့ပါဘူး'

'ဖြန့်မလား အမေရယ်၊ အမေ ဆယ်သိန်းထုတ်ပေးထားတာလေ'

'အဲဒါလည်း သင်တန်းကြေးဆိုလား ဘာလား နှစ်သိန်းပဲ သုံးပါသေးတယ်၊ အမေ့ကို ရှစ်သိန်း ပြန်အပ်ထားတာ'

'ဒါဆို တော်သေးတာပေါ့'

ကိုမြင့်မိုး ဘာကြောင့် အလုပ်လုပ်ပြီး ကြိုးစားနေသလဲဆိုတာ အမေ့ကို ပြောမပြရက် ဒါလည်း သဘာဝပဲ ဖြစ်၏။ ယောကျ်ားအများစုက သူတို့ချစ်နေသည့် မိန်းကလေးများအတွက်သာ ကြိုးစားချင်တတ်ကြသည် မဟုတ်လား။ အစ်ကိုက ရတီ့ကို စွဲလန်းပြီး ခုလို လိမ်မာစပြနေတာပဲ ဖြစ်သည်။


www.burmeseclassic.com

ညီမကို ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးမည့် အစ်ကိုက တော်တော်နှင့်ပေါ်မလာ၊ သားအမိနှစ်ယောက် ကိုရီးယားကားကြည့်ရင်း အူယောင်းလောင်းနှင့် စောင့်နေကြရ၏။ ကိုရီးယားကား ပထမတစ်ပိုဒ်ပြီး၍ ကြော်ငြာဝင်ကာမှ ယိုင်တိုင်တိုင်နှင့် အစ်ကို ပြန်ရောက်လာသည်။ ကုန်းဘောင်ကြီးကြော်၊ ပုစွန်ကိုက်လန်နှင့် ဆယ့်နှစ်မျိုးဟင်းချိုတို့ ဝယ်လာ၏။

နန်းမြင့် တီဗီရှေ့တွင်ပင် ထမင်းဝိုင်းပြင်လိုက်သည်။ ကိုရီးယားကားကြည့်ရင်း ညစာစားကြမည်။ အစ်ကိုက ပိုပြီး ကိုရီးယားပီသနေသေး၏။ ဘီယာပုလင်း ဆွဲလာသေးသည်။

ထမင်းကို ဟုတ်တိပတ်တိ မစား၊ ဘီယာမော့လိုက် ဟင်းတွေ မြည်းလိုက်နှင့် သဘောကျနေ၏။ အမေနှင့် နန်းမြင့်သာ ထမင်းဟင်းကို အာရုံပြု၍ စားကြသည်။ ကိုရီးယားကား အပြီးနှင့် ထမင်းစားပြီးတာ ကွက်တိပဲ ဖြစ်သည်။ ဆေးကြောသိမ်းဆည်းပြီး စကားထိုင်ပြောဖြစ်သည်။

'ညီမလေးက ဘွဲ့ဝတ်စုံနဲ့ တကယ်ခန့်တာကွ သိလား'

'ဟုတ်လို့လား'

'သိတ်ဟုတ်တာပေါ့ကွာ၊ အေ့… ဟော့ ငါ့ညီမကမှ အေ့… အချောဆုံး'

မြင့်မိုး တော်တော်မူးနေပုံရသည်။ လေတွေတက်ပြီး ထိုင်နေလျက်က လှူပါ ယိမ်းထိုးနေ၏။

'အဟဲ… ငါလည်း ဘွဲ့ဝတ်စုံ ဝတ်ကြည့်ချင်တယ်ဟာ'

'သားရယ် မူးနေရင် အိပ်တော့'

'ဘာလဲ အမေ၊ ဘွဲ့ဝတ်စုံနဲ့ သားက မတန်လို့လား'

'တန်ပါတယ် တော်မှာမှ မဟုတ်တာ ဝတ်စုံက သေးသေးလေးရယ်'

'အို… သေးသေးဗျာ၊ ကျုပ် ဝတ်မယ်ဆို ဝတ်မှာပဲ'





မြင့်မိုးက ယိုင်တိုင်တိုင် ထရပ်ပြီး ညီမ အခန်းထဲ ဝင်သွား၏။ တားလို့ရမှာ မဟုတ်သဖြင့် ဘယ်သူမှ မတားတော့၊ မြင့်မိုး ဝင်သွားပြီး ခဏအကြာတွင် ပန်းခြင်းကို ကိုင်၍ ဒေါသတကြီးနှင့် ထွက်လာတော့၏။

'နန်းမြင့်… ဇော်ရဲပိုင်ဆိုတာ ဘယ်ကကောင်လဲ၊ ဘာကိစ္စ ပန်းခြင်းပို့ရတာလဲ၊ အဲဒီ အကောင်က နင့်ရည်းစားလား'

'အစ်ကို ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒါ ရုံးက သူငယ်ချင်း'

'ဘာ သူငယ်ချင်းလည်း သူငယ်ချင်းက ဒီလောက် ဂရုစိုက်မလား အေ့'

'အစ်ကိုရယ် ဒီနေ့ ညီမလေး ဘွဲ့ယူရလို့ ပျော်နေတယ်၊အဲဒီ အပျော်လေး ပျက်စီးအောင် မလုပ်ပါနဲ့ မရစ်ပါနဲ့'

'ဘာ နင်ကများ ငါ့ကို ရစ်သလေး ဘာလေးနဲ့ ကဲဟာ… ကဲဟာ… ကဲ'

မြင့်မိုးက နာမည်ပါကတ်ပြားကို ဆွဲဖြုတ်သည့်အပြင် ပန်းများကိုလည်း ခြွေမွ၍ ပစ်ပေါက်ကာ ခြင်းကိုပါ ရိုက်ချိုးတော့၏။ နန်းမြင့် မျက်လုံးများ မီးဝင်းဝင်းတောက်ပြီး ရင်ထဲပါ နာကျင်သွားသည်။ ပန်းများကို တစ်ချို့ဘုရားတင်၍ တစ်ချို့ကို မိမိ အိပ်ရာဘေးတွင်ထားကာ ပန်းရနံ့ကို ရှူရှိုက်၍ အိပ်ရန် ရည်ရွယ်ထားခဲ့သည် မဟုတ်လား။

'အစ်ကိုဟာ သိပ်ရက်စက်တဲ့ လူပဲ ညီမလေးရဲ့ အပျော်တွေကို ဖျက်ဆီးတဲ့အပြင် အနာဂတ်ကိုပါ နင်းချေလိုက်သလိုပဲ၊ အစ်ကို့ကို သိပ်စိတ်ပျက်တယ် သိလား'

နန်းမြင့် ကြေကွဲစွာ ပြောရင်း အခန်းထဲ ပြေးဝင်သွား၏။ မူးမြင့်မိုးက ကြိမ်းမောင်း ပြောဆိုနေသေးသည်။

'အဲဒါ နင့်ဆီလာနေကျကောင် မဟုတ်လား၊ နောက်တစ်ခါ လမ်းမှာတွေ့ရင် အသေပဲ ကြားလား'


www.burmeseclassic.com

'ဟဲ့··· သား တော်ပါတော့ကွယ်၊ မူးနေရင်လည်း အိပ်တော့'

'အမေတို့လည်း အဲဒါပဲ သမီးမွေးထားပြီး ဘယ်လိုဆုံးမရမှန်း မသိဘူး၊ ဒီကောင်ပဲ လိုက်ထိန်းနေရတာ၊ ဟူး··· မောလိုက်တာဗျာ၊ အရက်သွားသောက်လိုက်ဦးမယ်'

'အင်း··· ငါတော့ သေသာ သေလိုက်ချင်တော့တာပါပဲ ဟယ်'

ပျော်ရွှင်ရမည့် နေ့တစ်နေ့က နောက်ဆုံးမှာတော့ စိတ်ညစ်စရာ များနှင့် ဇာတ်သိမ်းခဲ့ရ၏။ နန်းမြင့်မှာတော့ အိပ်ရာထက်မှာ မသက်မ သာလှဲရင်း မျက်ရည်ကို အဖော်လုပ်ပြီး အပျော်ရပ် ပျောက်ဆုံးနေရှာ တော့သည်။

❒ ❒ ❒



## အခန်း(၁၀)

နေ့ခင်း ထမင်းစားနားချိန်တွင် ထုံးစံအတိုင်း ဈေးကွက်လမ်း ကြောင်းအတွင်းမှ သင့်ရာဆိုင်ရှေ့ ကားရပ်လိုက်၏။ မိုးမမြင်လေမမြင် အီတူးတို့ စုံတွဲကတော့ ထုံးစံအတိုင်း ခပ်ကဲကဲ။ ဇော်ရဲပိုင်မှာသာ ကံကြမ္မာက မျက်နှာလွှဲထားသဖြင့် အချစ်တွေ မွဲလျက်ရှိ၏။

တစ်ယောက်ကို တစ်ယောက် ဂရုစိုက်ဖေးမမှုများနှင့် ကြင်နာ နေကြသော သူတို့ကို မြင်ရလေလေ၊ နန်းကို တမ်းတမိလေလေ ဖြစ်နေရသည်။ ခုပဲကြည့် အီတူး၏ သည်းသည်းလှုပ် တော်ကီတွေက ဇော်ရဲပိုင်ကို နှိပ်စက်နေ၏။

'အိမွန် အိပ်ရေးမဝဘူးလား၊ မျက်တွင်းလေးကို ချောင်လို့ ဒီအတိုင်းဆိုရင် အီတူး စိတ်ပူတာနဲ့ သေသွားလိမ့်မယ်နော်'

'အီတူးကလည်း သိပ်ပိုတာပဲ၊ ညက ဂူဂျင်ဖြိုးအခွေ ဝယ်လာ ပြီး တစ်ထိုင်တည်း ပြီးအောင် ကြည့်နေလို့ပါ၊ ကြည့်လို့ကောင်းတယ် အီတူးရဲ့ အိမွန်လေ ဂူဂျင်ဖြိုးကို သိပ်ကြိုက်တာ'

'ဒီကောင် ကိုယ့်လောက်ချောလို့လား အိမွန်ရယ်'

'အဟက်··· ဟက်··· ဟက် အီတူးရယ်၊ မနှိုင်းကောင်း နှိုင်းကောင်း အီးစိမ်းတွေ ပန်းကုန်ပါဦးမယ် ခစ်··· ခစ်··· ခစ်'

အိမွန် ကျီစယ်တာကို အီတူး မခံနိုင်တော့ဘဲ မနာလိုစိတ်နှင့် ကျိန်ဆဲတော့၏။


www.burmeseclassic.com

'ကိုရီးယားက ရုပ်ရှင်မင်းသားတွေ၊ အဆိုတော်တွေ အလကားကောင်တွေ တစ်ကောင်မှ ကြည့်မရဘူး၊ မိတ်ကပ်ရောင်စုံတွေလိမ်း၊ နှုတ်ခမ်းနီဆိုး၊ ဆံပင်တွေထောင်နဲ့ မိုးကြိုးခမဲ့ကောင်တွေ'

ဇော်ရဲပိုင်လည်း မနေနိုင်ဘဲ ဟားတိုက်ရယ်မိသည်။

'ကဲပါကွာ မင်းရဲ့ အိမ္ဘွန် သိပ်ကြိုက်တဲ့ ကိုရီးယားမင်းသားတွေကို လုပ်ကြဲဖို့ အယ်ကာရီးဒါး အဖွဲ့သားတွေကိုသာ ငွေပေးပြီး ခိုင်းလိုက်ပါတော့'

'အင်း… ဟိုကောင် ဘင်လာဒင် မရှိတော့ဘူးဆိုတော့ ဒီကောင်တွေကို ငါမယုံတော့ဘူး သူတို့အစား ဆိုမာလီပင်လယ်ဓားပြတွေကမှ စိတ်ချရဦးမယ်ကွ'

'ဟား… ဟား… ဟား ကြိုက်တဲ့အဖွဲ့သာ ငှားကွာ၊ လောလောဆယ် ထမင်းစား အချိန်က သိပ်ရတာမဟုတ်ဘူး'

အိမ္ဘွန်တို့ အပြောရပ်၍ ထမင်းချိုင့်တွေ ဖွင့်ကြ၏။ ဇော်ရဲပိုင်ကတော့ ထမင်းပေါင်းတစ်ပွဲ မှာထားသည်။ သူတို့နှစ်ယောက်လုံး၏ချိုင့်ထဲတွင် ဘဲဥဟင်းများသာ ပါလာသည်။ အကြော်နှင့် အချက်သာကွာ၏။ ဒါကို ကြည့်ပြီး ဇော်ရဲပိုင် မျက်လုံးပြူးသွားသည်။

'ဟာ… ဟော့ကောင်တွေ မင်းတို့ ငါ့ကို အသက်ရှူလို့မရအောင် လုပ်ပြီး အသေသတ်ကြမလို့ တိုင်ပင်ပြီး ဘဲဥတွေ ချက်လာတာလားကွာ'

'ဟဲ ဟဲ… ဆောရီးပဲ ဇော်ရဲပိုင်၊ ဒါ အနာဂတ်စီမံကိန်းမို့ပါ'

'ဘာကွ'

'ဒီလိုလေ တို့က အမြန်ဆုံးလက်ထပ်ဖို့အတွက် ပိုက်ဆံစုနေရတာ မဟုတ်လား၊ ဒီတော့ ချွေတာမှ ဖြစ်မှာလေ ဒါကြောင့် ငါတို့ကောင်းစားဖို့အတွက် မင်း အောက်ဆီဂျင်ဘူး ဝယ်လိုက်ပါ'

'ဟား… တော်တော်တရားကျဖို့ ကောင်းတဲ့ ကောင်တွေပဲ၊ မဖြစ်ဘူး… မဖြစ်ဘူး၊ ဒီအတိုင်းဆို မင်းတို့နှစ်ယောက်ကို ကားပြောင်းပစ်မယ်'





'အဲလိုတော့ မလုပ်ပါနဲ့ ကိုဇော်ရဲပိုင်ရယ်၊ ရှင်နဲ့ အလုပ်လုပ်ရတာ အဆင်ပြေလို့ပါ၊ ဘောနပ်(စ)လည်း များများရတယ်လေ၊ ကျွန်မတို့ ဘဲဥစားပြီး ငွေစုတာ သိပ်မကြာပါဘူး နော်'

'သိပ်မကြာဘူး ဆိုတာ ဘယ်လောက်လဲ'

'ခြောက်လတည်းပါ'

'ဘာ… ခြောက်လ ဟုတ်လား၊ အား… သေပြီ ဆရာ'

စားလက်စ ထမင်းပေါင်း မျိုမကျအောင် စိတ်ပျက်လက်ပျက်ဖြစ်သွားရ၏။ သူတို့နှစ်ယောက် မျက်နှာကို အသေအချာကြည့်၍ ပျစ်ပျစ်နှစ်နှစ် ပြောဖို့ စကားလုံးရှာနေခိုက် ဖုန်းမြည်လာ၍ ဖြုတ်ယူနားထောင်လိုက်သည်။

'ဇော်ရဲပိုင် လား'

'ဟုတ်ပါတယ် ပြောပါ'

'အဟင်း… အသံတောင် မမှတ်မိတော့ဘူးလား ရတီပါ'

'ဟင်… ရတီ၊ ဘာ… ဘာဖြစ်လို့လဲ၊ ဘာကိစ္စလဲ'

'ရတီ့မှာ ဘာကိစ္စမှ မရှိဘူး၊ ရှိနေတာက နန်းမြင့်'

'နန်းမြင့်… နန်းမြင့် ဘာဖြစ်လဲ'

ရတီက နန်းမြင့် ကြုံတွေ့နေရသည့် ကိစ္စများကို ရှင်းပြပြီး သူ့အစီအစဉ်ကိုလည်း အသေးစိတ်ပြောပြ၏။ ဇော်ရဲပိုင်မှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်သမားသက်သက် ဖြစ်နေရှာသည်။ အီတူးတို့စုံတွဲလည်း ဇော်ရဲပိုင်၏ အမူအရာကို ကြည့်ရင်း အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်နေတော့၏။

❒ ❒ ❒

နာဂလိုဏ်ဂူဘုရားက နာဂလှိုဏ်ဂူကုန်းပေါ်တွင် တည်ရှိသည်။ အနည်းငယ်ချောင်ကျ၍ ဘုရားဖူးနည်းပြီး လူရှင်း၏။ ထိုစေတီသို့ ဇော်ရဲပိုင်နှင့် နန်းမြင့်တို့ ရောက်နေသည်။ နေ့ခင်းက ရတီဖုန်းဆက်

www.burmeseclassic.com

သတင်းပေး စီစဉ်ထားမှုအရ ရုံးအလွှတ်တွင် ဇော်ရဲပိုင် သွားစောင့်ကာ ခေါ်လာခဲ့ခြင်း ဖြစ်၏။ နန်းမြင့် အင်တင်တင် ဖြစ်နေသော်လည်း ရတီက Taxi ငှားပြီး ဖွတ်တင်ပေးလိုက်သဖြင့် ပါလာခဲ့ခြင်း ဖြစ်သည်။

ဘုရားဖူးပြီးနောက် စေတီဝင်းအတွင်း လှည့်ပတ်ကြည့်ရှုကြသည်။ မှန်ပုံးအတွင်း ထည့်သွင်းပြသထားသော အမြီး၁၀ပေကျော် ရှည်လျားသည့် ကြက်ဖတစ်ကောင်အား ရုပ်လုံးသွင်းထားပုံကိုလည်း တအံ့တသြ မြင်ခဲ့ရသည်။ ခေတ်မီလှပသည့် နောက်တိုးဇရပ်များကလည်း သန့်သန့်ရှင်းရှင်းနှင့် နားချင်စဖွယ် ဖြစ်နေသည်။ ထိုဇရပ်တွင် အညောင်းပြေ နားကြရင်း…

'နန်း'

'ရှင်'

'နန်းရဲ့ ဘဝအမောတွေ ကိုယ့်ကို ဝေမျှပြီး လက်တွဲကြပါစို့လားဟင်'

နန်းမြင့် တွေဝေစဉ်းစားရင်း အဝေးသို့ ငေးရီနေ၏။ လေကြမ်းကြမ်း တစ်ကြော့တိုက်ခတ်လိုက်သဖြင့် ဘုရားဝင်းအတွင်းရှိ အပင်ကြီးများမှ သစ်ရွက်တို့ အော်ညည်းသံကို အသည်းယားဖွယ် ကြားရ၏။ တဂူးဂူး တဝေါဝေါမြည်ဟီးကာ အကိုင်းကြီးများပါ လှုပ်ရမ်းလာပုံက ကြောက်စရာ ဖြစ်နေသည်။ နန်းမြင့် အသည်းထိတ်သွားဟန်နှင့် ဟိုဒီ မျက်စေ့ကစားနေ၏။ ဇော်ရဲပိုင်က နန်းမြင့်လက်ကို အုပ်မိုးဆုပ်ကိုင်၍ ဖြစ်ညှစ်အားပေးလိုက်သည်။

'အစစ အရာရာ တာဝန်ယူပေးပါရစေ နန်းရယ်'

'ကျွန်မ ဘာပြောရမလဲ ရှင်'

'ရင်ထဲက အရှိတရားပေါ့'

'ဝေခွဲရ ခက်နေတယ်လေ'

'ကျွန်တော်နဲ့ ပတ်သက်လို့လား'

'မဟုတ်ပါဘူး ကျွန်မ မိသားစုအရေးပါ'





'အားလုံးကို ခွင့်လွှတ်နိုင်အောင် ကြိုးစားမှာပါ နန်း'

နန်းမြင့် ပြုံးလိုက်သည်။ ဇော်ရဲပိုင် ရင်ထဲအေးသွား၏။ ရင်အေးလောက်အောင် စွမ်းဆောင်နိုင်သော ဒီအပြုံးကို ထာဝရပိုင်ဆိုင်ချင်ပြီ။

'ပြောပါဦး နန်းရယ်'

'ကျွန်မ မဆုံးဖြတ်တတ်တော့ဘူး ကိုဇော်ရဲပိုင်၊ အစစ အရာရာ ခွင့်လွှတ်ပြီး ဦးဆောင်ပေးနိုင်မယ်ဆိုရင် နောက်က လိုက်ရဲလိမ့်မယ် ထင်ပါရဲ့'

'ဟင်… ကျွန်တော့်နောက် လိုက်မယ်၊ ဒါ… ဒါ အဖြေပေးလိုက်တာလားဟင်'

'ဟုတ်ပါတယ် ကိုဇော်ရဲပိုင်'

'ဟား… ကျွန်တော်… ကျွန်တော် ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်… ကျွန်တော်'

ဇော်ရဲပိုင် စကားဆုံးအောင် မပြောနိုင်တော့ နန်းမြင့်၏ လက်ကလေးကို ရင်မှာအပ်ထားပြီး ပီတိများနှင့် နှုတ်ဆွံ့နေလေတော့၏။

❐ ❐ ❐

နန်းမြင့်ကို ဇော်ရဲပိုင်လက်ထဲထည့်ပြီး ဒါရိုက်တာလုပ်ခဲ့သည့် ရတီတစ်ယောက် မြင့်မိုးနှင့် ရင်ဆိုင်တွေ့သောအခါ အိုးနင်းခွက်နင်း ဖြစ်သွားခဲ့၏။ သူက ထုံးစံအတိုင်း လမ်းထိပ်မှ လာစောင့်နေခြင်း ဖြစ်သည်။

'ရတီ… ဒီနေ့တော့ ကိုယ် အကျေချေတော့မယ်၊ စာဖိုမှူးသင်တန်းလည်း ဝင်ခွင့်ရခဲ့ပြီ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း ရှိခဲ့ပြီ၊ ကိုယ့်ကို အဖြေပေးပါတော့ ရတီ'

နန်းမြင့်ထံမှ ကြားခဲ့ရသည့် သတင်းများ နားထဲမှ မထွက်သေးခင် လူကိုပါ အရှင်လတ်လတ် မြင်လိုက်ရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။


www.burmeseclassic.com

'အဖြေပေးရမယ် ဟုတ်လား ကိုမြင့်မိုး'

'ဟုတ်တယ်လေ'

'ဒါဆို ကျွန်မရဲ့ အိမ်ထောင်ဘက် ရွေးနည်းကို ရှင်းရှင်းပြော ပြလိုက်မယ် ကိုမြင့်မိုး'

'ပြောပါ ရတီ၊ ကိုယ်စိတ်ဝင်စားပါတယ်'

'ပထမဦးဆုံး ရုပ်ချောရမယ်၊ ပြီးတော့ ချမ်းသာရမယ်၊ ပညာ တတ်တတ် မတတ်တတ် ကိစ္စမရှိဘူး၊ အမိကက တိုက်နဲ့ ကားနဲ့ ထားနိုင်ရမယ်၊ ဆင်းဆင်းရဲရဲ မနေနိုင်ဘူး၊ အဲဒါ ကျွန်မ အိမ်ထောင် ဘက်ရွေးတဲ့ စံပဲ၊ ရှင် ဘယ်လောက်ဖြည့်ဆည်းပေးနိုင်မလဲ ပြော'

'ဒါ… ဒါတော့'

'ဒါတော့ မလုပ်နဲ့လေ၊ ရှင်နဲ့ ရည်းစားဖြစ်တဲ့အခါ ကိုယ်ပိုင် ကားနဲ့ လျှောက်လည်ချင်တယ်၊ မင်္ဂလာဆောင်ပြီးတာနဲ့ ဘာလီကျွန်းကို ဟန်နီးမွန်းထွက်မယ်၊ ပြန်လာရင် ကိုယ်ပိုင်တိုက်မှာ အိမ်ရှင်မလုပ်မယ်၊ အဲဒါ ကျွန်မ ဆန္ဒပဲ ရှင် ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် အဖြေပေးဖို့ ဝန်မလေးပါဘူး'

'မင်း… မင်း သက်သက်မဲ့ ကိုယ့်ကို အရှက်ခွဲတာ တမင်ရစ် တာ'

'ဟောတော်… ကျွန်မဆန္ဒကိုတောင် ပြောခွင့် မရှိတော့ဘူး လား'

နာလိုခံခက် အမူအရာနှင့် မြင့်မိုးပေါက်ကွဲနေ၏။ ဟန်ကိုယ့်ဖို့ လုပ်ပြီး ပြောဆိုနေရသော်လည်း ရတီကြောက်နေသည်။ မြင့်မိုးက တောက်တစ်ချက် ခေါက်လိုက်ရင်း…

'ကောင်းပြီ ရတီ၊ မင်းစကားမင်း မြဲမြဲမှတ်ထားပါ၊ မင်း တောင်းဆိုတာတွေ အတတ်နိုင်ဆုံး ကိုယ်ဖြည့်ဆည်းပေးမယ်၊ အဲဒီ အခါကျရင်သာ မင်းခေါင်းမရှောင်ပါနဲ့'

စကားအဆုံးမှာ ချာခနဲ လှည့်ထွက်သွားသည့် မြင့်မိုးကို





ကြည့်ရင်း ရတီ ခြေမခိုင်လက်မခိုင် ဖြစ်လာ၏။ တင်းထားသမျှ လျှော့လိုက်တော့ မဟန်နိုင်ဖြစ်ပြီး အနီးရှိ အုတ်ခုံပေါ် ထိုင်နားလိုက်ရ သည်။ ရင်ခုန်သံ ကသောင်းကနင်းနှင့် စိတ်လှုပ်ရှားရခြင်းက နှလုံးသား ပွင့်ထွက်တော့မည့် အတိုင်း…

❐ ❐ ❐

ရွှေဘဲစားသောက်ဆိုင်အတွင်းမှ ညနေခင်းသည် စည်ကားစွာ ရှုပ်ထွေးလျက်ရှိ၏။ ရှစ်မိုင်မြိုင်ဟေဝန်ပန်းခြံနှင့် ကပ်လျက် ရွှေဘဲ စားတော်ဆက်တွင် ဇော်ရဲပိုင်တို့မိသားစု ညစာစားပွဲ ကျင်းပနေသည်။ ဦးအောင်ထက်ပိုင်၏ မွေးနေ့အထိမ်းအမှတ်ပွဲလည်း ဖြစ်သည်။

ကြိုတင်မှာယူထားသည့် အစားအသောက်များအား စားပွဲထိုး နှစ်ယောက်က လာရောက်ချပေးနေ၏။ ဇော်ရဲပိုင်က မတွေ့ရတာကြာ ပြီဖြစ်သည့် အဖေနှင့် အမေ့ကြားမှာ ထိုင်ရင်း စကားပြောရသည်နှင့် မအားမလပ် ဖြစ်နေသည်။

ဘဲကင်ပွဲကြီးများ လာချပေးသည့် မြင့်မိုး၊ ဇော်ရဲပိုင်ကိုတွေ့ တော့ အံ့ဩသွားသည်။ သူတို့အုပ်စုကို ကြည့်လိုက်သည်နှင့် ချမ်းသာ ကြွယ်ဝသော လူတန်းစားဆိုတာ မပြောဘဲနှင့် သိသာနေသည်။ မြင့်မိုး မျက်စေ့လည်သွား၏။ ဒါဆို ဒီကောင် ဘာလို့ မားကက်တင်း(န်)လုပ် နေရသလဲ။

မနေနိုင်တော့သဖြင့် အတူတွဲရသည့် စီနီယာစားပွဲထိုးကို မေးကြည့်ရသည်။ စီနီယာပြောပြမှ လုပ်ငန်းရှင်သူဌေးကြီး ဦးအောင် ထက်ပိုင်တို့ မိသားစုဖြစ်ကြောင်း သိရသည်။ ဆိုင်၏ အမာခံဖောက် သည်များ ဖြစ်သလို မိသားစုများသာမက စက်ရုံနှစ်ပတ်လည် ဧည့်ခံပွဲ များကိုပါ ဒီဆိုင်မှာ ကျင်းပတတ်၍ အထူးဂရုစိုက်ဝန်ဆောင်မှုပေးရန် တာဝန်ပေးတော့သည်။

မြင့်မိုး မကျေမလည်နှင့်ပင် သူ့ကို သတိမထားမိအောင်


www.burmeseclassic.com

ရောင်၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးရ၏။ တစ်စွန်းတစ်စ ကြားရသော စကားများအရ သူဌေးကြီး၏ လုပ်ငန်းများကို ဇော်ရဲပိုင်က ဦးစီးဆောင်ရွက်ရမည် ဆိုတာပါ သိလိုက်ရသည်။

ဒီတော့ ပိုဒေါပွ၏။ ဒီကောင် လူလိမ်လား၊ သူဌေးသားက အလုပ်သမားယောင်ဆောင်ပြီး ညီမလေးကို ချဉ်းကပ်နေတာ ဘာရည်ရွယ်ချက်လဲဟု တွေးရင်း မခံချိ မခံသာစိတ်များနှင့် ဒေါပွနေတော့၏။

❐ ❐ ❐

မမေသက်ပိုင်နှင့် လမ်းမှာဆုံပြီး အိမ်အလည် အတင်းခေါ်သဖြင့် နန်းမြင့် မငြင်းမရဲ လိုက်လာခဲ့ရသည်။ မမပိုင် အမူအရာ ကြည့်ရတာလည်း ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင်နှင့်မို့ တော်ပါသေးရဲ့ဟု အောက်မေ့မိ၏။ လက်ဖက်သုပ်၊ ကော်ဖီ၊ ရေနွေးကြမ်းတို့နှင့် ဧည့်ခံပြီး ပြောသည့်စကားကြားရတော့ နန်းမြင့် ရှက်စိတ်နှင့် ရင်တလှပ်လှပ် ဖြစ်သွား၏။

'နန်းမြင့်နဲ့ မောင်လေးတို့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု ရသွားကြပြီဆို'

'ရှင်… ဟို… ဟို'

'ရှက်မနေပါနဲ့ကွယ် မောင်လေးက အကုန်ပြောပြီးပြီ'

'ရှင်'

'နန်းမြင့်ရဲ့ အချစ်ကို သူရပြီတဲ့၊ သူ့ဘဝတည်ငြိမ်ပြီး အနာဂတ်လှတော့မှာဆိုပြီး အားတက်သရော ဖြစ်နေတာလေ'

'ဟုတ်… ဟုတ်ကဲ့'

'နန်းမြင့်ကြောင့်ပဲ သူ့ရဲ့ အပျော်အပါးမက်တဲ့ စိတ်တွေ ပျောက်သွားရတာတဲ့ ကြိုးစားချင်စိတ် အောင်မြင်ချင်စိတ်တွေ ဖြစ်လာရတာတဲ့'

'အဟင်း'





'မေမေကတောင် သူ့သားလေးကို ဒီလို အဘိုးတန်လေး ဖြစ်လာအောင် ထိန်းသိမ်းပေးခဲ့တဲ့ နန်းမြင့်ကို အရမ်းကျေးဇူးတွေ တင်နေတာလေ'

'ရှင်… မမပိုင် အမေလည်း သိတယ်'

'အဟင်း… အမေတင် ဘယ်ဟုတ်မလဲ၊ ဖေဖေကော မိသားစုဝင် အားလုံးရောပေါ့'

'ဟာ… ရှက်စရာကြီး မမပိုင်ရယ်'

'အဟင်း… ဒါ နန်းမြင့်ရဲ့ ကုသိုလ်ကံပေါ့၊ မောင်လေးက ဘွဲ့ယူပြီးတာနဲ့ ဖေဖေ့စက်ရုံတွေကို တာဝန်ယူရတော့မှာလေ'

'ရှင်'

'ဟုတ်တယ် ဖေဖေတို့က လုပ်ငန်းရှင်တွေလေ'

'ကိုဇော်… ဘာမှ မပြော…'

'ဘယ်ပြောမလဲ၊ သူက ဖေဖေ စိတ်ဆိုးလို့ အိမ်က နှင်ချခံထားရတာ၊ ပြီးတော့ ဒါတွေကို သူမမက်ဘူး၊ သူ့ခြေ သူ့လက် သူ့အစွမ်းအစနဲ့ပဲ အောင်မြင်အောင် ကြိုးစားချင်တာ၊ ဒါကြောင့် သူ မပြောခဲ့တာပါ၊ တခြားဘာသဘောမှ မရှိပါဘူး'

'မမပိုင်ရယ် နန်းမြင့်ဖြင့် ယုံတောင် မယုံချင်ဘူး'

'မယုံလို့ မရဘူး နန်းမြင့်၊ ဖေဖေ့ကျန်းမာရေး သိပ်မကောင်းတော့လို့ သူ့ကို တောင်းတောင်းပန်ပန်နဲ့ အားလုံးလွှဲပေးရတာ စက်ရုံကို တာဝန်ယူလို့ အသားကျတာနဲ့ နန်းမြင့်နဲ့ လက်ထပ်ပါရစေလို့လည်း ခွင့်တောင်းထားတယ်'

ကြားရသည်များက မယုံနိုင်စရာ ကောင်းလွန်းနေ၏။ နန်းမြင့် ဝမ်းသာရမှာလား ဝမ်းနည်းရမှာလားပင် မဝေခွဲတတ်၊ ခုရုပ်မှ နောင်ရှင်း ဆိုသလို ကိုမြင့်မိုးကိစ္စ ပြောပြထားဖို့ သတိရ၏။

'နန်းမြင့်က မမပိုင်ရဲ့မောင် လက်ရှိအနေအထားနဲ့ပဲ သဘောကျလို့ ရွေးချယ်ခဲ့တာပါ မမပိုင်'


www.burmeseclassic.com

'သိတာပေါ့ကွယ်၊ မေမေတို့ကလည်း အဲဒါကြောင့် ပိုသဘောကျနေကြတာ'

'ဒါပေမဲ့ ခုမှ အခြေအနေချင်းကွာတာ သိရသလို ကျွန်မအစ်ကိုရဲ့ စရိုက်နဲ့ ဖြစ်ပါ့မလားလို့ တွေးလာရပြီ မမပိုင်'

'အဲဒါကိုလည်း မောင်လေးက ထည့်တွက်ပြတယ်၊ ဖေဖေကတာဝန်သိတဲ့ လူတစ်ယောက်ဖြစ်အောင် တာဝန်တစ်ခုပေးပြီး ပြုပြင်ကြည့်ပေါ့လို့ပဲ ပြောတယ် နန်းမြင့်၊ ဒီတော့ သိပ်စိတ်ပူမနေပါနဲ့'

ရေပက်မဝင်အောင် ပြင်ဆင်ထားသော အစီအစဉ်များကြောင့် နန်းမြင့်မှာ ဘာမှ ပြောစရာမရှိတော့…

'မောင်လေးက အုပ်ချုပ်မှု တင်းကျပ်တဲ့ ဖေဖေရဲ့ မေတ္တာကို သံသယဖြစ်နေတာလေ၊ တကယ်တော့ ဖေဖေက သူ့ကို တအားချစ်ပြီး အရမ်းမျှော်လင့်ခဲ့တာပါ'

'ဟုတ်… ဟုတ်ကဲ့'

'ဒီတော့ မောင်လေးနဲ့ ပတ်သက်ပြီး နန်းမြင့် ဘာမှ သံသယဖြစ်မနေပါနဲ့ကွယ် ရေစက်ပါလို့ ဆုံရပြီး ဖူးစာမှန်လို့ ကြုံရတယ်ပဲ သဘောထားပါ'

'ဟုတ်… ဟုတ်ကဲ့'

'နန်းမြင့် မေမေ့ကို သင့်တော်တဲ့ အချိန်မှာ ဖွင့်ပြောဖို့ စဉ်းစားထားဦးနော် ညီမလေး'

'ဟုတ်… ဟုတ်ကဲ့ပါ မမပိုင်'

❐ ❐ ❐



## အခန်း(၁၁)

မျှော်လင့်ခြင်း ကောင်းကင်သည် သိင်္ဂါရတိမ်တိုက်တို့ကြောင့် ရှင်းသန့်ပြာလဲ့နေ၏။ အချစ်ခွန်အားနှင့် အားပြည့်လန်းဆန်းနေသော ဇော်ရဲပိုင် အဆောင်ထဲမှ ထွက်လာသည်။ အချစ်ရှိနေသည့် လုပ်ငန်းခွင်သို့သွားရန် သူ တက်ကြွနေ၏။

လမ်းသွယ်လေးအတိုင်း လမ်းထိပ်ရောက်အောင် လျှောက်လာစဉ် ကားတစ်စီး သူ့ရှေ့တည့်တည့် ထိုးရပ်လာသည်။ ကားပေါ်မှ ဆင်းလာသူက မြင့်မိုး ဖြစ်နေ၍ သူအနည်းငယ် ထိတ်လန့်သွားသည်။ မြင့်မိုးက သူ့ပခုံးကို ဖက်ရင်း…

'ငါ့ညီ… နန်းမြင့်ဘုံကိစ္စနဲ့ ပတ်သက်ပြီး အစ်ကို မင်းကို ဆွေးနွေးစရာ ရှိနေတယ်'

'ကျွန်တော် အလုပ်သွားရဦးမှာ ကိုမြင့်မိုး'

'ခဏတဖြုတ်ပါကွာ၊ လက်ဖက်ရည်ဆိုင် ထိုင်ရုံလောက်ပဲ'

သူက ကြည်ကြည်သာသာ ကောင်းကောင်းမွန်မွန် ပြောနေသဖြင့် ဇော်ရဲပိုင် မငြင်းချင်တော့ဘဲ ကားထဲဝင်ထိုင်လိုက်၏။ ကားပေါ်တွင် ယာဉ်မောင်းနှင့်မှ အားလုံးသုံးယောက်သာ ပါသည်။ ဘက်ဆုတ်ရင်း လမ်းမသို့ ပြန်ထွက်၏။

'မင်းနဲ့ ညီမလေး အကျွမ်းတဝင် ဖြစ်နေကြပြီမို့လား'

'ဟုတ်ပါတယ် ကိုမြင့်မိုး'


www.burmeseclassic.com

သိပြီးဟန်နှင့် အပိုင်ပြောလာသည့်အတွက် ဇော်ရဲပိုင် ဝန်ခံလိုက်သည်။ အတန်ကြာ ငြိမ်နေပြီးမှ...

'စက်ရုံပိုင်ရှင် လုပ်ငန်းရှင်သူဌေးကြီး ဦးအောင်ထက်ပိုင်ရဲ့ သားက ဘာလို့ မားကက်တင်း(န်)ဝန်ထမ်း လုပ်နေရသလဲဆိုတာ အစ်ကို နားလည်အောင် ရှင်းပြပေးနိုင်မလား'

ဇော်ရဲပိုင် မြင့်မိုးအား အထိတ်တလန့် လှည့်ကြည့်မိ၏။ ဒီလူ အားလုံးကို သိနေပြီပေါ့။

'အဲဒါ ဘာပြဿနာရှိလို့လဲ ကိုမြင့်မိုး'

'ပြဿနာ ဟုတ်လား၊ သိပ်ရှိတာပေါ့ကွာ မင်း ငါ့ညီမကို လိမ်လည်ပြီး ချဉ်းကပ်ခဲ့တာပဲ မဟုတ်လား၊ ဘာရည်ရွယ်ချက်လဲ ပြောစမ်း'

'ဘာ ရည်ရွယ်ချက်မှ မရှိဘူး'

'အဲဒါ မင်းလိမ်နေတာ၊ ငါ့ညီမ ဘဝကို ကစားလို့ရမယ်ထင်ရင် မှားသွားမယ် ဇော်ရဲပိုင်၊ ငါကတော့ မင်းတို့ကို လုံးဝသဘောမတူဘူး'

ပြဿနာက ခုမှ စတာပါလားဟု ဇော်ရဲပိုင် သဘောပေါက်သွား၏။ ဘေးဘီကို မျက်စေ့ကစားလိုက်သည်။ ကားတံခါးဂျက်ကို လက်နှင့်စမ်းလိုက်၏။ ပါးနပ်ပုံရသော မြင့်မိုးက...

'ကားပေါ်က ခုန်ချမလို့လား၊ မမိုက်စမ်းပါနဲ့ကွာ မင်းက ငါ့ညီမကို အသုံးချခဲ့သလို ငါကလည်း မင်းကို ပြန်ပြီး အသုံးချစရာ ရှိနေတယ် ငြိမ်ငြိမ်လေး လိုက်ခဲ့'

လူမိုက်ကို အယူခံဝင်ကာ အသနားခံနေလို့ရမှာ မဟုတ်ကြောင်း ဇော်ရဲပိုင်သိသည်။ ထို့ကြောင့် တံခါးကို တွန်းဖွင့်ဖို့ ကြိုးစားလိုက်၏။ မြင့်မိုး၏ လက်သီးက သူ့ထက်မြန်နေသည်။ ဝမ်းဗိုက်တစ်ခုလုံး နာကျင်အောင့်တက်သွားကာ ခါးကိုင်းပြီး ညည်းညူနေရ၏။ သူ့ဇက်ပိုးသို့ ပြင်းထန်သော ရိုက်ချက်တစ်ချက် ထပ်မံရောက်ရှိလာ





သောအခါ ဇော်ရဲပိုင် လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားတော့သည်။

သူ သတိရလာသောအခါ လုံခြုံတောင့်တင်းသော အခန်းကျဉ်းတစ်ခုအတွင်း လဲနေတာ သိရ၏။ ခြေထောက်နှင့် လက်များကို ကြိုးတုပ်ထားပြီး ပါးစပ်ကိုလည်း တိပ်နှင့်ကပ်၍ ပိတ်ထားတာ ခံစားသိရှိနေရသည်။ သူ သတိလစ်သွားတာ ဘယ်လောက်ကြာသလဲ၊ ဘယ်ကို ရောက်နေသလဲ ဆိုတာ စဉ်းစားလို့မရ။

ဝန်းကျင်တွင် ဘာသံမှ မကြားရအောင် တိတ်ဆိတ်နေတာ သတိပြုမိသည်။ တစ်ခါတစ်ရံ အဝေးဆီမှ ကြက်တွန်သံသဲ့သဲ့ကို ကြားရ၏။ ကားသံ လူသံ လုံးဝမကြားရသည်မို့ မြို့ပြင်တစ်နေရာသို့ ရောက်နေသည်များလားဟု တွေးမိသည်။

ထိုစဉ် အခန်းတံခါး ပွင့်လာ၏။ အလင်းရောင်ကြောင့် မျက်စေ့စူးသွားသဖြင့် မျက်လုံးများ မှိတ်ထားလိုက်ရသည်။ သူ့ကို မြင့်မိုးက ဆောင့်ကန်လိုက်၍ နာကျင်မှုဝေဒနာကို ထပ်မံခံစားလိုက်ရ ပြန်သည်။

'ဇော်ရဲပိုင် ငါပြောတာ သေချာနားထောင် ငါ့ညီမကို လှည့်ဖျားခဲ့တဲ့အတွက် မင်း အကြီးကြီး ပြန်ပေးဆပ်ရမယ် နားလည်လား'

မြင့်မိုးက သူ့ခါးမှ ဖုန်းကို ဖြုတ်ယူလိုက်၏။ ပြီးတော့ ပါးစပ်မှ တိပ်ကို ဆတ်ကနဲ ဆွဲခွာသည်။ နှုတ်ခမ်းမွေးများပင် ပါသွားသည့်အတွက် နာကျင်မှုကို ခံစားလိုက်ရပြန်သည်။

'မင်း အဖေရဲ့ ဖုန်းနံပါတ်ပြော'

'၀၉- ၅၀××××××'

မြင့်မိုးက ဖုန်းခေါ်ပြီး အသေအချာ နားစွင့်နေ၏။ တစ်ဖက်တွင် ဖုန်းမြည်နေကြောင်း အသံရှည်က အဖြေပေးနေသည်။

'ဟဲလို... ကောင်းသုခစက်ရုံကပါ'

'ဦးအောင်ထက်ပိုင်လား'

'ဟုတ်ပါတယ်'


www.burmeseclassic.com

'ကျုပ်ပြောတာ သေချာနားထောင်၊ ဒါ ခင်ဗျားသားရဲ့ ဖုန်းပဲ အဲဒီကောင် ကျုပ်လက်ထဲရောက်နေတယ်၊ သူ့ရဲ့ လှည့်ဖျားမှုတွေအတွက် သူ့အသက်နဲ့ ပြန်ပေးဆပ်ဖို့ပေါ့'

'ဘာတွေ ပြောနေတာလဲ'

'ခင်ဗျား သားကို ကျုပ်ဖမ်းထားတယ်၊ မသေချင်ရင် သိန်းသုံးရာနဲ့ လာရွေး၊ ရဲတိုင်မယ် စိတ်မကူးနဲ့နော် အလောင်းပဲ ပြန်ရမယ်'

'နောက်နေတာလား ဒီမှာ အလုပ်များနေတယ်'

'နောက်စရာ အကြောင်းမရှိဘူး၊ မနက်ဖြန် နေ့လည်မှာ သိန်းသုံးရာ အသင့်ဆောင်ထား ငွေလာပေးရမယ့်နေရာ ကျုပ်ထပ်ပြီး အကြောင်းကြားမယ်၊ အခု ခင်ဗျားသားနဲ့ စကားပြောလိုက်ဦး'

မြင့်မိုးက ဇော်ရဲပိုင် ပြောလို့ရအောင် ဖုန်းကိုင်ပေးသည်။

'ဟဲလို ဖေဖေ လား'

'အင်း… ဟုတ်တယ်၊ သား ဘာဖြစ်နေလဲ၊ စောစောက ပြောတာ ဘယ်ကကောင်လဲ'

'မသိ… မသိဘူး ဖေဖေ၊ သား အဖမ်းခံထားရတာတော့ အမှန်ပါ၊ သူ သိန်းသုံးရာတောင်းနေတာလဲ သား ကြားတယ်'

'ဒါဆို သား ပြန်ပေးဆွဲခံရတာပေါ့ ဟုတ်လား'

'ဟုတ်'

မြင့်မိုးက ဖုန်းကို ယူပြီး မတ်တပ်ရပ်လိုက်၏။

'ကျုပ် အမှန်တွေပြောနေတယ် ဆိုတာ ယုံပါတယ်နော် ဦးအောင်ထက်ပိုင်'

'မင်း… မင်းတို့ ရမ်းကားလှချည်လား'

'ဒါတွေ ပြောမနေနဲ့၊ ကျုပ် ဖုန်းဆက်တာကိုပဲ စောင့်နေဒါပဲ'

မြင့်မိုး ဖုန်းပိတ်ပြီး သူ့အိတ်ထဲ ထည့်လိုက်၏။ ဇော်ရဲပိုင် ပါးစပ်မှ တိပ်ကို ပြန်ကပ်သည်။ ပြီးတော့ အခန်းထဲမှ ထွက်သွား၏။





တံခါးက ဝုန်းခနဲ ပြန်ပိတ်သွားသည်။ ဇော်ရဲပိုင် အကြီးအကျယ် စိတ်ဓာတ်ကျသွားခဲ့၏။

ထို့အတူ ဦးအောင်ထက်ပိုင်မှာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတော့၏။ ဦးစွာ သားအလုပ်လုပ်သည့် ကုမ္ပဏီသို့ ဖုန်းဆက်စုံစမ်းသည်။ သားက ခွင့်မတိုင်ဘဲ အလုပ်မဆင်းကြောင်း အဖြေရ၏။ သို့နှင့် နာရီကြည့်ပြီး ဘဏ်ကို ပြေးရတော့၏။

ဘဏ်မှ သိန်းသုံးရာထုတ်ပြီး အိမ်ပြန်လာခဲ့သည်။ ပိုက်ဆံထုပ်ကြီးနှင့် အချိန်အခါမဟုတ် ပြန်လာသော လင်သားကို ကြည့်ပြီး ဒေါ်မေမေဇော် တအံ့တသြ မေး၏။

'ဘာဝယ်စရာရှိလို့ ပိုက်ဆံတွေနဲ့ ပြန်လာတာလဲ ကိုအောင်'

'မင့်သားရဲ့ အသက်'

'ရှင်'

'သား ပြန်ပေးဆွဲခံနေရတယ်၊ သိန်းသုံးရာနဲ့ ပြန်ရွေးရမယ်တဲ့'

'ရှင်… ကိုအောင်၊ ရှင်နောက်နေတာလား'

'မနောက်ဘူး မေဇော်၊ ကျုပ် တကယ်ပြောနေတာ'

'ရှင်… ဘုရား… ဘုရား… ဘုရား'

နှစ်ယောက်စလုံး ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။ ရင်ထဲမှာ စိုးရိမ်ပူပန်ခြင်း ကိုယ်စီနှင့်…

'ဘယ်… ဘယ်လို လုပ်ကြမလဲ ကိုအောင်'

'သူတို့ ချိန်းတဲ့နေရာ ပိုက်ဆံသွားပေးရမှာပေါ့၊ လောလောဆယ် ဘာမှ လုပ်လို့မရဘူး မေဇော်'

'အမလေး… ကျွန်မသားလေးတော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့တော်၊ အဲဒါ ရှင့်ကြောင့် ရှင့်ကြောင့် ရှင်အိမ်က နှင်ချလိုက်လို့ ဒီအဖြစ်မျိုး ကြုံရတာ အီး ဟီး ဟီး ဟီး'

'ဟာ… အရေးထဲမှာကွာ မင်း တိတ်တိတ်ကလေး နေစမ်းပါ၊ ကျုပ် စဉ်းစားပါရစေဦး'

 www.burmeseclassic.com

ဒေါ်မေမေဇော် ကြိတ်၍ ငိုရှိုက်နေ၏။ ဦးအောင်ထက်ပိုင် နဖူးကြောများရှုံ့အောင် စဉ်းစားနေသည်။ အဖြေက မထွက်။

သည်လိုနှင့် နောက်တစ်နေ့ မနက်ဆယ်နာရီလောက်တွင် ဖုန်းခေါ်သံကြားရသည်။ ဦးအောင်ထက်ပိုင် အဆောတလျင် ကောက်ကိုင်လိုက်၏။

'အောင်ထက်ပိုင်ပါ ပြောစရာရှိတာ ပြောပါ'

'× × × ×'

'အင်း'

'× × × ×'

'ဟုတ်ပြီ'

'× × × ×'

'သဘောပေါက်တယ် အခု ထွက်ခဲ့မယ်'

ဦးအောင်ထက်ပိုင် ဖုန်းပိတ်ပြီးတော့ ငွေသေတ္တာကို လှမ်းဆွဲသည်။

'ကိုအောင် ဘာတဲ့လဲ'

'ငွေလာပေးဖို့ နေရာပြောတာလေ၊ အခု အဲဒီကို သွားမလို့'

'ရှင်တစ်ယောက်တည်း ဖြစ်ပါ့မလား၊ ရဲအကြောင်းကြားရင် ကောင်းမယ်'

'မင့်သားကို သတ်သလို ဖြစ်သွားမှာပေါ့၊ တစ်ယောက်တည်း လာခဲ့ဖို့ ညွှန်ကြားထားတာ'

'စိတ်ပူလိုက်တာရှင်'

'ငါလည်း ငတုံးမဟုတ်ပါဘူး၊ လုပ်လို့ရမယ့် အစီအစဉ်တွေ နှစ်ခု သုံးခုစဉ်းစားထားပါတယ်ကွာ၊ ကဲ... ထူးရင် ဖုန်းဆက်မယ် အိမ်ကပဲစောင့်'

ဦးအောင်ထက်ပိုင် ငွေသေတ္တာ ကားပေါ်တင်ပြီး မောင်းထွက်လာခဲ့၏။ ပြန်ပေးသမား၏ ပထမညွှန်ကြားချက်က ရွှေညောင်ပင်





ဘိုးဘိုးကြီးနတ်နန်းသို့ လာခဲ့ပါတဲ့။ ဦးအောင်ထက်ပိုင် စိတ်စောစွာ ကားမောင်းလာခဲ့၏။ သားကို အသက်ရှင်လျက်နှင့် ပြန်ရမှ ဖြစ်မည်။ သိန်းသုံးရာဆိုတာ သားအသက်နှင့် ယှဉ်လျှင် ဘာမှ တန်ဘိုးရှိသည် မဟုတ်။ ငွေက မသေမချင်းရှာလို့ရသည်။

နာရီဝက်လောက်မောင်းပြီးမှ ရွှေညောင်ပင်နတ်နန်းသို့ ရောက်၏။ ဟိုဒီကြည့်နေစဉ် ဖုန်းမြည်လာသည်။ ကမန်းကတန်း နားထောင်လိုက်၏။

'ဦးအောင်ထက်ပိုင်'

'ဟုတ်ကဲ့ ပြောပါ'

'ခင်ဗျား ရှေ့တည့်တည့်မှာ ဆလွန်းကား အနက်တစ်စီးတွေ့လား'

'ဟုတ်ကဲ့'

'နံပါတ် ၁က/----'

'တွေ့ပြီ'

'အဲဒီ ကားနောက်လိုက်ခဲ့'

ဖုန်းအဆက်အသွယ် ပြတ်သွားပြန်၏။ ကားစက်ပြန်နှိုးစဉ် ပန်းသည်ကောင်လေးတစ်ယောက် ပန်းလာရောင်းသည်။ ဦးအောင်ထက်ပိုင် ရုတ်တရက် အကြံရကာ ပန်းတစ်စည်းယူ၍ ပန်းဖိုးငွေနှင့် အတူ အသင့်ရေးလာသည့် စာတစ်စောင်ပါ ရောပေးရင်း...

'ကောင်လေး... ဒီစာကို ရဲစခန်းအရောက် ပို့ပေးပါနော်'

'ဗျာ... ဟုတ်... ဟုတ်ကဲ့'

သိပ်အချိန်မဆွဲရဲဘဲ ရှေ့က ကားနောက်သို့ မောင်းလိုက်သွား၏။ လမ်းမကြီးအတိုင်း အတော်ကြာမောင်းလာခဲ့ပြီး စစ်ဆေးရေးဂိတ်တစ်ခုတွင် တန်းစီရသည်။ ဦးအောင်ထက်ပိုင်က နောက်စာတစ်စောင် ထပ်ထုတ်ပြီး ရှေ့က ကားနံပါတ်နှင့် မိမိကားနံပါတ်ပါ ထည့်ရေးလိုက်သည်။ အကြောင်းအရာက ရေးပြီးသား။


www.burmeseclassic.com

စာကို အသင့်ကိုင်ထား၏။ စစ်ဆေးမှုအပြီး ဂိတ်မှအထွက်တွင် စာကို မသိမသာ ပစ်ချထားခဲ့သည်။ နောက်ကြည့်မှန်မှ မြင်ကွင်းအရ တာဝန်ရှိသူတစ်ယောက် ကောက်ယူလိုက်တာ တွေ့ရ၍ သက်ပြင်းချမိ၏။

တဖြည်းဖြည်း ခရီးဆက်လာကြရာ လမ်းတံတားကြေးကောက်ခံသည့် စခန်းတစ်ခုသို့ ရောက်လာပြန်သည်။ ဦးအောင်ထက်ပိုင် စာတစ်စောင် ထပ်ထုတ်ပြန်၏။ လမ်းကြေးငွေနှင့်အတူ စာကိုပါ ပေးပြီး ရှေ့က ကားနောက် ဆက်လိုက်ခဲ့သည်။

လှည်းကူးကျော်တော့ လမ်းသွယ်ထဲ ရှေ့ကကား ချိုးကွေ့သွားသည်။ ဦးအောင်ထက်ပိုင်က မြေလမ်းပေါ် ကားဘီးရာ ထင်ထင်ရှားရှား ကျန်ခဲ့စေရန် အရှိန်နှင့်မောင်းပြီး ရုတ်တရက် ဘရိတ်မေး၍ ချိုးကွေ့လိုက်သည်။ သူတတ်နိုင်သမျှတော့ လုပ်ခဲ့ပြီးပြီ။

ရဲအဖွဲ့ သဲလွန်စများရပြီး လိုက်လာနိုင်ပါစေဟုသာ ဆုတောင်းရတော့သည်။ ရှေ့က ကားက တောထဲတောင်ထဲ ဦးတည်နေပြီမို့ တဖြည်းဖြည်း နီးလာပြီဟု စိတ်ထဲသိနေ၏။ သိပ်မကြာခင်မှာပင် ရှေ့ကကား ရပ်သွားသည်။

ကားပေါ်မှ ဦးထုပ်ဆောင်း၊ မျက်မှန်နက်တပ်ထားသူတစ်ယောက် ဆင်းလာပြီး သူ့ကို လိုက်လာခဲ့ရန် အချက်ပြသည်။ ဦးအောင်ထက်ပိုင် ငွေသေတ္တာကို ဆွဲပြီး ထိုလူ့နောက် လိုက်သွားခဲ့၏။

လယ်ကန်သင်းနှင့် ရိုးပြတ်တောကို ဖြတ်ကျော်ပြီးနောက် ခပ်လှမ်းလှမ်းတွင် ကောက်ရိုးပုံနှင့် သစ်သားအိမ်တစ်လုံးကို တွေ့ရသည်။ ထိုအိမ်ထဲမှာ ဇော်ရဲပိုင် ရှိရမည်ဟု ဦးအောင်ထက်ပိုင် မှန်းကြည့်လိုက်၏။ အိမ်နားရောက်တော့ ရပ်ဖျက်ထားသူက ငွေသေတ္တာကို လက်ကမ်းသည်။ ဦးအောင်ထက်ပိုင် လှမ်းပေးလိုက်၏။ ထိုလူ ငွေသေတ္တာကို ဖွင့်ကာ စစ်ဆေးကြည့်နေသည်။

အတန်ကြာမှ ကျေနပ်သွားဟန်နှင့် သေတ္တာကို ပြန်ပိတ်ပြီး





လေချွန်သံပေးလိုက်၏။ အိမ်တံခါးပွင့်သွားပြီး နောက်ထပ် ရုပ်ဖျက်ထားသူတစ်ယောက်နှင့် ဇော်ရဲပိုင် ထွက်လာတာ တွေ့ရသည်။ လက်ကို တုပ်နှောင်ပြီး ပါးစပ်ကို တိပ်ကပ်ခံထားရ၍ ဇော်ရဲပိုင် လမ်းလျှောက်ရုံသာ တတ်နိုင်၏။

'သား… ဇော်ရဲပိုင်'

'ဂူး… ဂူး ဟီး'

ဦးအောင်ထက်ပိုင် သားဆီသို့ ပြေးသွား၏။ ပါးစပ်မှ တိပ်ကို ခွာပေးလိုက်သည်။ ပြန်ပေးသမားနှစ်ယောက် ကားဆီပြေးရန် ဟန်ပြင်နေပြီ ထိုအခိုက် သေနတ်သံတစ်ချက် ကြားလိုက်ရ၏။ လှမ်းကြည့်တော့ အသံတိတ်ပြေးဝင်လာကြသည့် ရဲအဖွဲ့ဝင်များကို တွေ့ရသည်။ မိုးပေါ်ထောင် သေနတ်ပစ်ဖောက် သတိပေးခြင်း ဖြစ်တာ ဝမ်းသာဖွယ် တွေ့လိုက်ကြရ၏။

ရုတ်တရက် ပြန်ပေးတစ်ယောက်က နောက်ပြန်လှည့်ကာ ဇော်ရဲပိုင် လည်ပင်းသို့ ဓားမြှောင်နှင့် ထောက်ထားလိုက်သည်။

'ဟေ့ကောင်တွေ… လက်နက်ချ အားလုံးဝိုင်းထားပြီးပြီ၊ မင်းတို့ လွတ်လမ်းမရှိဘူး အဖမ်းခံပါ'

'အဖမ်းတော့ မခံဘူး၊ သူသေ ကိုယ်သေပဲဟေ့'

ပြန်ပေးလက်ထဲမှာ ဓားစာခံ ရှိနေ၍ ရဲအဖွဲ့ ခြေတုန့်သွားသည်။ ပြန်ပေးများက ဇော်ရဲပိုင်ကို အပီချုပ်၍ နောက်ဆုတ်ထွက်ခွာနေကြပြီ။ မြင့်မိုးတစ်ယောက် ယောက်ဖလောင်း လည်ပင်းကို ဓားတင်ရင်း ချွေးပြန်နေ၏။ လက်ထဲငွေသိန်းသုံးရာ ရောက်လာပြီမို့ ရတ္တီကို နှီးပြေးပြီး ထိုင်းဘက်ကမ်းသို့ ခြေရာဖျောက်မည့် စီမံကိန်းကြီးတော့ အပျက်မခံနိုင်။

ရဲကို ဘယ်သူ သကင်းပေးသလဲ ဆိုတာ သူစဉ်းစားမရ။ ဦးအောင်ထက်ပိုင် ဆိုသည့်လူကြီး ဉာဏ်များတာပင် ဖြစ်မည်။ ဒါဆို သူ့သားအသက်ကို နှုတ်ပေးလိုက်ရုံပဲပေါ့။ ဘေးကင်းရာအထိ အပါ


www.burmeseclassic.com

ခေါ်သွားပြီးမှ အပြတ်ရှင်းရန် ကြံစည်ပြီး နောက်ဆုတ်ပြေးထွက်သည်။

သားကို စိတ်ပူပြီး ဦးအောင်ထက်ပိုင် ပြေးလိုက်၏။ ရဲများလည်း တစ်လှမ်းချင်း ရှေ့တိုးလာကြပြီ။

'ရဲတွေ လိုက်မလာနဲ့၊ လိုက်လာရင် ဒီကောင့်ကို ချက်ချင်းသတ်လိုက်မှာ'

ပြန်ပေးသမား၏ ခြိမ်းခြောက်မှုကြောင့် ရဲများ ရှေ့ဆက်မတိုးကြတော့ ထိုစဉ် ပြန်ပေးသမားတို့နောက်မှ ရဲအဖွဲ့ဝင်ခြောက်ယောက် ရုတ်တရက် ပေါ်လာသည်။

'ဟေ့ကောင်... လက်မြှောက်'

ပြန်ပေးသမား အံ့အားသင့်ပြီး နောက်လှည့်ကြည့်စဉ် ဦးအောင်ထက်ပိုင်က ပြန်ပေးသမား ဗိုက်ကို ခေါင်းနှင့် ပြေးဆောင့်၏။ ပြန်ပေးသမား ဖင်ထိုင်ရက်လဲသွားခိုက် သားကို အဝေးသို့ တွန်းဖယ်လိုက်သည်။ ချောင်ပိတ်မိသွားသော ပြန်ပေးသမား၏ ဒေါသဓားချက်က ဦးအောင်ထက်ပိုင်၏ လက်ပြင်ဆီ စိုက်ကျသွား၏။ တစ်ချိန်တည်းမှာပင် အနားကပ်ပစ်လိုက်သော သေနတ်သံကို အထိတ်တလန့်ကြားလိုက်ကြရလေသည်။

❒ ❒ ❒



## ဇာတ်သိမ်း

ပန်းလှိုင်ဆေးရုံကြီး အထူးခန်းတစ်ခန်းတွင် ဦးအောင်ထက်ပိုင် သက်သောင့်သက်သာ နားနေရသည်။ ဓားဒဏ်ရာက သိပ်မနက်၍ အသက်အန္တရာယ် မရှိတာပင် ကံကောင်းလှပြီ။ ဦးအောင်ထက်ပိုင် အနားတွင် မိသားစု အစုံအညီရောက်ရှိနေ၏။

ဇော်ရဲပိုင်က အဖေ၏ စွန့်စားခန်းများကို ဖောက်သည်ချပြောပြနေသည်။ အားလုံး၏ မျက်နှာများက ရွှင်လန်းတက်ကြွနေကြ၏။ မေမေက...

'ကဲ... သား မင်းအဖေက မင်းကို မချစ်ဘူးဆို သက်သက်နှိမ်နေတာဆို အခုတော့ အဖေ့အသက်နဲ့ရင်းပြီး သားကို ကယ်ခဲ့တာ မျက်မြင်လက်တွေ့ပဲ မဟုတ်လား'

'ဟုတ်ပါတယ် မေမေ၊ ဖေဖေ့အပေါ် အထင်လွဲခဲ့သမျှ စိတ်နဲ့ ပြစ်မှားစော်ကားမိသမျှ လက်စုံမိုးပြီး တောင်းပန်ကန်တော့ပါရစေ ဖေဖေ'

ဇော်ရဲပိုင်၏ ရှိခိုးကန်တော့ တောင်းပန်မှုကို ကြည်နူးစွာခံယူရင်း...

'အင်း... သိန်းသုံးရာတန်တဲ့ ငါ့သား အိမ်မှာပဲ ပြန်လာနေပါတော့ကွာ၊ မင်း ဘွဲ့ယူတဲ့နေ့ ငါ ရှိုးနဲ့ မိုးနဲ့အတူ ဓာတ်ပုံရိုက်ချင်သေးလို့ပါ'



www.burmeseclassic.com

'ဟုတ်… ဟုတ်ကဲ့ပါ ဖေဖေ'

မျက်ရည်ဝဲ၍ ကြည်နူးစွာ ကတိပေးလိုက်သည့် ဇော်ရဲပိုင်ကို မေမေက ထူ၍ ထွေးပွေ့ထား၏။ ယောက်ဖက ဖေဖေ့ဒဏ်ရာကို ထပ်ကြည့်ပေးသည်။ မမကလည်း သူ့ကို လာဖက်ထား၏။ ခုတော့လည်း မိသားစုနွေးထွေးစွာ ပြန်လည်ပေါင်းစည်းမှုက ကြည်နူးစရာ ဖြစ်နေတော့သည်။

❒ ❒ ❒

ခြံထဲဝင်လာကြသည့် ဇော်ရဲပိုင်နှင့် မေသက်ပိုင်ကို တွေ့တော့ နန်းမြင့် အိမ်ပေါ်တက်ပြေး၏။ အစ်ကိုဖြစ်သူ၏ လုပ်ရပ်ကြောင့် အရှပ်ထဲလည်း မျက်နှာမပြရဲ၊ ကုမ္ပဏီသို့လည်း အလုပ်မဆင်းရဲဘဲနှင့် ရှောင်ပုန်းနေကာမှ ဇော်ရဲပိုင်တို့က အိမ်သို့ လိုက်လာကြပြန်သည်။

မေသက်ပိုင်တို့ အိမ်ပေါ်တက်လာတော့ နန်းမြင့်တို့ အမေကို ငူငူငိုင်ငိုင် ထိုင်နေတာ တွေ့ရသည်။

'ဒေါ်ဒေါ်… ကျွန်တော် ဇော်ရဲပိုင်ပါ ခင်ဗျာ၊ နန်းမြင့်ဘုံနဲ့ တွေ့ပါရစေ'

ဇော်ရဲပိုင်နာမည် ကြားလိုက်သည်နှင့် ဒေါ်ဒေါ်တုန်တက်သွားသည်။ သားက ပြန်ပေးဆွဲခဲ့သည့် သူငယ်လေးကိုး။ သားမိုက်ကတော့ အခင်းဖြစ်နေရာမှာပင် ဘဝပြောင်းသွားခဲ့ပြီ ဖြစ်သည်။ ဒီသူငယ် ဘာလာလုပ်ပါလိမ့်ဟု တွေးနေစဉ်မှာပင်…

'ကျွန်တော်က ဒေါ်ဒေါ့်သမီးရဲ့ ချစ်သူပါ၊ ဘာတွေ ဘယ်လိုပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ နန်းကို ကျွန်တော် မေတ္တာမပျက်ပါဘူး၊ လက်ထပ်ယူဖို့ ဆုံးဖြတ်ပြီး နားဖောက်ဖို့ လာခဲ့တာပါ'

'ဟင်'

'မိဘတွေတော့ ခေါ်မလာသေးပါဘူး၊ ဒါပေမဲ့ အစ်မပါလာပါတယ် ဒေါ်ဒေါ်'





'သူနာပြုဆရာမကြီးကို ဒေါ်ဒေါ် သိပါတယ်ကွယ်'

'ဟုတ်ကဲ့ ကျွန်မ မိဘတွေကလည်း ဖြစ်ခဲ့တာတွေကို မေ့ပစ်ပြီး မောင်လေးရဲ့ ဆန္ဒအတိုင်း လိုက်လျောသဘောတူခဲ့ကြပါတယ်၊ အဲဒါကြောင့် ကျွန်မတို့ လာခဲ့ကြတာပါ၊ သား ဆုံးခဲ့ရတဲ့ ဒေါ်ဒေါ်ရဲ့ သောကကိုလည်း နားလည်သဘောပေါက်ပြီး သားအစား ပြန်ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ ဒေါ်ဒေါ်'

'တကယ်… တကယ်လား ကလေးမရယ်'

'တကယ်ပြောတာပါ ဒေါ်ဒေါ်၊ညီမလေးကို ခေါ်လိုက်ပါဦး'

ဒေါ်ဒေါ် သုတ်ကနဲ ထ၍ အိမ်ထဲဝင်သွား၏။ တော်တော်ကြီးကြာမှ နန်းကို အတင်းဆွဲပြီး ပြန်ထွက်လာသည်။ ဇော်ရဲပိုင် နန်းကို မြင်ရတော့ ဝမ်းနည်းသွား၏။

'ပိန်သွားလိုက်တာ နန်းရယ်'

'ဟုတ်ပ ညီမလေးရယ်၊ တော်တော်စိတ်အားငယ်နေပုံရတယ်၊ ဘာမှပူမနေပါနဲ့ကွယ်၊ ညီမလေးကို မောင်လေးနဲ့ မဖြစ်မနေ လက်ထပ်ပေးမှာပါ'

'ဟင့်အင်း… ဟင့်အင်း ကျွန်မ လက်မခံဘူး၊ ကျွန်မ ဘယ်လိုမျက်နှာနဲ့ ဒီကိစ္စကို လက်ခံရမှာလဲ မဖြစ်ပါဘူး'

'နန်းရယ်… ကိုမြင့်မိုးလည်း သူ့လုပ်ရပ်အတွက် အကျေအလည် ပြန်ပေးဆပ်သွားခဲ့တာပဲ မဟုတ်လား၊ အားလုံးက ခွင့်လွှတ်ကြပါတယ်၊ ပြီးတော့ ကိုယ့်ကို တန်ဘိုးရှိတဲ့ လူတစ်ယောက်အဖြစ် ထိန်းကြောင်းနိုင်ခဲ့တဲ့အတွက် မေမေတို့က နန်းကို ကျေးဇူးဆပ်ချင်နေကြတာပါ'

နန်းမြင့် ဘာစကားမှ မပြောတော့၊ မမက…

'ဒေါ်ဒေါ်… ကျွန်မအိမ် လိုက်ခဲ့ပါလား၊ ကျွန်မတို့ လူကြီးချင်း ဆွေးနွေးသလို သူတို့လည်း လွတ်လွတ်လပ်လပ် ဆွေးနွေးပါစေနော်'

မမက ဒေါ်ဒေါ့ကို အပါခေါ်သွား၏။ အိမ်ထဲတွင် ဇော်ရဲပိုင်နှင့် နန်းမြင့်ဘုံတို့သာ ကျန်နေခဲ့သည်။ နန်းမြင့်ဘုံ၏ ပခုံးနှစ်ဖက်ကို ဇော်ရဲပိုင် ဆုပ်ကိုင်လိုက်၏။ နန်းက မျက်ရည်တို့ ပြည့်လျှမ်းနေသော မျက်ဝန်းများနှင့် မော့ကြည့်သည်။

'နန်း… ကိုယ့်ရင်ခွင်ထဲ ခိုဝင်ပြီး အနားယူလိုက်ပါတော့နော်၊ ကိုယ်တောင်းပန်ပါတယ် နန်းရယ်၊ နန်းမရှိဘဲ ကိုယ်လည်း ဘယ်လိုမှ ရပ်တည်နိုင်မှာ မဟုတ်လို့ပါ'

'ရှင်ရယ်… ရှင် ကျွန်မကို အဲသလောက်တောင် ချစ်သလား'

'အဲဒါထက် ပိုသေးတယ် နန်း၊ နန်းယုံအောင် ကိုယ်ဘယ်လို သက်သေပြရမလဲဟင်'

'သက်သေပြစရာ မလိုတော့ပါဘူးရှင်၊ အဖြစ်ဆိုးတွေ ကြုံခဲ့တာတောင်မှ နန်းဆီ လိုက်လာခဲ့တာ မြင်ရရုံနဲ့ လုံလောက်နေပါပြီ'

'ဒါ… ဒါဆို ကိုယ်နဲ့ လက်တွဲမယ်ပေါ့ ဟုတ်လား နန်း'

'တစ်သက်မခွဲဘူးလို့ ဆုံးဖြတ်လိုက်တာပါ ရှင်'

'နန်းရယ်'

ဇော်ရဲပိုင်က နန်းကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။ သူ့ပခုံးစွန်းတွင် မှီနားနေသော နန်းထံမှ တသိမ့်သိမ့် ရှိုက်သံထွက်လာသည်။ ဇော်ရဲပိုင်က နန်း၏ ကျောကိုသပ်၍ ချော့မြူလိုက်၏။

သူ့ပခုံးတွင် နန်း၏ မျက်ရည်တို့နှင့် စိုစွတ်စွန်းထင်းနေခဲ့ပြီ။ ဒါ နန်းကျရသည့် နောက်ဆုံးမျက်ရည်များသာ ဖြစ်ရမည်ဟု သူ ဆုံးဖြတ်လိုက်၏။

ပန်းတို့အပေါ် ပျား၊ ပိတုန်း၊ လိပ်ပြာတို့ နားခိုနေသလို သိင်္ဂါရ ပန်းသီးပေါ်တွင် အကြင်နာတရားတို့ ခိုနားနေခဲ့ပြီ။

ချစ်မျှားရှင်



www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ဒါဆိုရင်လည်း

ပြီးရော



www.burmeseclassic.com